www.burmeseclassic.com

TWO CATS PUBLICATION

# ပဂနော်ဟာရို

## ရပ်တုံ့နေသောဝင်လယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

[ ၁ ]

## SORROW
**(9 of Sword)**





( ၁ )

အခန်းတံခါးကို အသာတွန်းဖွင့်သွားတော့ အရာအားလုံးသည် ခြေရာလက်ရာမပျက်။

မေမေရှိစဉ်ကတိုင်း အခန်းလေးက ပရုပ်လုံးနံ့လေးခပ်သင်းသင်းရနေဆဲ။ မေမေက အဝတ်အစားဘီရိုထဲသာမက စာအုပ်စင်ပေါ်က စာအုပ်တွေကြားထဲပါ ပရုပ်လုံးတွေထည့်ထားတတ်သူ ဖြစ်သည်။

အမြဲတစေ .သပ်ရပ်သန့်ရှင်းနေတတ်သော အိပ်ရာလေးကလည်း အရင်အတိုင်း၊ ခြေပစ်လက်ပစ်နှင့် မေမေ့ကုတင်ပေါ် ပစ်လှဲပစ်လိုက်သည်။ မေမေသာသိလျှင် 'အိပ်ရာတွေတော့ ကြေကုန်ပါပြီတော်' လို့ အရယ်တစ်ဝက်နှင့် အော်ပေလိမ့်မည်။ 'အဲဒီအသံကို သား အခုကြားချင်လိုက်တာမေမေ'။

မျက်ရည်စတွေကို အောင်မြေ မသုတ်မိ။ ဝေဝါးနေသော အကြည့်တွေထဲ မေမေ ရုတ်တရက်များ ပြန်ဝင်လာဦးမလားဟု ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေလည်း တွေးနေမိပြန်သည်။

အခန်းထောင့်က မေမေ မီးပူတိုက်တတ်သော စားပွဲပေါ်မှာတော့ အဝတ်ဖြူညပ်စများ။ 'သားအတွက် ဂျူတီကုတ်ချုပ်နေတာ' ဟု မေမေပြောသွားခဲ့တာ မနေ့တစ်နေ့ကမှ။ ခုလိုသာ ရုတ်တရက်ကြီး သားကို ထားသွားရမယ်ဆိုတာသိခဲ့ရင် မေမေ ဒီအင်္ကျီလေးကို အရင် လက်စသပ်သွားခဲ့မှာပဲထင်သည်။ လောကရဲ့ အစိုးမရမှုတွေကို သိသိကြီးနှင့် လက်မခံနိုင်တတ်ကြတာလည်း အောင်မြေတစ်ယောက်တည်းတော့ ဟုတ်လိမ့်မည်မထင်။ ဆိုင်းမပါဗုံမဆင့် ချီးကွေ့ချလာတတ်တဲ့ ကံကြမ္မာတွေဟာ အောင်မြေအတွက်တော့ အမြဲတမ်း အဆိုးတွေချည်းသာ။ ဒါ ဒုတိယအကွေ့တစ်ခုပေါ့။

ပထမအကွေ့တစ်ခုတုန်းကလည်း အတုန်တုန်အလှုပ်လှုပ်။ အယိုင်ယိုင်အနဲ့နဲ့နှင့် ဖြစ်ခဲ့ရသေးသည်။ သို့သော် ဖေဖေမရှိတော့ပေမယ့် မေမေက သူ့လက်ကိုတင်းတင်းဆုပ်ထားခဲ့သေးသည်။ မေမေ့ရင်ခွင်က သူ့ကို ပိုပြီးနွေးထွေးအောင် ထားခဲ့နိုင်သေးသည်။

ခုတော့. . . ရင်ခွင်မဲ့။

ဆုပ်ကိုင်ထားခဲ့သော လက်ချောင်းများလည်း ပြေလျော့ပျောက်ဆုံးသွားခဲ့ရပြီ။ ကံကြမ္မာ သူ့ကို ဘယ်လိုအလိုရှိပါသနည်း။

အော်ဟစ် ပေါက်ကွဲပစ်လိုက်ရမည့်အရွယ် မဟုတ်၍သာ အောင်မြေ တည်ငြိမ်အောင် ကြိုးစားနေခဲ့ခြင်းဖြစ်သည်။ ရင်ထဲမှာတော့ ဗလောင်ဆူလို့။

ဒီနေ့ မေမေ့ကိုသံဂြိုဟ်ခဲ့ရသည်။ မနေ့ကမနက်က သူ ကျောင်းမသွားခင်ထိ မေမေက သူ့ကို ခေါင်းဖြီးပေး၊ အင်္ကျီထုတ်ပေးနှင့် လုပ်ပေးနေခဲ့သေးသည်။ ထမင်းဗူးလေးကလည်း အဆင်သင့်။ သူ ကျောင်းက ပြန်လာတော့ မေမေမရှိတော့။ ရုတ်တရက် ထွက်ခွာသွားခဲ့ပြီ။ ရုတ်တရက်မှ တကယ့်ကို ရုတ်တရက်ပါပဲ။ မေမေ့မှာ ဒီလို ဖြုတ်ကနဲထွက်သွားရနိုင်





သော ရောဂါမျိုးရှိနေခဲ့သည်ကို သူ ဘာလို့ မသိခဲ့ရတာတဲ့လဲ။ မေမေကိုယ်တိုင်ကလည်း သူမကိုယ်သူမ သိခဲ့လိမ့်မည်မထင်။

နောက်ဆုံးတော့ ချက်ချင်းသဂြိုဟ်လိုက်ဖို့ အောင်မြေ ဆုံးဖြတ်လိုက်သည်။ သူ့မှာ ကူညီမည့်သူဆို၍လည်း သူငယ်ချင်းလေးယောက်နှင့် သူငယ်ချင်းတွေ၏မိဘများသာ ရှိသည်။ တံခွန့် အဖေနှင့်အမေက အစစအရာရာ စီစဉ်ပေးသည်။

ကျော်ကြား အမေကတော့ တစ်ခါမှ သူနှင့် မခွဲဖူးသောသားကို အောင်မြေနှင့် အခိုက်အတန့်အားဖြင့်လာနေစေဖို့ အစစစီစဉ်ပေးခဲ့သည်။

နီ နှင့် ဖြူ တို့၏မိဘတွေကလည်း သူ ဘာမှလှည့်ကြည့်စရာမလိုအောင် အကုန် ဖြည့်ဆည်းပေးခဲ့သည်ပဲ။

ရုတ်ချည်းတိတ်ဆိတ်သွားသော အိမ်ကလေးသည် ဘာသံမှ မကြားရ။ ကျော်ကြား နှင့် တံခွန်တို့ ပစ္စည်းတွေနေရာချနေသံလောက်ပဲ တစ်ချက်တစ်ချက်ကြားနေရသည်။

တစ်ချိန်ကတော့ ဒီအိမ်လေးထဲမှာပဲ (သားအမိနှစ်ဦးတည်းရှိသည့်တိုင်) စကားသံ၊ သီချင်းသံ၊ စာဖတ်သံတွေနှင့် စိုပြေနေခဲ့ဖူးသည်။ ခုတော့ အရာအားလုံးသည် မေမေနှင့်အတူ လိုက်ပါသွားသလို တိတ်ဆိတ်လို့၊ ငြိမ်သက်လို့။

အောင်မြေ မျက်လုံးအစုံကို ခပ်တင်းတင်း ပိတ်ပစ်လိုက်သည်။ ဖိတ်လျှံလျှောဆင်းသွားသော မျက်ရည်စတို့က ပါးပြင်ပေါ်ဖြတ်စီးသွား၏။ တစ်စက်ပြီးတစ်စက် မဆုံးတော့။

ပါးပြင်ပေါ် ရေမွှေးနံ့သင်းသော တစ်ရှုးစလေးတစ်စလာထိမှ အသိဝင်လာရတော့သည်။

"နီ"

ကဗျာကယာ ကုတင်ပေါ်မှ ထထိုင်လိုက်မိသည်။ နီ့မျက်ဝန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တွေမှာလည်း မျက်ရည်တွေစိုလို့။

"နင်. . . ဘယ်တုန်းကရောက်လာတာလဲ"

"ခုပဲလေ"

အောင်မြေ သူ့ဘေးနားလာထိုင်နေသော နီ့ကိုကြည့်ကာ ပြုံးပြဖို့ ကြိုးစားကြည့်သည်။ မအောင်မြင်ပါ။

"ငါ. . . မေမေ့ကို. . ."

သတိရနေတာလား၊ လွမ်းနေတာလား၊ တမ်းတမိနေတာလား။ အားလုံးလည်း ဖြစ်နိုင်သည်ပဲ။

နီက 'မပြောနဲ့. . . ငါသိတယ်' ဟူသော မျက်ဝန်းများနှင့် သူ့ကို နှစ်သိမ့်သည်။

နီ့မျက်ဝန်းများက အမြဲတမ်းစကားပြောနေတတ်သော မျက်ဝန်းများ။ ခု. . . ထိုမျက်ဝန်းများမှာလည်း မျက်ရည်စတို့ စွတ်စိုနေသည်။

"နင်. . . နားရင်နားနေလေ၊ ငါနဲ့ဖြူ ညစာလုပ်ပေးမလို့၊ နင်တို့ သုံးယောက်အတွက် ငါ အိမ်က ငါးဖယ်ဟင်းယူလာတယ်၊ ခု ဒီမှာ ဖြူက အသုတ်ကလေးတစ်ခုလုပ်ပေးမလို့ လုပ်နေတယ်၊ ငါ သွားကူ လိုက်ဦး မယ်"

နီက ပြောပြောဆိုဆို ထိုင်ရာမှထသည်။

"ငါလည်း လာကူမယ်လေ"

"ရပါတယ်ဟာ၊ ငါတို့လုပ်ပါ့မယ်၊ ငါတို့လည်း ဒီည ဒီမှာအိပ်မှာ"

နီ့စကားကြောင့် အရမ်းအံ့ဩသွားရသလို စိတ်ထဲလည်း အနည်းငယ် သက်တောင့်သက်သာဖြစ်သွားသလို ခံစားလိုက်ရသည်။

"ဖြစ်ရဲ့လား. . . နီ"

"ဖြစ်ပါတယ်ဟဲ့၊ ဖြူ့မေမေကပြောတော့ ရက်လည်ထိနေပေးရ





မှာတဲ့"

"ဟုတ်လား. . . ဘာလို့လဲ"

"ငါလည်းမသိဘူး၊ ငါတို့က မနေ့ညက ဒီမှာအိပ်လိုက်တာကိုး၊ အဲလို လာကူအိပ်ပေးတဲ့သူတွေက ရက်လည်တဲ့ထိ နေပေးရတယ်ဆို လားပဲ၊ ငါလည်း နားမလည်ပါဘူး"

အောင်မြေလည်း နားမလည်ပါ။ ဟုတ်မဟုတ်လည်းမသိပါ။ ဖြူ့ မေမေက တမင်သက်သက် ကူညီပေးတာလည်းဖြစ်နိုင်သည်ပဲ။ ပြီးတော့ ဒီလူနှင့်ဒီလူတွေက အားလုံး မိသားစုတွေလို ဖြစ်နေခဲ့ကြဖူး သည်လေ။ ဟိုး. . . ကိုးတန်းဆယ်တန်းကာလဆီကလည်းကပေါ့။ စာသင်ဝိုင်းတွေ အားလုံးကို လူနည်းပြီး နေရာရှိသော အောင်မြေ တို့အိမ်မှာ လုပ်ဖြစ်ခဲ့ကြသည်မို့ အားလုံးက ဝင်ထွက်နေပြီး မိဘများ လည်း အချင်းချင်း ခင်မင်နေခဲ့ကြသည်လေ။ ခုလို တစ်နေရာစီနှင့် မတွေ့ဖြစ်တာ နှစ်ကြာသွားသည့်တိုင် သံယောဇဉ်တွေကတော့ ခုထိ ပျက်ပြယ်မသွား။

မီးဖိုချောင်ထဲရောက်တော့ 'ဖြူ'က ခရမ်းချဉ်သီးတွေလှီးနေ သည်။

"ခရမ်းချဉ်သီးသုတ်မလို့လား"

"အင်း. . . ဟိုနှစ်ကောင် ပစ္စည်းတွေချတာရော ပြီးပြီလား"

"ပြီးလောက်ပါပြီ"

နီက ဖြေသည်။

"ပုဇွန်ခြောက်ထောင်းပေး. . . နီ"

ဖြူက ပုဇွန်ခြောက်ပုလင်းကိုယူပြီး နီ့ကိုကမ်းပေးသည်။ နီက လှမ်းယူရင်း. . . 'အောင်မြေက ပုဇွန်ခြောက်များများမှကြိုက်တာ. . . တဲ့' ဟု ပြောသည်။

ပြောပြီးမှ အမှားတစ်ခုကျူးလွန်မိသူလို ချက်ချင်း အသံတိတ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

ဒါ. . . မေမေက သူတို့ကိုပြောပြနေကျစကား။ ဒီအချိန်မှာ အောင်မြေ့ကို သတိရမှုတွေပိုသွားမှာစိုးလို့ ဖြစ်လိမ့်မယ်ထင်သည်။ သိပ်တော့မထူးလှပါ။ တကယ့်ကို စက္ကန့်မလပ် မေမေ့ကို တမ်းတနေမိသည်ပဲ။ ထိမိသမျှပစ္စည်း၊ မြင်မိသမျှအရာ၊ ပြောမိသည့်စကားလုံး အရာအားလုံးသည် မေမေနှင့်ကင်းလွတ်နေသည်ဟူ၍မှ မရှိပဲ။

မေမေများ ရုတ်တရက် အခန်းထဲကထွက်လာလေမလား၊ ရေချိုးခန်းထဲကများ မေမေ့အသံကြားရမလား. . . မေမေ့အရိပ်များ တွေ့ရလေမလားနှင့်တောင် မျှော်လင့်နေမိသေးသည်လေ။

စိတ်ဆိုတာလည်းခက်သားပင်။ အသိကအသိ။ သတိကသတိပင်။ အသိရှိပေမယ့် သတိတရားကတော့လွတ်နေဆဲ။ အိပ်မက်တစ်ခုမက်ခဲ့တာမျိုး ဖြစ်စေချင်နေသည့်အတွေးများပင် ရှိနေခဲ့သည်။

မေမေ့လက်ရာနှင့် အတော်ကြီးနီးစပ်သော ခရမ်းချဉ်သီးသုတ်နှင့် ခါတိုင်း တခုတ်တရသွားသွားစားတတ်သည့် နို့မေမေ၏ ငါးဖယ်ဟင်းတို့ပါလျက်က ထိုညထမင်းဝိုင်းသည် ဘယ်သူမှ စားမမြိန်သောထမင်းဝိုင်း ဖြစ်ခဲ့ရသည်။

တာဝန်နှင့်ဝတ္တရားတစ်ခုကို ထမ်းဆောင်လိုက်သလို တို့ကနန်းဆိတ်ကနန်းစားသောက်ရင်း ခြောက်ကပ်ကပ်နှင့်ပြီးဆုံးသွားသော သူတို့ငါးယောက်၏ထမင်းဝိုင်းသည် ဒါ ပထမဆုံးဖြစ်လိမ့်မည်ထင်သည်။

တစ်ချိန်ကတော့အော်ဟစ် တွန်းထိုး ရန်ဖြစ် ဆူညံကာ လုယက် နေခဲ့ကြသော ထမင်းဝိုင်းလေးတွေ ဒီအိမ် ဒီစားပွဲမှာပဲ ရှိခဲ့ဖူးလေသည်။

အရာအားလုံးသည် မတည်မြဲခြင်းကို ပြဆိုနေသည့်နှယ်။

■





[ ၂ ]

## PARTICIPATION

**(4 of pentacles)**



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

မဖြေမဖြစ်သောစာမေးပွဲတစ်ခုကို သူငယ်ချင်းများအကူအညီနှင့် အောင်မြေ သွားဖြေဖြစ်ခဲ့၏။ ရက်လည်ရက်နှစ်ရက်ပင်လိုနေသေးသောအချိန်တွင် အောင်မြေ ဘာကိုမှစိတ်မဝင်စားနိုင်ပါ။ သို့သော် ဘဝသည် ဘဝသာဖြစ်သည်။ ဒီလိုစာမေးပွဲသေးသေးလေးတွေကလည်း အကျခံလို့မှမဖြစ်ဘဲ။ အထူးသဖြင့် အောင်မြေ့လိုလူပေါ့။

စာမေးပွဲဖြေပြီးတန်းပြန်လာတော့ အိမ်ရှေ့မှာ ဖြူ နှင့် နီ တို့ စာထိုင်ဖတ်နေကြသည်။

"နီ. . . နင် ဘာမှမရှိလို့လား"

"ဟင်းအင်း၊ ဘာမှမလုပ်တာ၊ ငါ အကုန်နားထားတယ်"

နီက စာအုပ်ကိုဘေးချရင်း ပြုံးရွှင်စွာဆိုသည်။ ကျော်ကြားက စိုးရိမ်သံနှင့် . . .

"ဖြစ်ရဲ့လားဟာ"

"ဖြစ်ပါတယ်ဟ"





ဖြူကတော့ ကျော်ကြားကို အမြင်ကပ်သလိုကြည့်ကာဆိုသည်။

"သူ့ဇာတ်သူနိုင်တယ်၊ နင်ပူမနေနဲ့"

ကျော်ကြားကလည်း မခံပါ။

"ပူရတယ်၊ နင့်လိုမှမဟုတ်တာ၊ နင်က အိမ်ထထိုင်ပြီးရေးနေလည်း အဆင်ပြေနေတာ"

"ဟိုကလည်း သူ့ရိုက်ချင်လို့ကိုရိုက်မှာ၊ မရိုက်ချင်မရိုက်ဘူး၊ ရက်ရွှေ့ပေးဆိုလည်း ပေးရတာပဲ၊ ခုက သူ့ခေတ်၊ မေသံလွင်နီ ခေတ်၊ နင် ပူမနေနဲ့၊ ကြိုးနဲ့ဆွဲချတောင် မကျသေးဘူး"

ဖြူ့စကားကြောင့် နီက သဘောကျစွာရယ်သည်။ နီက တကယ့်ကို နာမည်ကြီးမင်းသမီး။ သူတို့တွေနှင့်သာ နီက တကယ့်အပြစ်ကင်းသည့် သူငယ်ချင်းမလေး။

ဖြူကလည်း နာမည်ရနေသော စာရေးဆရာမလေး။ ဒီသူငယ်ချင်းနှစ်ယောက်လုံးက ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်ပါလျက်နှင့် ကိုယ်လုပ်ချင်ရာလမ်းကို ဖြောင့်နေအောင် ဘာမှနောက်ဆံမတင်းပဲ လျှောက်သွားကြသူများဖြစ်သည်။

ခုတော့လည်း သူတို့သုံးယောက်လုံး ကျောင်းသားကြီးတွေလုပ်နေဆဲမှာပင် သူတို့နှစ်ယောက်က နာမည်တစ်ခုစီနှင့် အောင်မြင်စွာ ရပ် တည်လို့။

"ဘာစားစရာရှိလဲ ဖြူ၊ ငါတို့ ဒီတိုင်းပြန်ချလာတာ၊ ဗိုက်ဆာတယ်"

တံခွန်က အဝတ်အစားလဲပြီး ပြန်ထွက်လာရင်းမေးသည်။

ဖြူက စာအုပ်ကို ဘေးသို့ချလိုက်ပြီး ထိုင်ရာကထသည်။

"ငါတို့လည်း မစားသေးပဲစောင့်နေတာပါ၊ လာ ထမင်းစားမယ်"

ထမင်းစားပါမယ်ဆိုမှ ကျော်ကြားက ကွန့်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းလဲ. . . မနေ့ကကျန်တဲ့ဟင်းလား" တဲ့။

ဖြူကတော့ သူ့ကို အဖက်လုပ်ဖြေမနေတော့။ မီးဖိုခန်းထဲဝင်သွားရင်း အသင့်ပြင်ထားသော ထမင်းဝိုင်းကို အုပ်ဆောင်းလှပ်လိုက်သည်။

"ကြီးကြီးကျယ်ကျယ်တွေပြောမနေနဲ့၊ နောက်မှ ဘယ်လိုစားရမလဲ. . . လာကြည့်ပါဦးမယ်"

ဟုတ်တော့ဟုတ်သည်။ အဆင်သင့်ချက်ပြုတ်ထားတာတောင်မှ အချိန်မရှိလျှင်မရှိသလို စားချိန်မမှန်တတ်ရသည့်အထဲ။ ခုလို ဂရုတစိုက် ကျွေးမည့် မေမေမရှိတော့ သူတို့ တော်တော်ဒုက္ခရောက်နိုင်တာကို တွေးမိသွားသည်။

ကိုယ့်ဟာနှင့်ကိုယ် အေးအေးနေနိုင်ပါလျက်နှင့် သူနှင့်အတူ ဒုက္ခလာခံပေးရမည့် သူငယ်ချင်းတွေကိုလည်း အားနာသွားသည်။

"ဟုတ်တယ်. . . ကျော်ကြား မင်းတို့ စားရသောက်ရတာ အရင်လို အဆင်ပြေမှာမဟုတ်ဘူး၊ အဆင်မပြေရင် အိမ်ပြန်နေကြပါကွာ"

အောင်မြေ့စကားကြောင့် တံခွန်က . . .

"မဟုတ်တာပြောမနေနဲ့၊ ဆိုင်မှာစားလည်းရတယ်၊ ဖြစ်သလို ခေါက်ဆွဲပြုတ်သောက်လည်းရတယ်၊ အခြောက်အခြမ်းတွေဝယ်စားလည်းရတယ်၊ သူတို့လည်း ငါတို့ကို ပစ်ထားမှာမဟုတ်ပါဘူး၊ လာလာပို့မှာပါ. . . နော့"

"ဒါပေါ့"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ဖြူနှင့်နီကလည်း တံခွန်ကို အားတတ်သရောထောက်ခံသည်။ ကျော်ကြားကလည်း လေပြေကလေးနှင့် ပြောသည်။

"ဖြူ့ကို ရစ်ချင်လို့ရစ်တာပါကွာ၊ ငါတို့ ဖြစ်သလိုစားလည်းရတာပဲ၊ ငါက လွှက်သုတ်လောက်နဲ့တောင် စားတတ်တယ်"

ဒီလိုကျတော့လည်း အောင်မြေ သူငယ်ချင်းတွေကို ကျေးဇူးတင်ရသည်။ ဒီအချိန်မှာ စားရေးသောက်ရေးထက်ပိုပြီး ပူပင်စရာက အောင်မြေ့မှာရှိနေသည်လေ။

မေမေမရှိတော့သည့်အတွက် မေမေ့ဝင်ငွေလည်းမရှိတော့။ သူ Guide လုပ်နေသော စာသင်ဝိုင်းနှစ်ဝိုင်း၏ ဝင်ငွေက သူ့ကို လုံလောက်အောင် ဘယ်လိုမှ အထောက်အကူမပြုနိုင်တာ သူ သိသည်။

အောင်မြေသာလက်ခံနိုင်မယ်ဆိုလျှင် စာကြည့်ဝိုင်းတွေထပ်ရနိုင်သော်လည်း ကျောင်းတက်ချိန်နှင့် စာကြည့်ချိန်နှင့် ဘယ်လိုမှမဖြစ်နိုင်။ သူ့ရှေ့ရေးသည် အတော်လေးပင်ပမ်းခက်ခဲတော့မည်ဆိုတာကိုလည်း တွေးမိသည်။ မေမေ့ဘဏ်စာရင်းစာအုပ်ထဲမှာတော့ ငွေ တော်တော်များများရှိနေတာကို သူ အံ့သြစွာတွေ့ခဲ့ရသည်။ သို့သော် ဒါတွေက သူ ဒီတိုင်း ထိုင်သုံးနေလို့မှမဖြစ်ဘဲ။ သူ ကျောင်းပြီးဖို့က နှစ်နှစ်ကျော်မက လိုနေသေးသည်။

တိတ်တိတ်ကလေးချမိသော သက်ပြင်းအဆုံးတွင် နီနှင့်အကြည့်ချင်းဆုံသည်။ နီက ပန်းကန်ထဲ ဘဲဥတစ်ခြမ်းခပ်ထည့်ပေးသည်။

"ရော့. . . စား၊ ဒါက ပုဇွန်ခြောက်နဲ့ အခြောက်နှပ်ထားတာ၊ ချဉ်ရည်ဟင်းနဲ့လိုက်တယ်"

ထူးထူးဆန်းဆန်း ဘဲဥပြုတ်ကို ထက်ခြမ်းခြမ်း ပြန်ကြော်ထားပြီး ကြက်သွန်နီကို ပုဇွန်ခြောက်နှင့်ရောတောင်းထားသည်များကို ငရုတ်သီးနှင့်ပြန်ရောနှပ်ထားသောဟင်း ဖြစ်သည်။

"နင်ချက်တာလား"

"အင်း. . . ချဉ်ရည်ဟင်းက ဖြူချက်တာ"

"နင်တို့လည်း ဒီမှာပဲလာနေပြီး ချက်ကျွေးမှာလား"






www.burmeseclassic.com

www.burmeseclassic.com



တံခွန်က ဖြူ့ကိုကြည့်ကာ စ,၏။ ဖြူက ခပ်တည်တည်နှင့် ပြန် မေးသည်။

"ဘယ်သူက ငါ့ကိုယူပြီး ဘယ်သူက နီ့ကိုယူမှာလဲ"

ဖြူ့မေးခွန်းကြောင့် အောင်မြေတို့သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။

"ဟင့်အင်း. . . ငါတို့ ကျောင်းမပြီးသေးဘူး"

ဒါက ကျော်ကြား၏အဖြေ။

"စိတ်နဲ့တောင် တစ်ခါမှ မပြစ်မှားကြည့်မိဘူး"

ဒါက တံခွန့်အဖြေ။

နှစ်ယောက်လုံး၏အကြည့်များက အောင်မြေ့ဆီရွေ့လာသည်။ အဲဒါမှ ပြဿနာ။ နောက်နေမှန်းသိသိကြီးနှင့် အဖြေရခက်နေသေးတာကိုလည်း ကိုယ့်ကိုယ်ကိုမကျေနပ်ချင်။

"ငါတစ်ယောက်တည်းကတော့ နင်တို့နှစ်ယောက်လုံးကို ယူလို့ မဖြစ်ဘူးဟ"

ဖြေမိဖြေရာဖြေချလိုက်မိတော့ လက်ချောင်းနှစ်ချောင်းက သူ့ခေါင်းဆီ ပြေးဝင်လာကြသည်။

"သေတော့မယ်"

"သူတောင်းစား"

ဒါက နီ့အကျင့်။ နီကရယ်ရသည်။ ငယ်ငယ်တည်းက မကျေနပ်တိုင်း ဒီစကားလုံးတစ်လုံးပဲပြောတတ်သူ။ ဘာအဓိပ္ပါယ်နှင့်မှမဟုတ်လည်း သူက ဒီစကားလုံးကို စိတ်တိုတိုင်းသုံးတတ်သည်။

"အေးပါဟာ. . . အဲလိုတောင်းပဲစားရမလား. . . စဉ်းစားနေတာ"

အမှတ်တမဲ့မို့ အောင်မြေကလည်း သူ့ရှေ့ရေးတွေးနေသည်နှင့် ရောကာ စိတ်ပျက်လက်ပျက် အတည်ပေါက်ကြီး ပြန်ညည်းလိုက်မိ





သည်။ အားလုံး စိတ်မကောင်းဖြစ်စွာ တိတ်သွားကြသည်။ သိပ်တော့ မတတ်နိုင် ပါ။ ဒီရက်ပိုင်းကတော့ ဒီလိုပဲ တိတ်ဆိတ်မှုတွေ၊ ဝမ်းနည်းမှုတွေ၊ သတိရမှုတွေနှင့်ချည်း ပက်ပင်းတိုးနေမည့်ကာလဖြစ်သည်ကို စိတ်ထဲက အလိုအလျောက်သိနေကြသည်။

"နင်. . . ဘယ်လိုလုပ်မယ်စဉ်းစားထားလဲ"

ဖြူက စိုးရိမ်တကြီးမေးသည်။

"ဘာလုပ်ရမလဲကို စဉ်းစားလို့မရသေးဘူး"

တံခွန်ကတော့ ဝင်ဟန့်သည်။

"စဉ်းစားမနေပါနဲ့ဟာ ငါတို့လည်းရှိတာပဲ၊ အဆင်ပြေသွားမှာပါ၊ မေမေကလည်း မေးနေသေးတယ်၊ လူကြီးတွေ တစ်ခုခုစီစဉ်မှာပါ"

"ဘယ်သူ့ကိုမှဒုက္ခမပေးချင်ပါဘူး၊ ခုကို တော်တော်ကျေးဇူးတင်နေပြီ"

အောင်မြေ့အသံက မလျှော့ချလိုက်ရပါပဲ အဖျားခတ်ကာ တိုးတိတ်သွားရသည်။

"ကဲကဲ. . . အစားကုန်အောင်စားရအောင်၊ စကားကို နောက်မှ ကုန်အောင်ပြော"

ဖြူက စားရေးဆရာမပီပီ အခန်းခွဲလိုက်သလို စကားကို လမ်းကြောင်းပေးလိုက်သော်လည်း ထိုထမင်းဝိုင်းသည် အရင်အရင်နေ့တွေက ထမင်းဝိုင်းတွေထက် ဘာမှ ထူးခြားတိုးတက်မလာခဲ့တာ အားလုံး သိနေသည်ပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

## WE ARE THE WORLD

(10 of pentacles)



( ၃ )

လူကြီးတွေဝိုင်းဝန်းစီစဉ်ပေးသော ရက်လည်နေ့သည် သေသေသပ်သပ်ကလေးနှင့် ပြီးဆုံးသွားခဲ့သည်။ မေမေ့မိတ်ဆွေအနည်းအကျဉ်း၊ အောင်မြေ့တပည့်လေးများနှင့် သူတို့မိဘတစ်ချို့၊ ကျောင်းမှသူငယ်ချင်းတစ်ချို့နှင့် ဆရာ၊ ဆရာမတစ်ချို့ ရောက်ရှိလာခဲ့ကြသည်။

ဖေဖေ့ဘက်ကဆွေမျိုးတစ်ယောက်မှရောက်မလာသလို မေမေ့ဘက်မှဆွေမျိုးလည်းတစ်ယောက်မှရောက်မလာ။ မေမေနှင့်ဖေဖေသည် နှစ်ဘက်မိဘ လုံးဝသဘောမတူသောအိမ်ထောင်ကို ထူထောင်ခဲ့ကြခြင်းဖြစ်သည်ကိုး။

ညသည်တွေပြန်တော့ တံခွန့်အမေနှင့် ဖြူ့အမေကျန်ခဲ့သည်။ တံခွန့်အမေက မေမေ့လိုပင် ကျောင်းမှအနားယူထားသော ဆရာမတစ်ယောက်ဖြစ်သည်။ မေမေကတော့မဆုံးခင်ထိ အပြင်တွင်စာပြနေခဲ့ပြီး တံခွန့်အမေကတော့ မှီခိုသူသက်သက်သာ။ တံခွန့်အထက်မှာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ တံခွန့်အောက်မှာတစ်ယောက်နှင့် သားသမီးသုံးယောက်နှင့် လုံးချာလည်နေခဲ့သူ။

“သား. . . အောင်မြေ. . . ”

“ဟုတ်ကဲ့. . . အန်တီ”

“သား. . . ကျောင်းဆက်တက်ဖို့အဆင်ပြေမှာပါ၊ ဘာမှမပူနဲ့နော်”

ဘယ်လိုလုပ်မှာလဲဟု မမေးဘဲ အဆင်ပြေအောင်ပဲ ဝိုင်းဝန်းလုပ်သွားမည်ဟု အဓိပ္ပါယ်ရသည့်စကားအတွက် အောင်မြေ ကျေးဇူးတင်စွာ မျက်ရည်ဝဲရသည်။

“ကျွန်တော် စာလည်းဆက်ပြမှာပါ၊ အမေလည်း ပိုက်ဆံတော်တော် ဘဏ်ထဲမှာထားသွားခဲ့တယ်၊ အံ့သြစရာပါပဲ၊ ကျွန်တော်တောင် မထင်ဘူး”

“အမေထားသွားတာလည်း တားသွားတာပေါ့သားရယ်၊ ဒီလူတွေအားလုံးက မိသားစုရင်းချာတွေလို နေခဲ့ကြတာဆိုတော့ အားလုံး အတူတူ အေးအတူပူအမျှ ဖန်တီးသွားကြမှာပါ၊ သား စိတ်မပူဖို့ပြောတာပါ”

ဖြူ့အမေကလည်း ထိုသို့ပြောသည်။ လူကြီးတွေ အောင်မြေ့အတွက် တော်တော်လေးဝိုင်းဝန်းစဉ်းစား ဆွေးနွေးထားကြပုံသည်။ လမ်းတွေ့လို့မှ ရှောင်ထွက်သွားတတ်ကြသော ဆွေမျိုးရင်းချာကြီးများနှင့်ယှဉ်တော့ ဒီလူကြီးတွေက နတ်ဒေဝတာတွေ ဖန်ဆင်းပို့ဆောင်ထားလေရော့သလား ထင်မှာမှားရမည့် စိတ်ရင်းစေတနာများနှင့်။ လောကကြီးသည် အံ့သြဖို့တော့ ကောင်းသည်။

တကယ်ဆို အောင်မြေဆိုတာ သူတို့သား၏သူငယ်ချင်းမျှသာ။ ဘာမှ သွေးတော်သားစပ်သူမဟုတ်။ သို့သော် သူတို့မွေးထားသော သားသမီးများနည်းတူ သူ့ကို စေတနာထားကြသည်။ ဒါ. . . ဘာလို့လဲဟု





တွေးနေစရာပင်မလို။ လေးနက်သောသံယောဇဉ်များနှင့် စစ်မှန်သော တွယ်တာမှုများကို မြင်နေရသည်ပဲ။

ဒီနေ့ ရက်လည်နေ့မို့ နီနှင့်ဖြူလည်း ညနေဆို ပြန်ပေလိမ့်မည်။ သူတို့လည်း သူတို့အလုပ်တွေ သူတို့လုပ်ရဦးမှာဖြစ်သလို အောင်မြေတို့ သုံးယောက်လည်း ကျောင်းစာနှင့် ပြန်နပမ်းလုံးကြရပေဦးမည်။ အောင်မြေ့တပည့်တွေကလည်း စာမေးပွဲနီးနေကြပြီ။ ဘဝမှာ ရင်ဆိုင်စရာအများကြီး ကျန်နေပါလျက်နှင့် မေမေက ထားသွားရက်သည်ဟုလည်း သူ မတွေးချင်ပါ။ ဒီလိုသာသိလျှင် မေမေလည်း ထားလျက်ခဲ့လိမ့်မည် မဟုတ်တာ သေချာပါသည်။

“ငါလည်း တစ်ပတ်တစ်ခါတော့ နင်တို့ကို အခြောက်အခြမ်းတွေ လာပို့ပါမယ်”

ဖြူက ထိုသို့ပြောသည်။ နီကတော့ အလုပ်များသူပီပီ ကတိမပေးနိုင်တာကို အားနာနေပုံရသည်။

“ငါလည်းလာမှာပါ”

မယုတ်မလွန်သာပြောရင်း ငြိမ်နေသည်။

နောက်ဆုံးကျတော့လည်း ကိုယ်သာလျှင် ကိုယ့်ဘဝကို ပဲ့ကိုင်နိုင်သလို ကိုယ့်ဘဝကို ကိုယ်သာ မောင်းနှင်ရမှာကိုသိလာသည်။ အရင်ကတော့ မသိမဟုတ်။ လက်တွေ့ဖြစ်မလာတော့လည်း ဘာကိုမှ သိပ်လေးလေးနက်နက်မတွေးမိ။ ဖေဖေဆုံးတော့လည်း မေမေက သူ့ကို ဘာကိုမှ ယုတ်လျော့ထိခိုက်မသွားအောင် ထိန်းသိမ်းပျိုးထောင်နိုင်ခဲ့သည်ကိုး။

“ရပါတယ်ဟာ၊ ခုလောက်ထိ ဝိုင်းဝန်းပေးနေတာပဲ ကျေးဇူးတင်လှပါပြီ”

တကယ့်တကယ် စိတ်ထဲက ကျေးဇူးတင်လွန်းသည်မို့ ပြောလိုက်ခြင်းဖြစ်သော်လည်း ဖြူက အပိုတွေဟု ခပ်တိုးတိုးရေရွတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နီကတော့ ထိုအဓိပ္ပါယ်ရသောအကြည့်တစ်ချက်နှင့် လှမ်းကြည့်သည်။

လူကြီးတွေကတော့ 'မဟုတ်တာသားရယ်' ဟု ဆိုကြသော်လည်း သူငယ်ချင်းတွေကတော့ နည်းနည်းမှ အသိအမှတ်မပြုပါ။ သူတို့ကြားထဲမှာ ဒါတွေမလိုမှန်း အောင်မြေလည်း သိသည်ပဲပေါ့။ သို့သော် တကယ့်တကယ် လက်တွေ့ရင်ဆိုင်နေရသော အဖြစ်အပျက်များနှင့် ရရှိလိုက်သော ဝိုင်းဝန်းမှုတွေက တကယ် တန်ဖိုးမဖြတ်နိုင်ဆိုတာ အောင်မြေ့ရင်ထဲမှာ နင့်နင့်နဲနဲကို နားလည်ခံစားနေရသည်။

လူကြီးတွေက အရင်ပြန်သွားကြ၏။

"အလွန်ဆုံးရှန်းရ နောက် နှစ်နှစ် သုံးနှစ်ပေါ့၊ ငါလုပ်နိုင်မှာပါ"

အောင်မြေ ကိုယ့်ဘာသာကို အားပေးသလိုရေရွတ်သည်။ ကျော်ကြားက . . .

"ဘာလဲ. . . မင်း. . . စာသင်ဝိုင်းတွေ ထပ်လက်ခံမလို့လား"

"ရရင်တော့ လက်ခံဖြစ်မှာပါ"

"မရမရှိပါဘူး၊ အောင်မြေပဲဟာ၊ မင်း စာကြည့်ချိန်နည်းသွားမှာစိုးလို့ ကိုယ့်ကိုယ်ကို စေတနာထားပြီးပြောတာပါ၊ မင်းကို စေတနာထားတာမဟုတ်ပါဘူး"

ကျော်ကြားစကားကြောင့် တံခွန်ကရယ်သည်။

"အေးဟ. . . ငါလည်း ငါ့ကိုယ်ငါ စေတနာထားသင့်တယ်ထင်တာပဲ"

သူတို့နှစ်ယောက်စကားကို နီနှင့်ဖြူက နားလည်သလို နားမလည်သလို။

"ဒီကောင်နဲ့စာကျက်မှ ငါတို့ကသက်သာတာ၊ သူကျက်ထားမှတ်ထားတာလေးတွေကိုပြော ငါတို့ကနားထောင်၊ သူက ဘယ်လိုမှတ်ဆိုလိုက်မှတ်၊ လောကကြီးက သာယာနေတာ၊ ဒီကောင်မအားတော့ရင် ကိုယ့်ကို ထိခိုက်မှာစိုးရတယ်၊ ဒါကြောင့် . . . ဒါကြောင့် . . ."





တံခွန်ကရှင်းပြ၏။

အမှန်တော့ ဘယ်သူဘယ်သူမှ ပိုပြီးတော်နေသည်ဟုတော့ အောင်မြေ မထင်ပါ။ သူ. . . တစ်နိုင်ငံလုံးမှာ ပထမရခဲ့ဖူးတာမှန်သည်။ သို့သော်လည်း သူ အတော်ဆုံးမို့ တစ်နိုင်ငံလုံးမှာ ပထမရသည်ဟု တစ်ခါမှ အောင်မြေ ကိုယ့်ကိုယ်ကို မတွေးခဲ့ဖူးပါ။

သူလိုကိုယ်လိုမှာမှ ကိုယ်က ဝီရိယလေးပိုခဲ့ပြီး ကောင်းကောင်းမွန်မွန် စာသင်ခွင့်၊ စာကြည့်ခွင့် ရခဲ့၍ဟုယုံသည်။ တစ်ချို့တွေ သိပ်ဉာဏ်ကောင်းပါလျက်နှင့် ကျောင်းဆက်မတက်နိုင်သူတွေ သူတွေ့ဖူးခဲ့သည်ပဲ။ သူ့ဘဝက ခုမှ စရမှာ၊ ခုမှ စတင်ရုန်းရမှာမို့ အခြားသူတွေနှင့် စာသော် အပုံကြီးသာသေးသည်ဟု ဖြေတွေးနိုင်သည်ပဲ။

"သူတို့ကမှ ဆရာကြီးတွေ"

"ဘာဆရာလဲ"

"ငါပြောသမျှလေး နားထောင်ပြီးဖြေတာတောင် မိုးပျံနေတဲ့ကောင်တွေ"

ကျော်ကြားက ဝတ်ထားသောရှပ်အင်္ကျီကော်လံကို ထောင်လိုက်သည်။ ပြီးမှ . . .

"တပည့်ကောင်းဆရာဆိုတော့ ပန်းကောင်းပန်ရတဲ့အတွက် သူ ဝိုင်းတွေရနေတာလေ"

ဟု ပြောလိုက်သဖြင့် ရယ်ကြရသေးသည်။

"လောလောဆယ်တော့ လက်ရှိဝိုင်းနဲ့ပဲသွားပါဦး၊ သွားတာလာတာကလည်း တံခွန့်အိမ်က ကားပါလာမှာပဲ၊ ဒရိုင်ဘာတောင်ပါသေး။ ဟိုကောင်ကျော်ကြားမှာက ဖုန်းပါတယ်၊ စရိတ်စကက စားစရိတ်လောက်ပဲကုန်မှာပါ။ ဒါလည်း နင်တို့စားတတ်ရင် အဆင်ပြေမှာပါ"

နီက ထိုသို့ဝင်ပြော၏။ ဖြူကတော့ရယ်ရင်း ပြောသည်။

"ဒီလိုလုပ်ပါလား၊ နင်တို့ ထမင်းချိုင့်ဆွဲစားလေ၊ ငါ့ဆီမှာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးမယ်"

"နင့်ဆီဆိုရင်တော့ တစ်ပြားမှမရစေရဘူး"

ကျော်ကြီးက ရယ်ကျဲကျဲလိုလိုနှင့် အတည်ပြောသည်။ ဒါကလည်း သေချာသလောက်ပါပဲ။ ဖြူတစ်ယောက် ပင်ပမ်းတာကလွဲလို့ ဘာမှရလိုက်လိမ့်မည်မဟုတ်။

"နင့်လည်း အဲဒါကြောင့် စေတနာမရှိတာ"

"ကျန်တဲ့နှစ်ကောင်လည်း မေးလိုက်ပါဦး၊ နင့်ကို ပေးမယ်များ ထင်နေလို့လား၊ ငါတစ်ကောင်တည်းကွက်ပြီး စေတနာမရှိရာကနေ အားလုံးတောင် စေတနာပျက်သွားနိုင်သေးတယ်၊ မေးလိုက်စမ်းပါ"

"တော်ပြီ၊ ဘယ်သူ့မှ စေတနာမထားတာကောင်းတယ်"

ဖြူက ပွစိပွစိရေရွတ်တော့ နီက ဝင်ထောက်ခံသည်။

"အင်း. . . နင် အမြင်မှန်ရသွားပြီပဲ၊ နေသာသလိုလေးနေပါ ဖြူရယ်၊ အားတဲ့အချိန် ကိုယ့်စာလေးကိုယ်ရေးနေ၊ အကျိုးရှိတယ်၊ အနုပညာအားဖြင့်ရော ငွေအားဖြင့်ရော. . ."

"ဟုတ်တယ်"

ဘာပဲပြောသွားသွား ညနေ ဖြူနှင့်နီပြန်သွားတော့ သူတို့အတွက် ဟင်းတော်တော်များများ ချက်ထားပေးခဲ့တာကို တွေ့ရသည်။ ကြက်သားကြော်၊ ငါးကြော်များကို ဘူးနှင့်ထည့်ထားပြီး ပုဇွန်ခြောက်ကြော်ပုလင်း ကြီးတစ်ပုလင်းကိုလည်း တွေ့ရသည်။ ဟင်းအစိုများကလည်း စားပွဲပေါ်မှာ အဆင်သင့်။ ကျော်ကြီးကတော့ ဟင်းတွေကိုလိုက်ကြည့်ရင်း . . .

'လင်ကောင်းသားကောင်းရပါစေ' ဟု ရေရွတ်နေသဖြင့် တံခွန်က 'ဘာလဲ. . . လင်ကောင်းသားကောင်းရဖို့ ကိုယ်တိုင်ပဲ အနစ်နာခံပေးရခံပေးရလား' ဟု ဝင်နောက်သဖြင့် ရယ်ရသေးသည်။ 'နို့ဆိုရင်တော့ စဉ်းစားပါ့မယ်' ဟူသော ဆက်ပြောလာသည့် အတည်စကားကြီး





ကိုတော့ အောင်မြေရော တံခွန်ပါ မကြားချင်ယောင်ဆောင်နေလိုက်ခဲ့ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com


**COURAGE**
**(VIII Major)**



(၄)

ကျောင်းကပြန်လာတာနှင့် စာသင်ဝိုင်းတန်းသွားရတတ်သည်မို့ ညနေဆို တံခွန်က အောင်မြေ စာသင်ရမည့်နေရာကိုပို့ပေးပြီး သူတို့က ပြန်နှင့်တတ်သည်။ အိမ်ဆိုတာ တံခါးခေါက်ဝင်နေကျလူများမို့ အိမ်သော့ကလည်း မေ့ကျန်လိုက် ဘယ်နားထားမှန်းမသိလိုက်နှင့်မို့ ချက်ချင်း သုံးစုံကူးကာ တစ်ယောက်တစ်ချောင်းစီ လည်ပင်းမှာ စတီးလ်ကြိုးနှင့်ဆွဲထားလိုက်ကြသည်။

"စတိုင်လ်ပေါ့ကွာ"

"သူများတွေ လိုက်ဆွဲမှာတောင်စိုးရတယ်"

"အေး. . . နီ. . . မမြင်စေနဲ့၊ တော်ကြာ လိုက်ဆွဲနေဦးမယ်"

ပေါက်ကရတွေပြောပြီး အိမ်သော့ကိုဖွင့်တော့ ကြမ်းပြင်မှာ အောက်ခြေကထိုးထည့်ထားပုံပေါ်သော စာအိတ်ဖြူလေးတစ်အိတ်ကို တွေ့လိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com

"အမယ်. . . စာပို့သမားက စာကို ပုံးထဲမထည့်ဘဲ. . ."

ပြောပြောဆိုဆိုလှမ်းကောက်လိုက်ရင်းက ကျော်ကြားစကားလုံးတွေ မဆုံးဘဲဖြစ်သွားရသည်။

"ဘာဖြစ်တာလဲ"

"စာက စာတိုက်ကလာတဲ့စာမဟုတ်ဘူး၊ တစ်ယောက်ယောက်လာထိုးထည့်သွားတာပဲ"

"အင်းပါ. . . ဘယ်သူ့စာလဲ"

"ဘယ်သူ့စာရမလဲ၊ အောင်မြေပေါ့"

ကျော်ကြားက စာအိတ်ကို စာတွေထည့်သော သုံးဆင့်ခြင်းကလေးထဲသို့ထည့်လိုက်သည်။ ထိုခြင်းကလေး၏ပထမဆုံးဆင့်က စာများ ထည့်သည့်နေရာဖြစ်ပြီး ဒုတိယဆင့်တွင် မီတာခစာရွက်များထည့်သည်။ တတိယဆင့်တွင်သော့၊ လက်သည်းညှပ်၊ ကတ်ကြေး စသော တိုလီမိုလီ များထည့်သည်။

တံခွန်က စာအိတ်ကိုပြန်ကောက်ယူကြည့်လိုက်၏။

အောင်မြေ တဲ့။ ကွန်ပျူတာဖြင့် ဝရင့်ထုတ်ထားသောစာအိတ်ဖြစ်သည်။ အထဲမှာလည်း စာရွက်က တစ်ရွက်လောက်ပဲပါပုံရသည်။ ခပ်ပါးပါးမျှသာ။

"ရည်းစားစာ၊ မိတ်ဆက်စာတော့ မဟုတ်လောက်ဘူး"

ခပ်ပါးပါးရယ်ရင်း စာအိတ်ကို နေရာတကျပြန်ထားလိုက်သည်။

"မိတ်ဆက်စာတော့မဟုတ်လောက်ဘူး ဖြစ်ချင်းဖြစ် ရည်းစားစာပဲဖြစ်ရမယ်"

"ရည်းစားစာကို ဒီလိုစာအိတ်နဲ့ရေးမလား"

ပျင်းစရာကောင်းသော မြင်နေကျ Font တစ်မျိုးနှင့် Font Size ခပ်ကြီးကြီးလေးရိုက်ထားသော အောင်မြေဆိုသည့်နာမည်မှအပ





ဘာကိုမှ မတွေ့ရ။ စာအိတ်ကိုပြန်ချထားလိုက်ရင်း စာကိုပဲ ဖတ်နေလိုက်သည်။ အောင်မြေပြန်လာသည်နှင့် သိရမည့်အဖြေကို ခေါင်းရှုပ်ခံ မစဉ်းစားတော့။ ကိုယ့်စာကိုကြည့်နေတာ အကျိုးရှိမည်မဟုတ်လား။

ညနေမှောင်တော့မှ အောင်မြေ ပြန်လာသည်။

"ထမင်းစားမယ်. . . ဆာလာပြီ"

တံခါးဝမှမဝင်ရသေးခင် အောင်မြေက ထိုသို့ဆိုသည်။ တံခွန်လည်းနိုးနေပြီ။

"အေး. . . စားတာပေါ့၊ မင်းအတွက် စာရောက်နေတယ်"

"ဟင်. . . ဟုတ်လား၊ ဘယ်ကလဲ"

"ဘယ်သိမလဲ"

ပါးစပ်ကသာ ဟင်. . . ဟုတ်လား၊ ဘယ်ကလဲ မေးနေတာ၊ လူက မီးဖိုထဲရောက်သွားပြီ။

ကျော်ကြားက စာအိတ်ကိုယူရင်း မီးဖိုထဲထိ လိုက်ဝင်ကာပေး၏။

"ရော့"

"ဟင်. . . စာတိုက်ကလာတာလည်းမဟုတ်ဘူး၊ ဘယ်သူလာပေးတာလဲ"

"မသိဘူး၊ တံခါးအောက်ကနေ ထိုးထည့်သွားတာပဲ"

"စာတိုက်ပုံးထဲလည်းမထည့်ဘူး၊ တစ်မျိုးပဲ"

"ကဲ. . . တစ်မျိုးပဲလုပ်မနေနဲ့၊ စာအိတ်ကိုဖောက်လိုက်ရင် အဖြေရမှာပဲ"

အောင်မြေ စာအိတ်ကိုဖောက်လိုက်သည်။ စာရေးစက္ကူခပ်ပါးပါး သေးသေးတစ်ရွက် ခေါက်ထားတာကိုတွေ့သည်။ စာရွက်ခေါက်ကို ဖြည့်လိုက်တော့ အထဲက စာရွက်ပိုင်းတစ်ခု ထွက်ကျလာသည်။

"ဟမ်. . . အဲဒါကဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာရေးထားလဲ"

တံခွန်က စာရွက်ခေါက်ကြားကနေ ပြုတ်ကျသွားသော စာရွက်ပိုင်းလေးကို လှမ်းကောက်ကြည့်လိုက်သည်။

"ဘာလဲဟ. . . အောင်မြေ၊ ကျပ်ငါးသောင်းတိတိ. . . တဲ့၊ ဘာလဲ. . . မင်း ဘာလှူထားလဲ"

တံခွန့်စကားကြောင့် အောင်မြေ ကြောင်ကြည့်နေဆဲ။ ကျော်ကြီးက ဖျတ်ကနဲဆွဲယူသွားသည်။

"အာ. . . ဒါ ချက်ခ် (Cheque) လက်မှတ်ပဲ"

ဘဝမှာ ချက်ခ် (Cheque) လက်မှတ်ဆိုတာ တစ်ခါမှ မမြင်ဖူးသောသူများမို့ မသိတာမဆန်း။

"အဲဒီချက်ခ်လက်မှတ်က ဘာလုပ်ရတာတဲ့လဲ"

"မင်းနာမည်ရေးထားတော့ မင်းကိုပေးတာလေ"

"ဘယ်သူကလဲ၊ ဘာလို့ပေးတာလဲ"

သူတို့ စာအိတ်နှင့်စာရွက်ကို နောက်တစ်ခေါက်စစ်ကြသည်။ "ပညာသင်ထောက်ပံ့ကြေးငွေ" ဟူသောစာကြောင်းကို ချက်ခ်လက်မှတ်ထွက်လာသော စာရေးစက္ကူပါးလေး၏ ထောင့်တွင်ရေးထားတာကို တွေ့ရသည်။ ဒါကတော့ လက်ရေးနှင့်ပင်။ သို့သော် သေသပ်ညီညာလွန်းကာ စက်ဆန်သောလက်ရေးလှလှများဖြစ်နေသည်။ တမင်ကြိုးစားပမ်းစား ရေးထားတာလည်းဖြစ်နိုင်သည်။

ကျော်ကြီးက ချက်ခ်လက်မှတ်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန် ကြည့်သည်။ လက်မှတ်က နှစ်ချက်ထိုးထားသော်လည်း M ဆိုသောစာလုံး တစ်လုံးမှလွဲ၍ ကျန်တာဖတ်မရ။

"မင်းကို ပညာသင်ထောက်ပံ့ကြေးပေးနေတဲ့သူ နေမှာပေါ့"

"အဲဒါ မေမေတို့မြို့နယ်ကပေးတာလေ၊ ငါသွားထုတ်ရတာပြီးတော့ သူတို့က တစ်နှစ်စာ တစ်ခါတည်းပေးတာ"





"ဒါဆို. . . ခုဟာက. . ."

"ငါလည်းမသိဘူး"

"မင်း စဉ်းစားစမ်းပါဦး၊ မင်းတစ်နိုင်ငံလုံး ပထမရတုန်းက ဘယ် တွေဘယ်တွေက ဆုတွေပေးခဲ့တယ်ဆိုတာ"

အောင်မြေ ခေါင်းခါသည်။

"အဲဒါ လွန်ခဲ့တဲ့လေးနှစ်ကကိစ္စပါ ကျော်ကြီးရာ၊ မဟုတ်တာတွေ"

ဟုတ်တော့ဟုတ်ပါသည်။ လွန်ခဲ့သောလေးနှစ်ခန့်က တစ်နိုင်ငံလုံး ပထမရခဲ့ဖူးသော ကျောင်းသားတစ်ယောက်ကို ခုမှ ပညာသင်ထောက်ပံ့ကြေး လာပေးစရာအကြောင်းမရှိပါ။ ပြီးတော့ ဘာမှ အကျိုးအကြောင်း ရေထိုးမထားတာက ပိုပြီး စိတ်ဝင်စားစရာကောင်းနေရသည်။

သူတို့သုံးယောက်သား တိတ်ဆိတ်စွာစဉ်းစားနေမိကြသည်။ နာမည်တစ်လုံးတည်းပါသော စာအိတ်ဖြူ၊ စာတစ်ကြောင်းတည်း ရေးထားသော စက္ကူပါးနှင့် ချက်ခ်လက်မှတ်တစ်စောင်။ နည်းနည်းတော့ လျှို့ဝှက်ချက်ဆန်နေသလိုပါပင်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

## PROJECTION
## (7 of Cups)





(၅)

"မင်းတို့ ငါ့ကို အမှန်အတိုင်းပြောဖို့တော့လိုတယ်နော်"

နေ့လည်ဘက် ကျောင်းတွင် ထမင်းစားနေခိုက် အောင်မြေ သူ ငယ်ချင်းနှစ်ယောက်ကို ပြောမိသည်။

"ဘာလဲဟ. . . ဘာကိုလဲ"

"ဒီငွေတွေက မင်းတို့ တစ်ဖက်လှည့်နဲ့ ပို့တာမဟုတ်ဘူးဆိုတာ"

ကျော်ကြားက တခွီးခွီးထ်ရယ်သည်။

"အဲလောက်များ အထင်ကြီးစရာကောင်းနေလား သူငယ်ချင်း"

"မင်းမဟုတ်ပါဘူး၊ မင်းမိဘပါ"

"ခုထိတော့ မင်းကို ဘာလုပ်ပေးရင်ကောင်းမလဲဆိုတဲ့ စဉ်းစားခန်းထဲမှာပဲ ထိုင်နေကြတုန်းရှိသေးတယ်"

အောင်မြေ တံခွန့်ဘက်လှည့်ကြည့်သည်။

"မကြည့်နဲ့၊ ငါလည်းမပါဘူး၊ ဟိုနေ့က ငါ့အမေနဲ့ ဖြူ့အမေ ဆွေးနွေးတဲ့ထိ မင်းလိုကောင်က ဒီလိုခေါ်ပေးလည်း လက်ခံမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ ထည့်ဆွေးနွေးပြီးသား၊ နောက် လိုအပ်လာရင်ကူမယ်၊ ဒီလောက်ပဲတွေးထားတာ"

"မဟုတ်ပါဘူးကွာ၊ ငါ့ဆီကို မင်းတို့နှစ်ယောက်က လာနေပေးရုံမကဘူး တံခွန်က ကားပါလာတော့ သွားရလာရလည်းလွယ်ကူတယ်၊ ကျော်ကြားက ဖုန်းပါလာတော့ ဆက်သွယ်ရေးလည်းလွယ်တယ်၊ ဘာမှ သိပ်အကုန်အကျလည်းမများပါဘူး၊ ဒါနဲ့တင် တော်တော်ကျေးဇူးတင်စရာ ကောင်းနေပြီ"

"အေးအေး. . . နောက်မှဆပ်ကွာ. . . နော်၊ ခုတော့ ထမင်းလေး ဖြောင့်အောင်စားပါရစေ၊ မိဖြူကတော့ ညကျ ငါးခြောက်ကြော် လာပို့မယ်ပြောတာပဲ"

ကျော်ကြားက သူ့ဘက်ထပ်လှည့်လာမှာစိုးသလို ပြောသည်။

"မင်း. . . မိဖြူဆီ ဖုန်းဆက်တာလား"

"ဟင့်အင်း. . . သူဆက်တာ"

"အလကား. . . သူ နို့ဆီဆက်တာမရလို့ ဖြူဆီရောက်သွားတာ"

အကြောင်းသိ တံခွန်က ဖော်ကောင်လုပ်သည်။ ဒါတွေကို အောင်မြေ လောလောဆယ် စိတ်မဝင်စားပါ။

"ဘယ်သူဆက်ဆက်ပါ၊ ငါသိချင်တာက မင်း ဖြူ့ကို ဒီကိစ္စ ပြော လိုက်သေးလားဆိုတာပဲ"

ကျော်ကြား. . . ခေါင်းခါသည်။

"ဘာလို့ပြောရမှာလဲ"

"သူ မင်းကိစ္စမပြောအားတာ မင်းသိသားနဲ့ အောင်မြေရာ၊ လေ ကုန်ခံလို့"

"အေးလေ. . . ငါးခြောက်ကိစ္စပြောနေတာ"

အောင်မြေက စကားကိုဖြတ်ပြောလိုက်၏။





"ရပြီ၊ ကိုယ့်ဘာသာပဲ ညနေကျမှ မိဖြူကိုပြောတော့ မေးတော့ မယ်"

တံခွန်က မျက်မှောင်ကြုတ်ကာ . . .

"ပြောတာကဟုတ်ပါပြီ၊ မေးတာက ဘယ်ကပါလာတာလဲ၊ သူ့ကို ဘာမေးလို့ရမယ်ထင်လို့လဲ"

"ဟမ်. . . ဘာရယ်"

ဒီတစ်ခါမျက်မှောင်ကြုတ်ရသူက အောင်မြေ။

"ဘာလဲဟ. . . ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းစကားက တစ်မျိုးပါလား"

"ဘာလဲ. . . ဘာတစ်မျိုးလဲ"

"သူ့ကို ဘာမေးလို့ရမယ်ထင်လို့လဲဆိုတာလေ"

"အင်းလေ. . . သူက ဘာသိမှာမို့လဲ"

"မင်းပြောပုံက သူက ဘာသိမှာမို့လဲဆိုတာထက် ဘာမေးမေး ဖြေမှာမဟုတ်ဘူးဆိုတဲ့ပုံ ပေါက်နေတယ်"

ကျော်ကြား ထ,ရယ်ပြန်သည်။

"ဒီလိုလုပ်ကွာ. . . အောင်မြေ"

"ဘာလဲ"

"မင်း အဲဒီပိုက်ဆံကို ငါတို့လေးယောက်က စုပေးတယ်လို့ သဘောထားလိုက်၊ မင်းအောင်မြင်တဲ့အခါ ငါတို့ကိုကျေးဇူးဆပ်ပေါ့ကွာ၊ နော့. . ."

"မေတ္တာပျက်လာတယ်"

အောင်မြေ စိတ်တိုတိုနှင့် ထိုသို့ရေရွတ်ပြီး ပါးစပ်ကိုပိတ်ထားလိုက်တော့သည်။ တံခွန်ကတော့ ပြုံးစိစိနှင့်။

"မင်းက တားလို့မှမရတာ၊ သံသယရှိချင်လည်း ရှိလိုက်တော့ပေါ့၊ ဆိုတော့လည်း မဟုတ်ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းတို့ကို သိပ်သက်ာနေတယ်ထင်လို့လား"

"အင်းလေ၊ မသက်ာလည်း ကျော်ကြားပြောသလို တစ်ချိန်ကျကျေးဇူးသာဆပ်လိုက်၊ မင်းကိုဝိုင်းနေတဲ့ ကောင်မလေးတွေထဲက တစ်ယောက်ယောက်နဲ့ သင့်တော်သလိုနေရာချထားလိုက်လည်း စိတ်မဆိုးဘူး"

ဒီလောက်ကြီးကတော့ သိပ်မဟုတ်တော့။ မသက်ာဖြစ်ချင်စိတ်ကို ပျောက်သွားအောင် အတင်းကြီးလာလုပ်နေသည်ဟုလည်း ယူဆလို့ရနိုင်သည်။ ဘာမှဆက်မတွေးတာကောင်းမည်။ လောလောဆယ်တော့ ဘယ်သူ့ကိုမှသိပ်မယုံရ။ ကျော်ကြားတို့ကလည်း ဒီငွေကိုသွားထုတ်မည်ပဲ တကဲကဲလုပ်နေသည်။ ခက်တာက အောင်မြေကလည်း ဘယ်ကမှန်းမသိဘဲ မသုံးချင်။

ညနေကျတော့ ဖြူ အိမ်ရောက်လာသည်။ ဒီနေ့ညနေ ကျူရှင်ဝိုင်းမရှိ၍သာ ဖြူနှင့်တွေ့ရခြင်းဖြစ်သည်။ ဖြူက လူစုံမည့်နေ့ရွေးလာတာလည်း ဖြစ်နိုင်သည်ပဲ။ သူမက နေရာတကာ သိပ်စေ့စပ်သေချာတိကျတတ်ချင်လွန်းသူ။

"ဒါက ငါးခြောက်ထောင်းကြော်၊ ကြာကြာခံအောင် အစပ်ကြော်လာတယ်၊ မဟုတ်ရင် ဒီတိုင်းထိုင်စားနေမှာစိုးလို့"

"သိပ်တော့မထင်ပါဘူး"

ဒါက ငါးနီတူခြောက်ကြော်၊ အချိုကြော်ထားတယ်၊ ငရုတ်သီးကိုသပ်သပ်ကြော်ပေးထားတယ်၊ အစပ်စား ချင်ရင် ရောလိုက်၊ သုတ်စားချင်ရင်စားလို့ရအောင် အဖြူထည်ကြော် ပေးထားတာ၊ ဒါက ပဲငါးပိချက်၊ ဒီနေ့အတွက်တော့ ငါ ငါးဖယ်နဲ့ အုန်းနို့ချက်လာတယ်၊ ငါပါ ဒီမှာစားမယ်"

"ကောင်းတယ်၊ ငါတို့ နင့်ကိုပြန်ပို့ပါ့မယ်"

တံခွန်က အလိုက်တသိဆိုသည်။ ဖြူ အငှားကားနှင့်လာတာကို





လည်း အားလုံးမြင်သည်ကိုး။ သူမအိမ်ကကားက သူ့အလှည့်မကျတာဖြစ်နိုင်သည်။

"ဒါထက် ငါ နင့်ကို ပြစရာရှိတယ် ဖြူ"

"အင်း. . . ဘာလဲ"

ဖြူ့ထံသို့ ချက်ခ်လက်မှတ်ထည့်ထားသောစာအိတ်လေးကို ဒီတိုင်း ကမ်းပေးလိုက်သည်။ ဖြူက စာအိတ်ပေါ်က အောင်မြေဆိုသောစာလုံးကိုဖတ်ကာ ဇဝေဇဝါပြန်ကြည့်၏။

"ဘာလဲဟ. . . အဲဒါ"

"ကြည့်လေ"

ကြည့်လေဆိုတော့မှ ဖြူက စာအိတ်ကိုဖွင့်သည်။ စာအိတ်ကပွင့်နေပြီးသားမို့ အထဲကစာရွက်ကို အသာဆွဲထုတ်လိုက်၏။

"အဲ. . . ချက်ခ်လက်မှတ်ပါလား၊ ပညာသင်ထောက်ပံ့ကြေးငွေတဲ့။ ဘယ်သူပေးတာလဲ"

"အဲဒါ နင့်ကိုမေးနေတာလေ"

ကျော်ကြားက ဖြတ်ပြော၏။ ဖြူက ကျော်ကြားကို မျက်စောင်းထိုးသည်။

"ငါက ဘာသိစရာရှိလဲ။ နင်ဝင်မပြောနဲ့၊ အောင်မြေပြောလိမ့်မယ်"

"ငါပြောရရင်တော့ ငါလည်းသိချင်နေတာပဲ"

"ဟင်. . . နင့်ဟာကလဲ၊ နင့်ကို ဒီလိုပေးဖို့ဆိုတာ နင့်ကိုသိတဲ့ ပတ်ဝန်းကျင်ကပဲဖြစ်မှာပေါ့"

ဖြူက တွေးတွေးဆဆဆိုသည်။ ဒါကြောင့် နင့်ကိုပဲမေးနေတာပေါ့ဟုတော့ အောင်မြေ မပြောလိုက်ဖြစ်တော့ပါ။

"ငါ့အသိုင်းအဝိုင်းဆိုတာ ငါ့နှစ်ဖက်ဆွေမျိုးတွေ ထည့်မတွက်နဲ့၊ ကျန်တာကလည်း မေမေ့မိတ်ဆွေ ဆရာမတွေ၊ နောက် နင်တို့၊ ငါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

တကယ်ကြည့်မယ်ဆိုရင် ငါ့မှာက အသိုင်းအဝိုင်းဆိုတာ ဒီလောက်ပဲရှိတာလေ၊ ဒီကြားထဲက စဉ်းစားရခက်နေတာ"

ဖြူ ဇာတ်ရည်လည်သွားပြီမို့ ပြုံးသည်။

"ဘာလဲ. . . ငါတို့တွေ ပူးပေါင်းကြံစည်တယ်လို့များ နင်ထင်နေလား၊ လုပ်မနေနဲ့၊ ဒါ ဝတ္ထုရေးနေတာမဟုတ်ဘူး၊ ဝတ္ထုထဲတောင် တစ်ခါမှ ထည့်မရေးဖူးဘူး၊ စိတ်ကူးယဉ်မနေနဲ့၊ မဖြစ်နိုင်တာတွေကို"

"မထင်ပါဘူး၊ နင့်ကိုအသိပေးရုံပါ၊ ဟိုတကောင်ကျန်သေးတယ်နော်၊ နောက်မှပြောတော့မယ်"

"ငါပြောလိုက်ပါ့မယ်"

"နင်ပြောလို့မဖြစ်ဘူးလေ ဖြူ၊ တော်ကြာ နင်တို့ကြံစည်ထားလို့ဖြစ်နေဦးမယ်"

တခွန့်စကားကြောင့် ဝိုင်းရယ်ကြသည်။ အောင်မြေလည်း မနေ နိုင်ဘဲ ရယ်လိုက်မိ၏။

ဘာမှန်းကိုမသိ။ ကိုယ့်ဘာသာကိုယ် မေမေမရှိတော့လို့ စိတ်ညစ်ရတဲ့ထဲ ဒီဘာမှန်းမသိတဲ့ ထောက်ပံ့ကြေးကလည်း ရောက်လာသေးသည်။ အကောင်းဖက်ကကြည့်လျှင်တော့ ဒါက အကောင်းပေါ့၊ အောင်မြေ့ကို ကံကြမ္မာက အချိူတစ်လှည့် အခါးတစ်လှည့် ပတ်ကျွေးနေသလို။

"ရစ်ရမယ့်ဟာမဟုတ်တာ ရှာကြံရစ်နေတာ. . . လာ. . . ထမင်းစားမယ်"

ကျော်ကြီးကတော့ သူ့ကို ပြဿနာမဟုတ်တာ ပြဿနာလုပ်နေသည်ဆိုသောပံမျိုးပြောကာ နောက်ထဲဝင်သွားတော့သည်။ အားလုံးလည်း ထလိုက်သွားသဖြင့် အောင်မြေပါ ထလိုက်သွားရတော့သည်။

■





[ ၆ ]

## INNER - VOICE

### (II - Major)


www.burmeseclassic.com

www.burmeseclassic.com



(၆)

"နင်. . . အလုပ်များနေလား နီ"

ဒါက နီ့ဆီဖုန်းဆက်တိုင်းမေးရသည့် အဖွင့်စကားဖြစ်သည်။

"အခုတော့အားနေတယ် ဖြူ ပြော ငါ အိမ်ကတောင်မထွက်ရသေးဘူး"

"အော် ဒီနေ့ကျတော့ နင် ထွက်တာနောက်ကျသားပဲ"

"အင်း. . . ဟုတ်တယ်၊ မနက်ပိုင်း တစ်ခုတည်ထားတာမဖြစ်လို့ နေ့လည်မှရှိတယ်"

"အင်း. . . နင့်ကိုပြောစရာရှိလို့၊ အောင်မြေဖုန်းဆက်သေးလား"

"ဟင့်အင်း. . . ဆက်ပါဘူး၊ သူ ငါ့ဆီ ဘယ်တုန်းကဆက်ဖူးလို့လဲ၊ ကျော်ကြားပဲဆက်တာ၊ သူဆက်လို့ဘေးမှာရှိရင် တစ်ခွန်းနှစ်ခွန်းပြော ဖြစ်တယ်၊ ဒါပဲ၊ ခု သူဘာဖြစ်လို့လဲ"

ဖြူက အောင်မြေ့ဆီရောက်နေသော ချက်ခ်လက်မှတ်ကိစ္စကို နီ့ကိုရှင်းပြလိုက်၏။ နီက သေချာနားထောင်သည်။ ပြီးမှ . . .





"ဖြစ်နိုင်တာကတော့ သူ့ဆွေမျိုးတွေထဲက သူ့ကိုဂရုဏာသက်တဲ့ သူတစ်ယောက်ယောက်က ကျန်တဲ့သူတွေမသိအောင် ပေးတာမျိုး. . ."

"နင်ကလည်း ဇာတ်ညွှန်းတွေလုပ်နေပြန်ပြီ. . . နီ၊ သူ့ဆွေမျိုးတွေကတော်မှန်းတောင်မသိအောင်နေနေတဲ့သူတွေလေ၊ နင်မသိတာကျနေတာပဲ"

"မဟုတ်ပါဘူး၊ အဲဒီထဲကမှ တစ်ယောက်ယောက်များ. . ."

"အင်း. . . နင်စိတ်ကူးယဉ်သလိုဖြစ်ရင်တော့ ကောင်းမှာပဲ၊ ခုဟာက ဒီကောင်က အဖြေရှာနေပြီး ဒါကို ပုစ္ဆာလုပ်နေတာ၊ ငွေလည်းသွားမထုတ်သေးဘူးတဲ့"

"အေးပါ. . . ငါကပဲ ဖုန်းဆက်ပြီး ဒီလိုဒီလိုကြားသိရပါကြောင်း သံတော်ဦးတင်လိုက်ပါဦးမယ်"

နီက ရယ်သံတစ်ဝက်နှင့်ဆိုသည်။

ဖြူက . . .

"အမလေး. . . သံတော်ဦးကလည်းကြည့်တင်ဦး၊ သူက ငါတို့လေးယောက်ကို မသင်္ကာဖြစ်နေတာ"

"အယ်. . . ဘယ်လို. . . ဘယ်လို. . ."

"ငါတို့လေးယောက်က တစ်ဖက်လှည့်နဲ့စီစဉ်ပြီး သူ့ကို ဒီလိုလုပ်တယ်လို့ထင်နေတာ"

"အမယ်. . . ဖြစ်ရတယ်၊ ငါတို့က သူ့ကို စေတနာရှိဦးတော့ ဘာ နောက်ကနေ တစ်ဖက်လှည့်နဲ့ ပေးစရာအကြောင်းရှိလဲ"

နီက ထိုသို့ဆိုသည်။

"အင်းလေ. . . အဲဒါကြောင့် ကျော်ကြားက သူ့ကိုပြောလိုက်တာ၊ ထင်ရင်လည်းထင်တဲ့အတိုင်းထားပြီး မင်းအောင်မြင်သာမှ ကျေးဇူးဆပ်တဲ့၊ အဲလိုပြောလိုက်မှ ငြိမ်သွားတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ဟုတ်သားပဲ၊ သူ ကျေးဇူးဆပ်ချင်မှ သူ့အိမ်ဦးခန်းတက်စားကြတာပေါ့. . . နော့"

ပြောပြီး နှစ်ယောက်သားရယ်မိကြသည်။

"ဒီကောင် စာပဲတော်တာ၊ ကျန်တာအကုန်ညံ့ တယ်. . . လို့ ပြောရင် ငါ့ကို ဒေါသထွက်ဦးမယ်"

ဒါက ဖြူပြောနေကျစကား။ ကိုးတန်းဆယ်တန်းလောက်ကတည်းက မာလကာသီးနှင့် သစ်တော်သီးလည်းမကွဲ၊ လိမ္မော်သီးနှင့် ရှောက်ချိုသီးလည်း အတူတူထင်နေသော အောင်မြေ့ကို ဖြူက ထိုသို့ ကောင်းချီးသြဘာပေးနေကျ။ ပြောတော့ ဘဲဥဟင်း သိပ်ကြိုက်သည်တဲ့။

ပြီးလျှင် ဘဲဥနှင့်ကြက်ဥလည်းမခွဲတတ်။ အရောင်ကွာသလို အရသာလည်းကွာတယ် ဟု ပြောလည်းမရ။ အောင်မြေဆိုတာ အဲလို အရည်အချင်းတွေနှင့်လူ။ တစ်နိုင်ငံလုံးမှာ ပထမရသည်ဆိုတာ့ ဖြူပြော လိုက်သည့်စကားက 'ဘိုင်အိုမှာ. . . ဘဲဥနဲ့ကြက်ဥခွဲခိုင်းတာ မပါလို့ပါ၊ ပါရင် သူရမှာမဟုတ်ဘူး' တဲ့။

ခုနောက်ပိုင်းကျတော့ သူတို့သုံးယောက်အတွက် စကားလုံးအသစ်တစ်လုံး သူတို့ကွယ်ရာမှာ တိုးလာခဲ့သည်။ ဟို လူလားမမြောက်သေးတဲ့ ကလေးသုံးကောင် တဲ့။

ဖြူနှင့်နီက ဘွဲ့တစ်ခုစီရပြီးပြီ။ နာမည်ရအောင်မြင်နေသော ဘဝတစ်ခုစီလည်း ပိုင်ဆိုင်ထားပြီ။ ကိုယ့်ဝင်ငွေကိုယ်ရှာ ကိုယ့်ခြေကိုယ်လက်ဖြစ်နေချိန်မှာ ကျန်သုံးယောက်က ခုမှ ကျောင်းတက်တုန်းကျောင်းသားတွေ၊ မိဘဆီကလက်ဖြန့်တုန်း။ (အောင်မြေကလွဲရင်ပေါ့) ဒီတော့ ကွယ်ရာမှာ ဖြူနှင့်နီက သူတို့ကို ထိုသို့ခေါ်ဆိုသုံးနှုန်းနေကျ။

"နင် အခြောက်အခြမ်းတွေသွားပို့တာလား"

"အင်း. . . အစိုပါပို့ခဲ့ပါတယ်ဟဲ့"

"အေး. . . ငါလည်း အားတဲ့ညနေကျမှ အသီးအနှံလေးနဲ့





အအေးတို့ ကော်ဖီထုတ် ခေါက်ဆွဲထုတ်တွေ သွားပို့လိုက်ဦးမယ်"

"အေး. . . နင်အားမှသွားပါ"

"အင်းပါ၊ အမှန်ဆို ဒီမနက်သွားလိုက်ရမှာ ငါလည်း နားရတုန်း နားဦးမယ်ဆိုပြီး ဆက်အိပ်နေတာ"

"အင်း. . . နားပါ၊ နင်လည်း ကျန်းမာရေးတော့ဂရုစိုက်၊ နင်တို့ အဇာပ်က လူရောစိတ်ရောပင်ပမ်းတယ်"

"အင်း. . . ဟုတ်ပ. . . နင့်လို စာရေးတတ်ချင်လိုက်တာ"

"ဘာလဲ၊ ရေးချင်စရာတွေချည်းပဲလား"

ဖြူက အရယ်တစ်ဝက်နှင့်မေးတော့ နီက ထောက်ခံသည်။

"ဟုတ်တယ်ဖြူ၊ ပြောချင်စရာ ရေးချင်စရာတွေချည်းပဲပေါ့၊ သူများတွေအတွက်တော့ အဟောင်းဖြစ်ချင်ဖြစ်မယ်၊ ငါ့အတွက်ကတော့ အကုန် အတွေ့အကြုံသစ်တွေချည်းပဲ၊ စိတ်ပျက်စရာ သံဝေဂရစရာ သင်ခန်းစာယူစရာတွေချည်းပဲ"

"ဒီလိုပေါ့ဟာ၊ ငါတို့လည်းအတူတူပါပဲ၊ ငါတို့က ဘဝဆိုတာထဲကို အတိအကျရောက်ပြီး လျှော်ခတ်နေရပြီလေ၊ ဟိုသုံးကောင် လူလားမမြောက်သေးတာလဲ ကံတစ်မျိုးကောင်းတာပဲဟဲ့"

"ဟုတ်တယ်၊ သူတို့ကျ လူလားမြောက်သွားလည်း ငါတို့နဲ့တော့ မတူနိုင်လောက်ဘူး"

"မထင်ပါနဲ့ နီရယ်၊ လောကပဲကွဲသွားမယ်၊ လူတွေကတော့ တူတူပဲ၊ ၈၉ ပါးသောစိတ်တွေကလည်း အတူတူပဲ၊ ခံစားရမယ့်ရသတွေကလည်း တူတူပါပဲ"

ဖြူ့စကားမှန်ပါသည်။ ဘယ်သူ့ဘယ်သူမှ ထူးထူးခြားခြားကြီး ကွဲပြားနေသည်ဟုမထင်ပါ။ သိပ်ပြီး ကံကောင်းလွန်းသူတစ်ချို့ကလွဲလျှင်ပေါ့၊ တစ်ချို့လူတွေကတော့ လောကဓံဆိုတာကို အရွက်ထဲမှာပဲ မြင်ဖူးဖတ်ဖူးပြီး ကိုယ်တိုင်ကတော့ ခပ်ဝေးဝေးကသာ ကြည့်ခွင့်ရသော



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်တစ်ဦးပမာ ကံကောင်းလွန်းတတ်ကြပါသည်။

ဖြူနှင့်စကားပြတ်သွားတော့ နီ ချက်ချင်း ကျော်ကြားဖုန်းကို လှမ်းခေါ်လိုက်သည်။ ဘယ်သူမှမကိုင်ကြ။ အတန်းထဲရောက်နေ၍ အသံပိတ်ထားတာမျိုးဖြစ်နိုင်သည်။

ထို့ကြောင့် ဆက်မခေါ်ပဲထားလိုက်၏။

နေ့လည်ဖက် နီ ရိုက်ကွင်းမသွားခင် မိတ်ကပ်လိမ်းနေဆဲ ဖုန်းပြန်ဝင်လာသည်။

"နီ. . . နင် အားလား"

"ဆိုပါတော့၊ မိတ်ကပ်လိမ်းနေတယ်"

"နင် ဖုန်းခေါ်ထားလို့"

"အင်း. . . အောင်မြေနဲ့ပြောချင်လို့"

"ငါနဲ့ရော မပြောတော့ဘူးလား"

အရေးထဲ ကျော်ကြားကတစ်မျိုး

"နင်နဲ့ ခုပြောနေတယ်ရော"

"အလကားနောက်တာပါ. . . ရော့. . . အောင်မြေ. . . တဲ့"

အောင်မြေ ကျော်ကြားလက်ထဲမှဖုန်းကို လှမ်းယူလိုက်သည်။

"ပြော. . . နီ"

"အော်. . . ဖြူပြောလို့ နင် ငါပို့လိုက်တဲ့ချက်ခ်လက်မှတ်ရတယ်ဆို"

နီ့စကားကြောင့် အောင်မြေ ပြုံးစိစိဖြစ်သွားရသည်။နီက ဆက်ပြော၏။

"နင်ထင်သလို သူတို့တစ်ယောက်မှမပါဘူးနော်၊ ငါတစ်ယောက် တည်းပို့တာ သိလား၊ နင် စိတ်ချလက်ချသာသုံး၊ နောက်တော့မှ ငါ့ကို အိမ်ဦးခန်းတင်ကျွေးထားနော်. . . ဟုတ်လား"

"နင်ကလဲ. . . အရေးထဲ ရုပ်ရှင်လာရိုက်နေတယ်"





"ဟယ်. . . နင်က ငါပြောတာမယုံဘူးပေါ့"

နီ့ လေသံက စိတ်မကောင်းသံလေး။ သို့သော် သူ မင်းသမီးဆိုတာ မေ့လောက်အောင်တော့ အောင်မြေ မညံ့သေးဟုထင်သည်။

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

"အင်း. . . နင်ယုံမယ်လို့ ငါသိပြီးသားပါ၊ ကျန်တဲ့သုံးကောင်မပါ ဘူးနော်၊ တော်ကြာ နင် အထင်လွဲနေမှာစိုးရိမ်လို့ ငါရှင်းပြထားတာ"

အောင်မြေ မနေနိုင်တော့။ ထရယ်မိတော့သည်။

"တော်ပါတော့ နီရာ၊ ငါ ဘာမှမပြောတော့ပါဘူး"

"အင်း. . . မပြောတော့ဘူးဆိုလည်း ပြဿနာမဟုတ်တာကို ပြဿနာလုပ်မနေနဲ့တော့၊ မြားလာရာအရပ်ကို စူးစမ်းမနေနဲ့၊ မြားက စိုက်နေပြီးသား။ ဆွဲနှုတ်လိုက်ချင်ရင် ဆွဲနှုတ်လိုက်။ အဆိပ်တက်ချင်ရင် အဆိပ်တက်ခံလိုက်. . . ဟုတ်ပြီလား"

"အမလေး. . . ဟိုစာရေးဆရာမ၊ ဘာတွေသင်ပေးလိုက်လဲမသိဘူး"

"ဘာမှမသင်ဘူး၊ သူသင်မှ ငါကတတ်ရမှာလား၊ ဟင်း မပြောချင်ဘူး၊ တော်ပြီး ဒါပဲ၊ ငါ တံခွန်နဲ့ပြောလိုက်ဦးမယ်"

တံခွန့်ဆီ ဖုန်းထည့်ပေးလိုက်သည်။ သူတို့လည်း တစ်ယောက်တစ်ပေါက်တွေပြောကြ၊ နောက်ကြသည်။နောက်ဆုံးကျတော့ အောင်မြေကပဲ သူတို့ ရယ်စရာကြီးကိုဖြစ်လို့။

အောင်မြေ့မှာတော့ အကြံလည်းကုန်ပြီ။ ဘာမှလည်းမစဉ်းစားတတ်တော့။ စဉ်းစားကြည့်စရာလူကတော့ ကုန်နေပြီ။ အကောင်းဆုံးကတော့ ဘယ်သူပေးပေး ကိုယ့်ကို ပညာရေးအတွက်ပေးသည်မို့ လိုအပ်သည့်အချိန်တွင် ထုတ်သုံးပစ်လိုက်ရုံသာရှိသည်။ သို့သော် အောင်မြေကတော့ ခုထိ ခေါင်းမာနေဆဲ။

ကင်တင်းအပြင်ကို ကြည့်လိုက်တော့ နေက ကျဲကျဲတောက်ပူ



www.burmeseclassic.com

www.burmeseclassic.com


နေသည်။ သူတို့ကတော့ အရိပ်တစ်ခုအောက်မှာထိုင်နေဆဲ။ အရိပ်တစ်ခု၏ အေးမြမှုသည် ကြီးမားလှကြောင်းတွေးရင်း မေမေ့ကို သတိရသွားမိပြန်တော့သည်။

■

[ ၇ ]

**NO - THINGNESS**

**(v - Major)**



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

"ဟော. . . နောက်တစ်စောင်. . . နောက်တစ်စောင်"

အခန်းတံခါးကို တွန်းဖွင့်ဖွင့်လိုက်ခြင်း တက်နင်းမိမလိုဖြစ်သွားသော စာအိတ်အဖြူလေးကိုမြင်တော့ ကျော်ကြား အလန့်တကြားထ အော်သည်။ ဒီနေ့တော့ အောင်မြေပါ အိမ်ပြန်လာသောနေ့လည်းဖြစ်သည်။

"ဘာလဲ. . . ဘာ. . . နောက်တစ်စောင်. . . "

တံခွန့်အမေးမဆုံးခင်မှာပင် ကျော်ကြားလက်ထဲရောက်နေပြီဖြစ်သော စာအိတ်အဖြူလေးကြောင့် သူတို့ ပါးစပ်ပိတ်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်နေလည်း ဘာမှမထူးမည့်အတူတူ အောင်မြေက စာအိတ်ကိုယူကာ ဖောက်လိုက်သည်။ ဘာမှမလွဲ။

ပြီးခဲ့သည့်လကအတိုင်း ချက်ခ်လက်မှတ်တစ်စောင်။ စာရွက်တစ်ရွက်၊ စာအိတ်ပေါ်မှာ နာမည်တစ်လုံး။ ဒါပဲ။ စာအိတ်အမျိုးအစားလည်းဆင်တူ၊ စာရွက်အမျိုးအစားလည်းဆင်တူ၊ စာရွက်ပေါ်က လက်ရေးနှင့်မင်ကလည်း အရောင်ဆင်တူ။

အောင်မြေ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်လိုက်သည်။ ချက်ခ်လက်မှတ်နှစ်ခုကို မမြင်ဖူးသလိုကြည့်ရင်း စဉ်းစားမရလည်းဖြစ်နေသည်။

"ကဲ. . . မင်း. . . ဘာလုပ်မလဲ"

"သိဘူး"

"ထုတ်ထားပြီး မလိုလည်း ဘဏ်ထဲထည့်ထားလိုက်"

"ဟုတ်တယ်၊ တစ်လတစ်စောင်တော့ပို့မယ့်ပုံပဲ၊ ခုဆိုတစ်လ"

"တစ်လနဲ့သုံးရက်"

အောင်မြေ ဝင်ဖြေပေးလိုက်သည်။ ဒီတော့လည်း နှစ်ယောက်သား အောင်မြေကိုရယ်ကြ၏။ လိုအပ်ချက်မဟုတ်တာကျ သူ့ခေါင်းထဲ အတိအကျကြီး နေရာယူထားသည်ကိုး။

"ကဲ. . . ကဲ. . . မင်း. . . လုပ်စရာရှိတာလုပ်တော့၊ ပိုက်ဆံကို ထုတ်သင့်ထုတ်ထားလိုက်၊ ဘဏ်ထဲထည့်ထား၊ ပေးတဲ့သူသိတဲ့နေ့ ပြန်ပေးချင်သပဆိုလည်း ပြန်ပေးလိုက်၊ ဟုတ်ပြီလား"

ကျော်ကြားက စကားစကိုအပြီးဖြတ်ကာ အခန်းထဲဝင်သွားတော့သည်။ တံခွန်ကတော့ တခြားစကားကိုပြောသည်။

"မင်း. . နောက်နှစ် စာသင်ဝိုင်းတွေကို အိမ်မှာပဲလက်ခံပါလား"

"ငါလည်း စဉ်းစားနေတယ်"

"မင်း သွားချိန်လာချိန်သက်သာသွားမယ်၊ မင်းမှမင်းဆိုတဲ့လူတွေကတော့ မင်းဆီ ရောက်လာမှာပါပဲ၊ မပူပါနဲ့"

"အင်း"

"ငါတို့လည်း ကူလို့ရတယ်"

"အင်း"





www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုစွပြောနေတာမဟုတ်သလို တအင်းအင်းလိုက်နေသော အောင်မြေကို တံခွန်းက ကြည့်ရင်း ခေါင်းခါသည်။ သွားရှာပြီဆိုသည့်ပုံမျိုး။

အောင်မြေ အခန်းထဲဝင်ခဲ့လိုက်သည်။ လောလောဆယ် အောင်မြေ နေနေသည်က မေမေ့အခန်း။ မေမေ့အခန်းလေးက မေမေရှိသလို နွေးထွေးနေဆဲ။ ဒီအခန်းလေးထဲဝင်လိုက်သည်နှင့် မေမေ့ရင်ခွင်ထဲ ရောက်သွားသလိုခံစားမှုကို ရစေသည်ဟု အောင်မြေ ထင်သည်။

မေမေ့စားပွဲနှင့်စာအုပ်စင်ကို တစ်အုပ်ချင်းဆွဲချကြည့်နေမိသည်။ တစ်စုံတစ်ရာများတွေ့လေမလားဟု။ တကယ်တော့ သူလည်း သူဟာသူ ဘာလုပ်နေမိမှန်းပင်မသိ။

မေမေက ဒိုင်ယာရီရေးတတ်သူမဟုတ်။ မိန်းမပီပီသသ ဈေးစာရင်း မှတ်တတ်သူထဲမှာပင် မေမေမပါ။ မေမေ့မှတ်စုစာအုပ်များတွင် သင်ကြားရမည့်သင်ခန်းစာဇယားများသာ ရှိနေသည်။ ထူးထူးခြားခြား စာရွက်တစ်ရွက်မပြောနှင့် စကားလုံးအပိုတစ်လုံးပင် မတွေ့ရ။

စာအုပ်များကို စီစီရီရီပြန်တင်ထားလိုက်သည်။ ဘဏ်စာရင်းစာအုပ်ကတော့ နှဂိုရ်တည်းက သားအမိနှစ်ယောက်နာမည်နှင့် တွဲထားသည်မို့ ဘာမှ ထူးထူးခြားခြားမတွေ့ရ။ ငွေ အသွင်းအထုတ်စာရင်းကို ကြည့်တော့လည်း ပုံမှန်ငွေစုတတ်သူမို့ လစဉ် ငွေအဝင်စာရင်းလေး တစ်ခု ပုံမှန်နှင့် တစ်ခါတစ်ရံ ငွေထုတ်ထားသည်ကလွဲ၍ ဘာမှထူးခြားတာ မတွေ့။

လူမှန်းသိတတ်စကတည်းက ကြားသိခဲ့ရသော နှစ်ဖက်ဆွေမျိုးများကို တစ်ယောက်စီပြန်တွေးကြည့်မိပြန်တော့ ဖြစ်နိုင်စရာ ရေးရေးမှမမြင်။ မေမေ့အမေ ဖွားဖွားကြီးကိုတော့ တစ်ခါဆုံဖူးသည်။

ဖွားဖွားကြီးနေမကောင်းသဖြင့် မေမေ အောင်မြေ့ကိုလက်ဆွဲပြီး အပြေးရောက်သွားစဉ်ကဖြစ်သည်။





ကလေးမို့ စကားလုံးတွေကို လုံးစေ့ပတ်စေ့မမှတ်မိသော်လည်း သေချာသည့်စကားလုံးတစ်လုံးတော့ ရှိနေသည်။ 'နောက် ဘယ်တော့မှ မလာခဲ့နဲ့' ဆိုသော တိကျပြတ်သားမာကျောသည့် အသံတစ်သံသည် ခုထိနားထဲစွဲနေဆဲ။

ခေါင်းကို ထပ်ခါမိပြန်သည်။

သေချာတာကတော့ ဖေဖေ့ဖက်ကဆွေမျိုးတွေထဲကရော မေမေ့ ဖက်ကဆွေမျိုးတွေထဲကရော တစ်ယောက်မှမဟုတ်နိုင်ဆိုတာပင်။ အောင်မြေ တကယ်တမ်း သံသယရှိတာက သူ့သူငယ်ချင်းလေးယောက်။ သို့သော် ဒီသူငယ်ချင်းလေးယောက်ကြည့်ရတာကလည်း သံသယ ပျောက်လောက်သည်။

ပြောနေလည်း ရှည်ရှည်ဝေးဝေးငြင်းမည့်ပုံမပေါ်။ အကုန်လုံးက လိုလိုလားလား အားတက်သရောကြီး ဝန်ခံနေကြတော့ သိပ်မဟုတ်သေး။ သူ့မှာကလည်း စဉ်းစားစရာလူကုန်ပြီ။

ဘဝအဆက်ဆက်က ရေစက်ရှိခဲ့ဖူးသူ အလှူရှင်တစ်ယောက်ဟုသာ သတ်မှတ်လိုက်တာ ပိုကောင်းမည်ထင်သည်။ မနက်ဖြန်ကစလို့ ငွေကိုထုတ်ပြီး ဘဏ်အကောင့်ထဲထည့်ထားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။

ဘာလိုလိုနှင့် မေမေဆုံးတာပင် တစ်လကျော်သွားခဲ့ပြီ။ တစ်လပြည့်ဆွမ်းကပ်တုန်းက နီကလွဲလျှင် လူစုံပါသည်။ နီကတော့ ကားရိုက်နှင့် နယ်ရောက်နေ၍ မလာနိုင်ခဲ့ခြင်းဖြစ်သည်။

"အောင်မြေ. . . အိပ်နေလား"

"မအိပ်ပါဘူး. . . လှဲနေတာ"

"အေး. . . လှဲရင်လည်း စင်အောင်လှဲသူငယ်ချင်း၊ ဖုန် တွေက တော်တော်များတာ"

တံခွန်က ဝင်နောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အချိန်ကား ညစာစားသုံးရန် အချိန်ကျပြီဖြစ်သဖြင့် . . ."

"ရပြီ. . . ရပြီ. . . ဆက်မပြောနဲ့တော့. . . လာမယ်. . . ဟင်းချက်ဖို့မဟုတ်လား"

"ဒါပေါ့"

အောင်မြေ အခန်းထဲကထွက်လာပြီး မီးဖိုထဲတန်းဝင်ခဲ့လိုက်သည်။ ထမင်းကတော့ ချက်ထားပြီးသား။ ခလုတ်နှိပ်ရုံနှင့်ကျက်သော ထမင်းကိုတော့ ကျော်ကြားက တာဝန်ကျေစွာချက်သည်။

"လွယ်လွယ်ကူကူ လမ်းထိပ်ဆိုင်က စားရဦးမှာလား"

တံခွန်က မျက်နှာငယ်နှင့်မေးသည်။ သူက အပြင်စားသိပ်မစားချင်တတ်သူကိုး။

"အာ. . . ရတယ်. . . ငါချက်မှာ. . . ဘဲဥရှိတယ်၊ ခရမ်းချဉ်သီးရှိတယ်၊ နောက် မိဖြူပေးထားတဲ့ ပုဇွန်ခြောက်ကျော်တွေလည်း ကျန်သေးတယ်၊ ဘဲဥကို ပုဇွန်ခြောက်နဲ့နှပ်လိုက်မယ်၊ ခရမ်းချဉ်သီးသုတ်မယ်၊ တံခွန်က ခရမ်းချဉ်သီးလှီး၊ ကျော်ကြားက ကြက်သွန်လှီး"

တာဝန်တွေကိုယ်စီခွဲပေးလိုက်ပြီး ကိုယ်တိုင်ကတော့ ဘဲဥပြုတ်ထားပြီး ပုဇွန်ခြောက်ထောင်းထားလိုက်သည်။ နာရီဝက်အတွင်း ချက်ပြုတ်သည့်ကိစ္စပြီးသွား၏။

"ဘယ်ဆိုးလို့လဲ၊ ဒီနေ့တော့ လူလိုသူလိုစားရမယ်"

တံခွန် ကျေနပ်စွာပြောသည်။ ဒီသူငယ်ချင်းတွေလည်း သူနဲ့လာနေမှ အစားဆင်းရဲရရှာသည်။ သူတို့အိမ်တွေကလည်း အားရင်အားသလို လမ်းကြုံလျှင်ကြုံသလို တစ်ခုခုဝင်ပို့တတ်ကြပါသည်။

"ဘာပဲပြောပြော ခုလို ပူပူနွေးနွေးချက်ပြီးကာစဆိုတော့ လက်ရာမကောင်းလည်း စားကောင်းမှာပါပဲ"





ကျော်ကြားက အရေးထဲ အမှတ်မပေးချင်သလိုပြောသေးသည်။ အောင်မြေကလည်း မခံပါ။

"တစ်ချို့များ ကြက်သွန်တောင်သေချာမလှီးတတ်ဘူး၊ ချက်ဖို့ဆိုဝေးရော"

"ဝေးဆို ကိုယ်တို့က ချက်တတ်ပြုတ်တတ်တဲ့မိန်းမ ရှာယူမှာလေ"

တံခွန်ကတော့ ထမင်းပန်းကန်ကို လှမ်းဆွဲလိုက်ရင်း . . .

"အဲလိုလူတွေပါပဲ၊ မိန်းမရမှ ခပ်ကုတ်ကုတ်လေး ချက်ကျွေးရတတ်ကြတာ"

"အေးလေ. . . ရှုတင်ထမင်းမစားနိုင်လို့ ကိုယ်တိုင်ချက်ကျွေးနေရပါတယ် ကြားရဦးမယ်"

တံခွန်နှင့်အောင်မြေ အထာပေါက်စွာနောက်တော့ ကျော်ကြားရယ်သည်။ သူ နီ့ကို စိတ်ဝင်တစားဖြစ်နေတာကြာပြီပဲ။ အားလုံး ရိပ်မိလောက်အောင်ပင်။ သူကိုယ်တိုင်က ရှေ့မတိုးရဲသလို နီကိုယ်တိုင်ကလည်း မသိချင်ယောင်ဆောင်ပြီး ရှေ့မတိုးနိုင်အောင် လုပ်ထားသည်။ ကျော်ကြားတို့ ဖုန်းမဆက်လိုက်နှင့် အောင်မြေ့အကြောင်းချည်း လှမ်းမေးတော့သည်ဟုလည်း ကြားဖူးထားသည်။

"အဲလိုက တကယ်ဖြစ်မယ်ဆိုလည်း ချက်ကျွေးချင်ပါတယ်"

ကျော်ကြား·လေသံက ချက်ချင်းကြီးပြောင်းသွားသည်မို့ သုံးယောက်သား တဟားဟားရယ်ဖြစ်လိုက်ကြသည်။

"ကဲ. . . ဟဲ. . . ကိုယ့်ဘာသာကိုယ် လူလားအရင်မြောက်အောင် ကြိုးစားလိုက်ဦး၊ အဲလိုကြိုးစားနိုင်ဖို့က ခု စားထားမှ ခဏနေစာကြည့်နိုင်မှာ၊ လူလားမြောက်မှ စောစောကကိစ္စတွေ ဆက်စဉ်းစား၊ ခုတော့ ဖြူ့စကားနဲ့ပြောရရင် ကျောင်းသားက ကျောင်းစာပဲလုပ်. . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



တံခွန်စကားကြောင့် ဒုတိယအကြိမ် ရယ်မောဖြစ်လိုက်ကြသည်။ တစ်စစနှင့်တော့ ရယ်သံတစ်ချို့ ပြန်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

■





[ ၈ ]

**EXPERIENCING**
**(3 of wands)**



www.burmeseclassic.com

www.burmeseclassic.com

( ၈ )

ခုဆို စာအိတ်အဖြူလေး (၇)အိတ်ဖြစ်လာခဲ့ပြီ။ တစ်လခြား ပုံမှန် ဆိုသလို သူတို့မရှိချိန်တိုင်း လာလာထည့်ထားတတ်သည့် စာအိတ်ဖြူကလေးက ခုတော့လည်း သူတို့အတွက် အထူးအဆန်းမဟုတ်တော့။ ရောက်လာလျှင် ကောက်သိမ်းထားလိုက်ကြပြီး အားသည့်ရက် ဘဏ်သွား ငွေထုတ်ကာ ပြန်သိမ်းထားလိုက်သည်။ အရင်ကလို ပြုံးပြုံးနေအောင်လည်းမကြည့်ဖြစ်တော့။

ဒီနေ့ ဘဏ်ကပြန်လာတော့ လမ်းမှာ ကျော်ကြီးက စကားတစ်ခွန်းကိုပြောသည်။

"အဲဒီဘဏ်မှာ မမေ့မောင်ဝမ်းကွဲတစ်ယောက်ရှိတယ်တဲ့"

"ဟုတ်လား"

ဘယ်သူကမှ သူ့စကားကိုစိတ်မဝင်စားကြ။ ဒီလောက်ငွေသွင်း ငွေထုတ်လွယ်ကူနေသည့်ခေတ်ကြီးမှာ ဘယ်သူနှင့်မှ သိထားစရာမလိုဘူး မဟုတ်လား။





"မင်း. . . ဦးလေးက ရုပ်ရှင်ရုံမန်နေဂျာဆိုရင်တော့ တော်တော် အသုံးဝင်မှာ"

"အင်းလေ. . . ဟုတ်ပ"

ကျော်ကြီးက ဘာမှတုံ့ပြန်မနေဘဲ သူ့လိုရင်းကိုသာ သူ ဆက်ပြောသည်။

"သူ့ကိုမေးရင်တော့ အဲဒီချက်ခ်လက်မှတ်အဲကောင့်ရှင်ဟာ ဘယ်သူလဲဆိုတာ သိနိုင်မှာပဲ"

ထင်မှတ်မထားသောစကားကြောင့် နှစ်ယောက်သား ရုတ်တရက်တော့ ကြောင်အမ်းအမ်းဖြစ်သွားသေးသည်။ ပြီးမှ တံခွန်က. . .

"ကားပြန်လှည့်လိုက်ရမလား" တဲ့။

"နေစမ်းပါ၊ မေးရင်တောင် ဖြေပါ့မလားစဉ်းစားနေတာ"

ကျော်ကြီးစကားကြောင့် အားလုံးငြိမ်သွားကြသည်။ ဟုတ်တော့ ဟုတ်တာပဲ။ သိလိုသည့်အကောင့်ကို ဘယ်သူလဲဆိုတာ မေးခွင့်ဖြေခွင့် ဘဏ်မှာ ရှိမရှိ သူတို့မသိ။

မေးလို့ရဦးတော့ သူ့ဦးလေးတော်က 'ရှုပ်ရှုပ်ယှက်ယှက်' ဟုဆိုကာ မဖြေဘဲနေလျှင်လည်း ဘာမှမတတ်နိုင်။

"ငါ. . . အရင်ဖုန်းဆက်လိုက်ပါဦးမယ်"

ကျော်ကြီး ဖုန်းခေါ်၏။

"လေးလေးလား. . . ကျော်ကြီးပါ"

". . ."

"ဟုတ်. . . မေမေလည်းနေကောင်းပါတယ်၊ တစ်ခုလောက် မေးချင်လို့ပါ"

ကျော်ကြီးက ဇာတ်စုံရှင်းမနေဘဲ ကွေ့ပတ်ပြောသည်။

"ဒီလို. . . လေးလေး၊ ချက်ခ်လက်မှတ်တစ်ခုနဲ့ ငွေလာထုတ်တယ်ဆိုပါစို့၊ အဲဒီအကောင့်ပိုင်ရှင်ရဲ့လက်မှတ်လည်း ပါတယ် ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကောင့်ပိုင်ရှင်က ဘယ်သူလဲဆိုတာ အတိအကျမသိဘူး၊ အဲဒါဆို ဘဏ်ကိုမေးလို့ရလား"

"..."

"ဟုတ်...ဟုတ်"

အောင်မြင်စွာနှင့် ကျော်ကြား ဖုန်းချလိုက်သည်။

"ဘာတဲ့လဲ"

"မပြောဘူးတဲ့"

"အဲဒါ ဥပဒေအရလား၊ စည်းကမ်းအရလား၊ လူမှုရေးအရလား"

အောင်မြေတို့ကတော့ ထုံးစံအတိုင်း မေးခွန်းတွေတသီကြီး ထွက်လာသည်။

ကျော်ကြားက အောင်မြေ့ကို ကလေးတစ်ယောက်လိုကြည့်ရင်း

"အဲဒါတွေ မင်းခက်တာပေါ့အောင်မြေ၊ မပြောဘူးဆိုရင် ဟုတ်ကဲ့ပေါ့၊ ပြီးတော့မှ နောက်တစ်နည်းနဲ့လှည့်မေးတာပေါ့၊ သူမဖြေရင်တောင် သူ့လက်အောက်မှာ ပေါင်းစရာလူတွေအများကြီး၊ လူငယ်ချင်းဆို အကျိုးအကြောင်းပြောပြလိုက်ရင်ပဲ၊ နားလည်ပြီးသား၊ လူကြီးတွေဆိုတာကတော့ ရှင်းပြရတော်တော်ခက်တတ်တယ်လေ"

"မင်း ဘာလို့ အမှန်အတိုင်းမပြောပဲ ဝှေ့နေလဲ"

တံခွန်ကမေး၏။

"အောင်မြေတင် အူသလားမှတ်တယ်၊ တံခွန်လည်းပါတာပဲ၊ လေးလေးကို ငါကသွားပြီး ခုလို လူမသိသူမသိ ချက်ခ်လက်မှတ်တွေ အောင်မြေကရနေလို့ စုံစမ်းနေပါတယ်လို့ ပြောလိုက်လို့ရမလား၊ ပြောလိုက်မှဖြင့် ဟိုက မသိစေချင်လို့ဝှက်ထားတာ၊ သူတို့လည်း ပြောခွင့်ရှိတောင်မပြောဘူးပေါ့၊ ခုနက သူမေးတဲ့မေးခွန်းတွေထဲက နောက်ဆုံးမေးခွန်းဖြစ်တဲ့ လူမှုရေးအရဆိုတာကြီးနဲ့ ငြိစွန်းပြီးကိုမဖြေတော့ဘူး..."





အေးရော၊ လူကြီးတွေနဲ့အလုပ်လုပ်ရတာ ပညာသားပါရတယ်ကွ"

ကျော်ကြားက ဆရာကြီးလေသံနှင့်ဖြေ၏။ ခုချိန်မှာတော့ ဒီလေသံကို ဘယ်လောက်ကြီးအမြင်ကပ်နေနေ သည်းခံရမှာပင်။ လောလောဆယ်မှာတော့ သူက ဆရာကြီးဖြစ်နေသည်ကိုး။ ဒီကောင့်ကြည့်ရတာ ကျောင်းပြီးလျှင် ဆေးကုမစားတာက ပိုအောင်မြင်မည်ထင်သည်ဟု အောင်မြေ စိတ်ပေါက်ပေါက်နှင့် တွေးနေမိသည်။ အရာရာ သူချည်းသိနေပါးနပ်နေသည်ကိုး။

"ဒါဆို ဘာဆက်လုပ်မှာလဲ"

"ဒုတိယအဆင့်အနေနဲ့ မေမေ့ကိုမေးခိုင်းမယ်၊ ဒါလည်း သိပ်တော့မမျှော်လင့်နဲ့၊ သူ့အစ်မပဲလေဆိုပြီး ဖြေလိမ့်မယ်တော့မထင်နဲ့၊ ငါ မေးခိုင်းတာလို့လည်း သိသွားနိုင်သလို အောင်မြေ ဒီလိုဒီလိုကိစ္စတွေရှိပါတယ်လို့လည်း သိပ်ရိုးသားတဲ့အမေက ရှင်းပြလိုက်ဦးမှာ"

"အင်း... အံ့တော့အံ့သြစရာပဲ"

တံခွန်က ထိုသို့ဆိုသည်။

"ဘာလဲကွ... ဘာအံ့သြစရာကပါလာတာလဲ"

"ဒီလိုအမေက ဒီလိုသားမွေးထားတာကို ပြောပါတယ်"

"အဲဒါ ပါရမီထူးတယ်လို့ခေါ်တယ်"

ခုချိန်မှာတော့ ကျော်ကြားကို သူတို့ သည်းခံရုံသာရှိသည်။

"ကဲ... ကဲ... တတိယအဆင့်ပြောပါဦး၊ မင်းလေးလေးဆီ ကောင်မလေးတစ်ယောက် လွှတ်မေးရမှာလား"

"ကျွတ်... ညံ့ပြန်ပြီ၊ လေးလေးဆီကို ကောင်မလေးတစ်ယောက် လွှတ်မလား၊ ကိုယ့်ဘာသာကိုယ်ပဲ လေးလေးလက်အောက်က ကောင်မလေးတွေဆီ အနစ်နာခံသွားလိုက်တော့မှာပေါ့"

တံခွန်နှင့်အောင်မြေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဒါကို နောက်ခန်းမှာထိုင်သည့်ကျော်ကြားကလည်း မြင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် အနစ်နာခံချင်လို့ရော မရဘူးလားလို့မေးမလို့လား"

"မမေးပါဘူး၊ ငါတို့က အေးတွေပဲ"

အောင်မြေက ရွှံ၏။ အတည်ပြောတာဆိုလည်း အတည်ယူနိုင်သည်။ လူမှုပတ်ဝန်းကျင်နှင့် ကင်းလွတ်နေတာမျိုးမဟုတ်သည့်တိုင်ည့်' တာတော့သေချာသည်မို့ ဝန်ခံရဲပါသည်။

"ကဲ. . . ဒုတိယအဆင့်ကို အရင်စမယ်"

ကျော်ကြား သူ့အမေကိုဖုန်းခေါ်သည်။ အမေကို ပတ်ချွဲနှပ်ချွဲလုပ်လိုက်တာကတင် ဆယ်မိနစ်လောက်ကြာသည်။ နောက်မှ လိုရင်းကိုပြောသည်။ လိုရင်းပြီးတော့ အဆစ်လည်းတောင်းလိုက်သေးသည်။

"သားတို့ရိက္ခာပြတ်နေပြီ မေမေ၊ အားတောင်သိပ်မရှိတော့ဘူး၊ လာပို့ဦးတစ်ခုခု" တဲ့. . .။

ဒါကတော့ ကန့်ကွက်စရာအကြောင်းမရှိသည်မို့ အားလုံးကငြိမ် နားထောင်ပေးလိုက်သည်။ ညကျတော့ ကျော်ကြားရဲ့အမေရောက်လာသည်။ ထင်သည့်အတိုင်း။ အဆစ်တောင်းသောစားစရာများကရောက်လာပြီး လိုချင်သောအဖြေကတော့ မရလိုက်ပါ။ ကျော်ကြားကြိုတင်ခန့် မှန်းထားသလိုပင် သူ့ဦးလေးက ဟိုကောင့်ကိစ္စမဟုတ်လားဟုမေးသလို သူ့အမေကလည်း သူ့သားကိစ္စမဟုတ်ဘဲ အောင်မြေ့ကိစ္စဆိုတာကို ခရေစေ့တွင်းကျ ရှင်းပြလိုက်သေးသည်။

ကျော်ကြားအမေပြန်သွားတော့ . . .

"တွေ့လား. . . ငါမပြောဘူးလား"

"အင်း. . . ဒီတော့"

"နောက်လမ်းကြောင်းရှာမယ်လေ"

"ကောင်မလေးဆီသွားဖို့လား"





"အဲဒါက စကားအရပြောတာပါ၊ အားတာမှမဟုတ်တာ၊ နောက်ထပ် လင့်ခ်တစ်ခုရှာရမယ်၊ နောက် ဘယ်သူ့အသိတွေ ဘဏ်မှာရှိလဲ၊ ငါတို့အရွယ် လူငယ်ဖြစ်ရင်တော့ အကောင်းဆုံးပဲ၊ ငါ ဖြူ့ကိုလှမ်းမေးလိုက်မယ်"

ကျော်ကြား ဖြူ့ဆီ ဖုန်းလှမ်းဆက်ပြန်သည်။ ဖြူတို့လိုပင် ရိုးရိုးဘွဲ့ရထားသူတစ်ယောက်၊ ထိုဘဏ်တွင် အလုပ်လုပ်နေသည်ဟုကြားသည်ဆိုသော အဖြေတစ်ခုတော့ရလိုက်သည်။ သိပ်တော့မသေချာ။ ဖြူ့ကို ဆက်စုံစမ်းခိုင်းသလို သူတို့လည်း နောက်နေ့သွားကာ ထိုသူငယ်ချင်းကို ထိုဘဏ်တွင် ရှိမရှိ သွားကြည့်ရပေလိမ့်မည်။

ပြီးရင်တော့ ဆယ်တန်းတည်းကကွဲသွားတာ၊ မတွေ့ရတာ လွမ်းလိုက်တာတွေဘာတွေ ပြန်လုပ်ရဦးမယ်၊ ခုထိတော့ ဒင်းနာမည်ပင်စဉ်းစား မရသေး။ စာလုံးသုံးလုံးတည်းပါသောနာမည်က ခုထိသူတို့သုံးယောက် ခေါင်းထဲ အတည့်ဝင်မလာသေး။ သုံးလုံး,လုံးလည်းလွဲချင်လွဲနေနိုင်သေးသည်။

"လောကမှာ ဘာမှမလွယ်ပါလား"

"ဟုတ်တယ်၊ ဘယ်နေရာမဆို ခလုတ်ထိမှနိုပ်လို့ရတာ"

"မှားနှိပ်မိရင်တော့ မီးလင်းလာရမယ့်အစား ပန်ကာကြီးလည်လာလိမ့်မယ်"

သိပ်လည်း ရယ်စရာမဟုတ်ပါဘဲ သူတို့ ရယ်ဖြစ်ကြသည်။ တစ် ခါတစ်ခါတော့လည်း ငြိမ်သက်နေသင့်သောအရာက လှုပ်ခတ်လာတော့ အချို့သောအရာတွေ လွင့်မျောသွားရတတ်သည်မဟုတ်ပါလား။

■



www.burmeseclassic.com

www.burmeseclassic.com


[ ၉ ]

## INTENSITY

**(Knight of Wand)**



( ၉ )

"သူ့နာမည်က ဖြူလင်းလွင်တဲ့၊ ဆယ်တန်းတုန်းက ငါတို့အခန်းထဲကပဲ သိပ်ဖော်ရွေတတ်တယ်၊ လူမှုဆက်ဆံရေးလည်းကောင်းတယ်"

ဖြူက ပြောပြ၏။

"ငါသိပြီ၊ ကျောင်းကောင်စီထဲမှာလည်းပါတယ်"

"အေး. . . ဟုတ်တယ်"

"တစ်ခါ. . . ငါတို့ဆရာကန်တော့ပွဲမှာတောင်မှ အတူတူအထုတ်တွေထုတ်ခဲ့ကြသေးတယ်"

ခုကျကာမှ တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းမှတ်မိသွားကြတော့သည်။ ဒီလိုကျတော့လည်း သူ့ဦးလေး မသက်သာဖြစ်အောင် ဘဏ်ကိုသွားနေစရာပင်မလိုတော့။ ဖြူက ဖြူလင်းလွင်ဆီ သွားဖို့ တာဝန်ယူလိုက်သည်။

"နင်ကရော ငါ့အထုတ်ကိုဖြေပြဦးမှာလား"


www.burmeseclassic.com

www.burmeseclassic.com



အောင်မြေက ဖြူ့ကိုမေး၏။ ဖြူက မျက်လုံးအပြူးသား ပြန်ကြည့်သည်။

"ငါက နင့်အကြောင်းကိုမပြောပြလို့ ငါ့ကို ထောက်ပံ့နေတာပါလို့ ပြောရမလား"

"စိတ်ကူးမယဉ်ပါနဲ့ဟာ"

တံခွန်က ရအောင်ဝင်နောက်လိုက်သေးသည်။ ကျော်ကြားက ဝင်ပြော၏။

"ငါတို့လူငယ်ချင်းက နားလည်ပါတယ်၊ ပညာသင်ထောက်ပံ့ကြေးဆိုတဲ့ စာကြောင်းလေးပါတာကအစ ထည့်ပြောပေါ့၊ တော်ကြာ မိဖြူ စိတ်ကူးယဉ်သလို ဖြူလင်းလွင်ကလည်း အောင်မြေ့မှာ စပွန်ဆာရှိနေတယ်လို့ ထင်နေဦးမယ်"

ကျော်ကြားစကားကြောင့် အောင်မြေ အသံတိတ်ဆဲရေးပစ်လိုက်သည်။ ကျော်ကြားကတော့ ခပ်တည်တည်နှင့် မမြင်ချင်ယောင်ဆောင်ပြီး ဖြူ့ကို မှာကြားစရာရှိသည်များကို မှာကြားနေသည်။ ပြီးတော့ ဖြူ့ကို ဘဏ်ရှေ့တည့်တည့်ချပေး၏။

"နင်ပြီးရင် ဆေးရုံဖက်ပဲလာခဲ့တော့ဟာ၊ ငါတို့ ပြေးရဦးမယ်"

"ဆေးရုံကြီးလား"

"အင်း"

ဖြူ့ကိုချပေးခဲ့ကာ ပြန်ထွက်လာခဲ့ကြသည်။ အောင်မြင်မှာပါ။ ဘာမှမပူပါနဲ့ဟုလည်း ကျော်ကြားကပြောသေးသည်။ သူစီမံကြီးကြပ်ပေးသော ပရောဂျက်ကြီးတစ်ခု အောင်မြင်တော့မှာလို့ ပြောခြင်းဖြစ်သည်။

တကယ့်တကယ်ကျ သူတို့မအားတော့သဖြင့် ဖြူ့ကို နောက်မှ ဖုန်းဆက်တော့မည်ဟု လှမ်းပြောလိုက်ရတော့သည်။

ညကျတော့မှ ဖြူ့ကိုသတိရသည်။





"မိဖြူဆီ ဖုန်းဆက်ပါဦး"

"ငါတို့ဝင်သွားလိုက်မယ်လေ၊ သူ့ဆီကို. . ."

တံခွန်က ကားလမ်းကြောင်းကိုပါ ပြောင်းလိုက်သည်။

"ဗိုက်တော့ဆာနေပြီ၊ သူ့ပဲ နှိပ်စက်ကြတာပေါ့"

"ဒါပေါ့"

"ပြောနေစရာလိုလို့လား"

သူတို့ ဖြူ့ဆီရောက်သွားတော့ (၇)နာရီကျော်နေပြီ၊ ဖြူက တအံ့တသြနှင့်။

"ဖုန်းဆက်လိုက်တာမဟုတ်ဘူး" တဲ့. . .။

"နင့်ဆီမှာ ထမင်းပါစားချင်လို့"

"ဟင်. . . ဒီအချိန်ဘာရှိမှာလဲ၊ လာ. . . ငါ ဆိုင်မှာလိုက်ကျွေးမယ်"

"ဆိုင်ကကြီး. . . စားချင်ပါဘူး"

တံခွန်က ရှုံ့မဲ့ကာဆိုသည်။

"ဒါဆိုလည်း ထမင်းမရှိတာ ထမင်းဝယ်၊ ဟင်းကတော့ ကျန်တာရယ်၊ နောက်နေ့တွက်ချက်ထားတာတွေရယ်၊ ကြက်ဥကြော်လောက်ရယ် ဆိုရပါပြီ"

"အင်း. . . ရပါတယ်၊ ငါတို့က အဲလိုဖြစ်သလိုလည်း စားတတ်ပါတယ်"

တံခွန် ထမင်းသွားဝယ်၏။ ပြန်လာတော့ တကယ့်ကို ဖြူစီစဉ်ပေးသော ဖြစ်သလို ဟင်းလေးငါးမျိုးနှင့် စားလိုက်ကြသည်။

"ကဲ. . . ကဲ. . . ဖြူလင်းလွင်ဆီက သတင်းလေး"

"ရခဲ့ပါတယ်ဟ၊ နေဦး. . . ငါ စာရွက်သွားယူလိုက်ဦးမယ်"

ဖြူ အခန်းထဲပြန်ဝင်ကာ စာရွက်ခေါက်လေးတစ်ခု ယူလာသည်။

"နာမည်ကတော့ ဒေါ်မြတ်လေးငုံတဲ့၊ လိပ်စာက အဲဒီမှာရေး



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့အတိုင်းပဲ"

"မြတ်လေးငုံ. . . ဟုတ်လား"

အောင်မြေ လိုက်ရွတ်မိ၏။

"နင်သိလို့လား"

"အေး. . . နင့်အသိလား"

အားလုံးက သူ့ဆီ စိတ်ဝင်တစားလှည့်လာသည်။

"ဟင့်အင်း. . . သိပါဘူး၊ ဒီလိုနာမည်တောင် ခုမှကြားဖူးတာ"

"ဒီတော့. . ."

"မနက်ဖြန် အားတဲ့အချိန် လစ်ပြီးသွားကြည့်မယ်"

"မင်းက အားတာကိုး"

"မအားလည်းနောက်နေ့ပေါ့၊ အားအောင်လုပ်ရင်ရမှာပါ"

အောင်မြေ့အသံက စိတ်ဝင်စားမှုနှင့်အတူ တက်ကြွနေသည်။ ခုကျကာမှ သတိရကာမေးရသည်။

"ဖြူလင်းလွင်က အလွယ်တကူပြောရဲ့လား"

"ပြောမလားဟ. . . ဘယ်ပြောမလဲ"

"သူကတောင် ဖြူ့ကို ပြန်စစ်လိုက်ဦးမှာ"

ကျော်ကြီးကဝင်ပြော၏။ ဖြူက ထိုစကားကိုထောက်ခံသည်။

"ဟုတ်တယ်. . . ဟုတ်တယ်၊ မေးလိုက်တာမှ ထောင့်ကိုစေ့လို့ အောင်မြေ့ကိစ္စကို စုံစုံလင်လင်လေးရှင်းပြမှ၊ သူကလည်း မပေးချင် ပေးချင်နဲ့ပေးလိုက်တာ၊ ပေးခွင့်တော့ရှိပုံမပေါ်ဘူး"

"ဒါကြောင့် ငါပြောတာ၊ ငါမှန်းရင်လွဲခဲပါတယ်"

ဒီအချိန်မှာတော့ ကျော်ကြီး ဘာပြောပြော နားထောင် သည်းခံပေးရမည့်တာဝန်က အားလုံးမှာ အလိုက်တသိကြီးကိုရှိနေရ သည်။

"အင်းပါ. . . မင်းတစ်ယောက်ပဲပညာရှိကိုး၊ ဒီထဲမှာက. . ."





တံခွန်က ရွဲ့ဖြစ်အောင်တော့ရွဲ့လိုက်သေးသည်။

"မင်းတို့သိဖို့က အဓိကပါ"

ကျော်ကြီးကလည်း ရအောင်ပြန်ပြော၏။

"ကဲပါ. . . ငါ့ကို တစ်ခုခုကျွေးရမယ်နော်၊ အကြွေးမှတ်ထား မယ်"

ဖြူက ထိုသို့ဖြတ်ပြောလိုက်သဖြင့် တံခွန်ကရယ်သည်။

"လောလောဆယ် နင်ပဲသွားမေးရ၊ နင်ပဲ ခု ထမင်းကျွေးနေရ တာ မမေ့နဲ့ဦး"

ဖြူ မျက်နှာမဲ့ပြသည်။

"အင်းလေ. . . ကလေးတွေဆိုတော့လည်း ကျွေးရတာပေါ့"

"ဟုတ်ပါတယ်. . . စာရေးဆရာမကြီးရယ်"

အောင်မြေက နှစ်နှစ်လိုလိုပင် ဝင်ထောက်ခံပေးလိုက်သည်။ ကျေးဇူးရှင်ကိုး။

"ခုကျကာမှ လာမပြောပါနဲ့၊ အရင်လိုပဲ စိတ်အိုလူအို အရင် ဖြစ်နေတဲ့သူတွေလို့ ပြောလိုက်ပါလား"

ဒါက အောင်မြေ ဖြူနှင့်နီကို ပြောနေကျစကား။ အောင်မြေ ဘာမှပြန်မပြော။

"အော်. . . ကလေးဆိုတော့လည်း အမိုက်အမဲတွေလုပ်မိမှာ ပေါ့၊ လူကြီးပီပီ ခွင့်လွှတ်လိုက်. . . ခွင့်လွှတ်လိုက်၊ နောက် ငါတို့ဆရာ ဝန်ကြီးတွေဖြစ်ပြီဆိုတဲ့နေ့ကျရင်တော့ နင်တို့ရဲ့ကျဆင်းနေပြီဖြစ်တဲ့ စိတ် ကျန်းမာရေး လူကျန်းမာရေးကို ငါတို့ တာဝန်ယူပေးမှာပါ"

ကျော်ကြီးကတော့ ရအောင်ပြန်ပြောသည်။ ဒီအချိန်မှာ သူတို့ နှစ်ယောက်က ကျေးဇူးရှင်ကိုး။ ပြောချင်ရာပြောပစေဟူသော အတွေး နှင့် လွှတ်ထားလိုက်သည်။

သူတို့ပြန်လာကြတော့ လမ်းမှာ တိတ်ဆိတ်နေမိသူက အောင်



www.burmeseclassic.com

www.burmeseclassic.com

မြေ။

အောင်မြေ ငြိမ်တိတ်နေတာကိုကြည့်ပြီး ကျော်ကြားက ပြုံးသည်။

"အဲဒီ. . . ဒေါ် . . . ဘယ်သူဆိုလား"

"မြတ်လေးငုံ"

အောင်မြေ ဆတ်ကနဲဖြေပုံကိုကြည့်ပြီး တခွန်နှင့်ကျော်ကြား ကြိတ်ရယ်ကြသည်။

"အင်း. . . အဲဒါ. . . ငါတို့တာဝန်ပေးထားတဲ့သူလေ"

"ဘာရယ်"

ကျော်ကြားစကားကို နားမလည်သလိုပြန်မေးမိသည်။

"အော်. . .မင်း. . . သိပ်အလောတကြီး ဆေးရုံကနေလစ်ထွက်တာတွေဘာတွေ လုပ်နေမှာစိုးလို့ သနားတာနဲ့ အသိပေးတာပါ"

"ဘာလဲကွ"

အောင်မြေ ခုထိနားမလည်သေးတာသေချာသည်။တခွန်က မနေနိုင်တော့။ ဝင်ပြောပေးလိုက်သည်။

"မင်းပဲ. . . ငါတို့လေးယောက်ကို မသက်သာခဲ့ဘူးမဟုတ်လား၊ အဲဒီလူက ငါတို့အတွက် ကြားထဲကနေ ကူညီပေးတဲ့သူလို့ဆိုလိုတာ"

ဒီလိုကျမှ အောင်မြေ သဘောပေါက်ကာရယ်မိတော့သည်။ သို့ သော် ကျော်ကြားက ခပ်တည်တည်နှင့် စကားတစ်ခွန်းရအောင် ပြောလိုက် သေးသည်။

"ရယ်မနေနဲ့၊ မင်း ဘယ်လိုစုံစမ်းစုံစမ်း သူက ပြောမှာမဟုတ်ပါဘူး"

"ကြည့်သေးတာပေါ့ကွာ"

အောင်မြေကတော့ ဒီလောက်ကြီး အတင်းကာရော လာဝန်ခံနေပုံကို ယုံလိုက်စရာ ဘာအကြောင်းမှမရှိဟုတွေးလိုက်ရင်း ထိုမျှသာ





ပြန်ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်မှာတော့ တစ်ခုခုထူးလောက်ပါသည်ဟုတွေးကာ အလိုလို စိတ်လက်ကြည်လင်လာသလို ခံစားလိုက်ရတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (နှစ်)

*"Love seeketh not itself to please*
*Nor for itself hath any care*
*But for another gives its ease,*
*And builds a heaven in hell's despair.*

(Song of Experience : The clod
and the Pebble)
(William Blake)





[ ၁ ]

## THE LOVER
### (9 of Sword)



www.burmeseclassic.com

www.burmeseclassic.com



## ( ၁ )

"ဒေါ်မြတ်လေးငုံ"

ဒီနာမည်ကို စိတ်ထဲကတဖွဖွရွတ်နေခဲ့တာ မနေ့ကညကတည်းက။ သူမ ဘယ်လိုလူမျိုးလဲ။ သူနဲ့ ဘယ်တုန်းက ဘယ်လိုပတ်သက်ခဲ့ဖူးသလဲ။ တစ်စုံတစ်ရာပတ်သက်ဖို့ဝေးလို့ ဒီလိုနာမည်မျိုးပင်။ ဘဝမှာ ဆင်ဆင်လေးမှမကြားခဲ့ဖူးတာ အတော်သေချာသလောက်ရှိနေပါလျက်ခုလို တွေးမိတာ နည်းနည်းတော့ရယ်စရာကောင်းနေသည်။

ဟိုကောင်တွေပြောသလို သူတို့က လျှို့ဝှက်စေခိုင်းထားသူပဲလား။ သိပ်မယုံချင်ပေမယ့် တစ်ခါတစ်ခါကျ open secret က ပိုပြီးရှာဖွေ ရခက်စေသည်ကိုလည်း ပြန်သတိရချင်နေမိပြန်သည်။ ခက်တော့ ခက်သား။

နံပါတ်တွေကို ရေတွက်လာခဲ့ရာ လိပ်စာတွင်ပါသော နံပါတ်ရှေ့တည့်တည့်သို့ သူရောက်လာခဲ့ပြီ။ ကြည့်လိုက်တော့ ခုခေတ်တွင် သိပ်မတွေ့ရတော့သော ဆင်နားရွက်တံခါးနှင့် ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်။





"ဒေါ်မြတ်လေးငုံ"

"တရားရုံးချုပ်ရှေ့နေ" တဲ့။

ပိုလိုတောင်ဝေးသွားသလို သူ့ဘဝတွင် ရှေ့နေဆိုတာ ဒါပထမဆုံးအကြိမ် မြင်ဖူးမှာဖြစ်သည်။ တံခါးကိုအသာတွန်းဖွင့်ဝင်သွားတော့ အထဲမှာ စားပွဲတစ်လုံးနှင့်ထိုင်နေသော အမျိုးသမီးကြီးတစ်ယောက်။ ထို စားပွဲနှင့် အမျိုးသမီးကြီးနောက်မှာက ဇာခန်းဆီးခပ်ထူထူ အဖြူရောင်ကို ဖောက်မြင်နေရသည့် ကျွန်းနှင့် မှန်စပ်ထားသော တံခါးတစ်ချပ်။

ထိုနေရာတွင် ဒေါ်မြတ်လေးငုံဟူသောအမည်ကို ထပ်မံချိတ်ဆွဲထားပြန်သည်။ ကျွန်းသားပေါ်တွင် ဆေးအဖြူနှင့်ရေထားသော ဆိုင်းဘုတ်။ ကျွန်းသားပြားလေးက သစ်ပင်တစ်ခုကိုဖြတ်ထားသည်။ ပင်စည်ပြားနှင့်တူသည်။ ပေါလစ်ရှိများပြောင်လက်နေ၏။ အပြင်ကဆိုင်းဘုတ်ကတော့ သံပြားနှင့်။ ဒီဆိုင်းဘုတ်က ပိုမိုခန့်ညားကာ အဟန့်အတားတစ်ခုနှင့်ပင် တူနေသလို။

စားပွဲမှ အမျိုးသမီးကြီးက သူ့ကို စူးစမ်းသလိုကြည့်ကာ မေးသည်။

"ကလေးက မြတ်လေးငုံဆီမှာ appointment ယူထားလို့လား"

"မယူထားပါဘူး"

"အမှုက"

ပြောပြောဆိုဆို စာအုပ်တွင်ရေးမှတ်ရန်ပြင်သည်။

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် အမှုကိစ္စနဲ့လာတာမဟုတ်ဘူးခင်ဗျ"

"ဒါဆို. . . ဘာကိစ္စလဲ"

"ကျွန်တော့်နာမည် အောင်မြေပါ၊ အောင်မြေလာတယ်လို့သာ ပြောပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက သူ့ကိုတစ်ချက် စူးစမ်းသလိုကြည့်သည်။ သူ မသိချင်ယောင်ဆောင်နေလိုက်သည်။ ခဏ. . . ဟုဆိုကာ အခန်းထဲသို့ ဖုန်းလှမ်းခေါ်သည်။

"အောင်မြေလို့ပြောပါတယ်"

တစ်ဖက်မှ ဘာပြန်ပြောသည်မသိ။ အမျိုးသမီးကြီးက သူ့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ ခေါင်းတစ်ချက်ညိတ်လိုက်ကာ ဖုန်းကို ချ၏။

"ဝင်သွားလိုက်ပါ"

တံခါးကြီးကတော့ ခပ်တင်းတင်းကြီးနှင့် သူ့ကို ဆီးကြိုနေသလိုပင်။ တံခါးပေါ်ကဖုလုံးလေးကို အသာလှည့်ဖွင့်လိုက်တော့ တံခါးက ပွင့်သွားသည်။ အခန်းထဲမှ အေးစိမ့်သောအတွေ့အထိက သူ့ကို တစ်ချက်တော့တွန့်သွားစေသလိုပင်။ အခန်းထဲမှာ လေအေးစက်ကို အစွမ်းကုန်ဖွင့်ထားပုံရသည်။ အခန်းထဲကို လှမ်းဝင်လိုက်တော့ ဧရာမကျွန်းစားပွဲကြီးနောက်တွင်ထိုင်ကာ သူ့ကို ခပ်စူးစူးလေးကြည့်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၏။

မြန်မာဆန်ဆန် ဝတ်ဆင်ထားသော်လည်း သူမပုံစံက အတော်လေးတော့ ခေတ်မီမီ စမတ်ကျကျရှိလှသည်။ ကပိုကရိုဆန်သော်လည်း စနစ်တကျထုံးဖွဲ့ထားဟန်ရှိသော ဆံထုံးနှင့်။ ဘောလ်ပင်တစ်ချောင်းကို နားထင်တွင်ထောက်ကာ ရှေ့မှာ ဖွင့်ချထားသောစာအုပ်ကို မကြည့်ဘဲ သူဝင်လာတာကို ခပ်စူးစူးလေးကြည့်နေပုံက အရာရာကို အသင့်ဖြစ်နေပုံ။

"ဒေါ်မြတ်လေးငုံ. . . ဆိုတာ. . ."

"ဟုတ်တယ်. . . မောင်အောင်မြေ၊ ထိုင်ပါ. . "

ဆရာမတစ်ယောက်က ကျောင်းသားတစ်ယောက်ကိုဆက်ဆံသလို လူကြီးသူမတစ်ယောက်က ကလေးတစ်ယောက်ကိုဆက်ဆံသလို





သူ့ကိုဆက်ဆံနေသည့် ဒေါ်မြတ်လေးငုံကို သူ တစ်ချက် သေချာကြည့်လိုက်မိသည်။

(အသက်က အလွန်ဆုံးရှိလှ သုံးဆယ်ကျော်ပေါ့။ ခုခေတ်အမျိုးသမီးတွေက နုကနုသနဲ့ ပိုပိုသာသာပြီး တွက်ထားနိုင်ကာမှ တော်ကာကျမည်မဟုတ်လား)

မခံချိမခံသာ စိတ်ကလေးကို ခဏသိမ်းထားလိုက်ရင်း သူမညွှန်ရာ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

"ကဲ. . . ဆိုပါဦး. . . ကိစ္စက. . . "

သူမက မသိသလိုမေးတော့ ဖြေရမည့်တာဝန်က ရှိလာပြီ။

"ကျွန်တော့်ဆီ လတိုင်းပို့ပို့နေတဲ့ ချက်ခ်လက်မှတ်ကိစ္စ"

"ဟုတ်တယ်. . . အန်တီပို့နေတာပဲ"

"ခင်ဗျာ. . ."

သူ့ 'ခင်ဗျာ' က သူမကိုယ်သူမ 'အန်တီ' ဟု သုံးနှုန်းလိုက်သည့်အတွက်ဖြစ်ပြီး ဒေါ်မြတ်လေးငုံကတော့ သူ အံ့ဩသွား၍ဟုထင်ပုံရသည်။ သို့သော် သိလို့ပဲ ဒီထိ တန်းတန်းမတ်မတ်ကြီး လိုက်လာခဲ့ပြီပဲ။ ကျောင်းစာကလွဲလျှင် ဘာကိုမှစိတ်မဝင်စားတတ်၍သာ ဒီချက်ခ်လက်မှတ်တွေကို ဘယ်လိုခြေရာကောက်ရမှန်း ချက်ချင်းမသိခဲ့တာ။ ခု သူငယ်ချင်းတွေ ပံ့ပိုးကူညီမှုဖြင့် ခြေရာခံခဲ့မိပြီ။

"ပို့နေတာကိုသိပါတယ်။ သိလို့ပဲ ကျွန်တော် ဒီကိုလာခဲ့တာပါ၊ ဘာလို့ပို့နေတယ်ဆိုတာကိုပဲ သိချင်တာ"

"အန်တီ့ account ကနေပို့တယ်ဆိုပေမယ့် ငွေက အန်တီ့ငွေ မဟုတ်ပါဘူး"

သူ ဒေါ်မြတ်လေးငုံကို တစ်ချက်စူးစမ်းသလိုကြည့်တော့ သူမက ခပ်စူးစူးလေးပြန်ကြည့်နေ၏။ အကြည့်တွေက တော်တော်တည်ငြိမ်လှပတာကို သတိထားမိသည်။ နက်မှောင်စူးရှသော မျက်ဝန်းများက



www.burmeseclassic.com

www.burmeseclassic.com



သူ့ အတွက် တစ်ခါမှလည်း မမြင်ဖူးပါပဲ၊ ရင်းနှီးနေသလို။

"ဟုတ်ကဲ့. . . ကျွန်တော်သိချင်တာကလည်း ဘယ်သူက ဘာကြောင့် ပို့ပေးနေတာလဲဆိုတာပါ"

"ဘယ်သူက. . . ဆိုတော့ အန်တီ့ client တစ်ယောက်က၊ မင်းရဲ့ပညာရေးကို လိုလားသူ၊ ဘာကြောင့်ဆိုတော့ မင်းပညာရေးရှေ့ဆက်ဖို့ တစ်နိုင်ငံလုံးမှာ ပထမရထားပြီး ခွဲစိပ်အထူးကု သိပ်ဖြစ်ချင်တဲ့၊ ခုဆို မိဘနှစ်ပါးလုံးမရှိတော့တဲ့ အောင်မြေဆိုတဲ့ကလေးတစ်ယောက်ရဲ့ ပညာရေးကို လိုလားသူ"

သူမစကားလုံးများက ထောင့်စေ့လွန်းပြီး အချက်အလက်ကပြည့်စုံလွန်းသည်။ တစ်နိုင်ငံလုံးမှာ ပထမရခဲ့ဖူးသော အောင်မြေကိုသိတာ သိပ်မဆန်းဟုပြောနိုင်သော်လည်း သူ ခွဲစိပ်အထူးကုတစ်ယောက်ဖြစ်ချင်တာကိုကျ ဘယ်လိုသိနေရပြန်တာတဲ့လဲ။

မေးပြန်လျှင်လည်း သူမသိတာမဟုတ်။ client ကသိတာဆိုသောအဖြေ ထွက်ကျလာနိုင်သည်မို့ အောင်မြေ ဘာမှမမေးတော့။ သို့ သော် သိချင်သောစကားတစ်ခွန်းကိုတော့ ဆက်မေးမိသည်။

"အဲဒီ အန်တီ့ client ဆိုတာကိုရော သိခွင့်ရှိမလား"

"ဒါက အလုပ်သဘောနဲ့သက်ဆိုင်ပါတယ်၊ သိခွင့်မရှိပါဘူး"

"သူကိုယ်တိုင်က မသိစေချင်တာမျိုးလား"

အောင်မြေ့အမေးစကားကြောင့် ဒေါ်မြတ်လေးငုံက ပြုံးသည်။ ကလေးတစ်ယောက်ကို အော်. . . ဒီကလေးနှယ်. . . ဟု ပြုံးသည်အပြုံးမျိုး. . . ။

"တစ်ချို့အလှူရှင်တွေက အလှူပဲအထမြောက်ချင်တာ၊ မဏ္ဍပ်တိုင်မတက်ချင်ကြဘူး၊ ကဗျည်းမထိုးချင်ကြဘူး"

ဒီလောက်နှင့် သူမရပ်ထားလိုက်သည်။ ဆက်မပြောပါ။ အောင်မြေလည်း တစ်ချက်တည်းနှင့် သိပ်ကြီးရှင်းလင်းသွားသလိုမို့ ဘာမှ





ထပ် မမေးသာ။ သူမကပဲ ဆက်ပြော၏။

"အမှန်က မင်းအမေ ရုတ်တရက်ဆုံးပါးသွားလို့ ဘယ်လိုလုပ်ရမှန်းမသိဘဲ မင်းဆီကို ချက်ခ်နဲ့ပို့တာ၊ မင်းအမေရှိတုန်းကဆို သူကိုယ်တိုင် ဒီကိုလာထုတ်ပါတယ်"

"ခင်ဗျာ"

ဒီတစ်ခါ အံ့ဩရမှုကပိုသည်။ မေမေသည် တစ်ခါမှ သူ့ကို ဒီကိစ္စကမပြောခဲ့။

မေမေတို့မြို့နယ်ကပေးသည့် ပညာသင်ဆုနှင့် အခြားပညာသင်ဆုများအားလုံးကို သူ သိထားခဲ့ပါလျက် ဒါကျ သူ ဘာလို့မသိခဲ့ရတာတဲ့လဲ။ ဒီနေရာကို မေမေက လတိုင်းလောက် ရောက်နေခဲ့ပါလျက်။ ဘာလို့ သူ့ကို တစ်ခါမှခေါ်မသွားခဲ့ရ အသိမပေးခဲ့ရတာတဲ့လဲ။

"မေမေက လက်ခံသဘောတူထားခဲ့တာပေါ့"

ဒေါ်မြတ်လေးငုံက မျက်ခုံးကိုပင့်ကြည့်ရင်း. . .

"ဘာ. . . သဘောမတူစရာရှိလဲ၊ ထူးချွန်တဲ့သူ့သားကို ဂုဏ်ပြုတဲ့ကိစ္စပဲ"

သူမအသံက ဒီနေရာမှာ တစ်ချက်ကလေးမာဆတ်ပြတ်သားနေသလိုပင်။

"ကောင်းပါပြီ၊ ခု ကျွန်တော်လာတာက ဘာမှန်းမသိရတဲ့ ချက်ခ်လက်မှတ်တစ်ခု လစဉ်ရနေတာထက်စာရင် တစ်စုံတစ်ခုများ သိရရင် ပိုကောင်းမလားလို့လာတာပါ"

"ခု. . . တစ်စုံတစ်ခုမက သိရပြီမဟုတ်လား၊ မင်းကျေနပ်မှာပါ၊ နောက်. . . တစ်ခုခုအကူအညီလိုအပ်ရင်လည်း အန်တီ့ဆီကို ဆက်သွယ်နိုင်ပါတယ်၊ ခုတော့ အမှုသည်တစ်ယောက်နဲ့ ချိန်းထားတဲ့အချိန် နီးနေပြီ မို့. . ."

"ဟုတ်ကဲ့. . . ကျေးဇူးပါ. . . အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရွှတ်ရွှတ်နိုင်သောစိတ်ကလေးနှင့် အစ်မဟု မသိမသာခေါ်ပစ်လိုက်တော့ ဒေါ်မြတ်လေးငုံက ခေါင်းမော့ကြည့်ကာ ပြုံးသည်။

"အန်တီ့တူမက မင်းအရွယ်ပဲကွဲ့"

သူက ဘာကိုဆိုလိုချင်မှန်းသိသော်လည်း ခပ်တည်တည်နှင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ. . . အစ်မ"

ထပ်ဆင့်ထွက်ကျလာသော အစ်မဆိုသည့်အခေါ်အဝေါ်ကြောင့် သူမ ပြုံးသည်။

ဘာမှထပ်မပြော။ အောင်မြေ ထိုင်ရာမှထတော့မှ . . .

"ကိစ္စတစ်ခုခုရှိရင်ပဲဖြစ်ဖြစ်၊ လမ်းကြုံရင်ပဲဖြစ်ဖြစ် ဝင်လာနိုင်ပါတယ်၊ ချက်ခ်နဲ့ ဘဏ်ကိုသွားမထုတ်ချင်ဘူးဆိုရင်လည်း မင်းအမေလိုပဲ ဒီမှာ လာထုတ်နိုင်ပါတယ်၊ ဒီမှာ. . . အန်တီ့ကဒ်. . ."

သူမ ကဒ်တစ်ခုလှမ်းပေးတာကို လက်နှစ်ဖက်ဖြင့် တရိုတသေလှမ်းယူလိုက်သည်။

"ဟုတ်ကဲ့. . . သွားပါဦးမယ်. . . အစ်မ"

အောင်မြေ ထိုသို့နှုတ်ဆက်ပြီး ခြေလှမ်းခပ်သွက်သွက်နှင့် အခန်းထဲမှထွက်လာခဲ့လိုက်သည်။ သူ့နောက်ဆုံးနှုတ်ဆက်စကားက သူမကို ပြုံးနေစေလိမ့်မည်ဟုလည်း အောင်မြေ တစ်ထစ်ချယုံကြည်နေမိသည်။ သူကိုယ်တိုင်လည်း တစ်ဝက်တော့ ပြုံးနေနိုင်ခဲ့သည်ပဲ။ ထပ်မံတွေးတောစရာအချက်အလက်များ တိုးလာခဲ့သော်လည်း အတိုင်းအတာတစ်ခုထိတော့ သူလိုချင်သည့်အဖြေကို ရခဲ့ပြီမဟုတ်ပါလား။

သူ လမ်းမပေါ်ပြန်ထွက်လာတော့ လူစုစု. . စုစုကိုတွေ့လိုက်ရသည်။ ဘာဖြစ်ကြပြန်ပြီလဲမသိ. . . ဟုတွေးနေဆဲ ရုပ်ရှင်ရိုက်နေတာမှန်း သိလိုက်ရသည်။ မင်းသမီးကို လိုက်ရှာကြည့်လိုက်တော့ နီ။ မေသံလွင်နီ။ ခပ်ပြေပြေလိမ်းထားသော မိတ်ကပ်အောက်တွင် သံလွင်နီ့





အလှက လင်းလက်နေဆဲ။ တစ်ခါတစ်ရံမှ သတိရနေမိတတ်သောစကားပြောသည့် မျက်ဝန်းများကိုလှမ်းကြည့်မိတော့ အလှမ်းဝေးနေသည်မို့ သိပ်မသဲကွဲ။

သူ့ကိုလှမ်းမြင်တော့ နီက လက်လှမ်းပြကာ လျှောက်လာရန်ပြင်သည်။

သူ လက်ပြန်ပြကာ နှုတ်ဆက်ပြီး လှည့်ထွက်ခဲ့လိုက်သည်။

ဒီလောက်လူအများကြီးထဲမှာ သံလွင်နီက အလုပ်ကိုတောင်ထားခဲ့ပြီး ထွက်လာတယ်ဆိုတာမျိုး မဖြစ်စေချင်သလို သူလည်း လူအများ အာရုံစိုက်တာကို မခံလိုသဖြင့် လှည့်ထွက်ခဲ့လိုက်ခြင်း ဖြစ်သည်။

လူတွေဆိုတာက အောင်မြေနှင့်သံလွင်နီ သူငယ်ချင်းတွေဆိုတာ နားလည်ချင်မှ နားလည်ပေလိမ့်မည်လေ။

နီ့ကိုတော့ နောက်မှာပဲ ဖုန်းလှမ်းဆက်ကာ အကျိုးအကြောင်းပြောတောင်းပန်ရပေတော့မည်။

အပြန်လမ်းတစ်လျှောက်မှတော့ သိပ်လှသော သူငယ်ချင်းမလေး သံလွင်နီအစား သူ့အာရုံတွင် နေရာယူထားခဲ့သူက ဒေါ်မြတ်လေးငုံဖြစ်နေခဲ့သည်ကို အံ့သြစွာ သတိထားလိုက်မိလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

## LETTING GO

**(8 of cups)**





( ၂ )

အောင်မြေပြန်ရောက်တော့ အိမ်ရှေ့မှာ ဆရာကြီးကျော်ကြား ကို တွေ့ရသည်။ တံခွန်ကတော့ ပြန်လာသေးပုံမပေါ်။

"မင်းက ဘာပြန်လာလုပ်တာလဲ"

"မင်းကို လာစောင့်နေတယ်များထင်လို့လား"

"မထင်ပါဘူး၊ မင်းဝပ်ဒ်ဖက်မှာ ဆရာမလာလို့နေမှာပေါ့"

"ထားပါ၊ မင်း အဆင်ပြေလာလား"

ကျော်ကြား၏အမေးကို တမင်မဖြေဘဲ အခန်းကိုလှည့်ပတ် ကြည့်လိုက်သည်။

"တံခွန်ရော ပြန်မလာသေးဘူးလား"

"တွေ့တဲ့တိုင်းပဲ. . . မင်းကားတွေ့ခဲ့လို့လား"

"မတွေ့ဘူးထင်တာပဲ. . . မကြည့်ခဲ့မိဘူး"

ကားကြီးတစ်စင်းလုံး အိမ်ရှေ့မှာမရှိတာကို မကြည့်ခဲ့မိဘူး၊ မတွေ့ဘူးထင်တာပဲဆိုတော့ ကျော်ကြား မျက်လုံးပြူးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း. . . အခြေအနေကောင်းပါတယ်နော်"

"ကောင်းတယ်"

"ကောင်းရင်ပြောတော့"

"နှစ်ခါပြောနေရမယ်. . . တံခွန်လာမှ"

အောင်မြေ့အဖြေကြောင့် ကျော်ကြား စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကျွတ်ခနဲ အသံပြုသည်။

"မင်းက ဘာဖြစ်ရတာလဲ မင်းတို့လုပ်ထားတဲ့ကိစ္စ မင်းတို့သိပြီးသားပဲ၊ ဘာကိုသိချင်ရတာလဲ"

အောင်မြေ့စကားကြောင့် ကျော်ကြားရယ်သည်။ အလျှော့တော့ မပေးပါ။

"အံမာ. . . ငါတို့ လျှို့ဝှက်ခိုင်းထားတဲ့ကိစ္စ ဟိုက ဖော်များဖော်လိုက်သလားတော့ သိချင်တာပေါ့၊ ဒါပေမယ့် အဲဒီအဒေါ်ကြီးက သစ္စာရှိရှာမှာပါ"

ကျော်ကြား စွတ်ရွတ်ပြောနေသောစကားကြောင့် အောင်မြေ ရယ်ချင်သွားသည်။

"အင်းလေ. . . ရှေ့နေဆိုမှတော့ သူ့အမှုသည်အပေါ်တော့ သစ္စာရှိရမှာပေါ့"

"ဘာရယ်. . . ရှေ့နေ ဘယ်သူကရှေ့နေ၊ အာ ဒေါ်မြတ်လေးငုံဆိုတာ ရှေ့နေလား၊ ဟုတ်ပါရဲ့. . . ငါမေ့နေလိုက်တာ"

ကျော်ကြားစကားကြောင့် အောင်မြေ ထရယ်လိုက်မိတော့သည်။

ထိုစဉ်မှာပင် တံခွန်ရောက်လာသည်။ တံခွန်ကလည်း လက်ထဲမှပစ္စည်းတွေမှ မချနိုင်သေးခင်မေးသည်။

"ဘယ်လိုလဲ အောင်မြေ"

"ဒီလိုပါပဲ"





"ဒေါ်မြတ်လေးငုံဆိုတာ တွေ့ခဲ့လား"

"အင်း. . . တွေ့ခဲ့တယ်"

"ဒါပေမယ့် အဲဒီငွေတွေကို ငါတို့ပို့တယ်ဆိုတာ သူမပြောပြလိုက်ဘူး၊ သူက ရှေ့နေတဲ့"

ကျော်ကြား၏ ရှေ့နောက်မညီစွာ ဝင်ပြောသောစကားကြောင့် တံခွန်ကပြုံးသည်။

"တော်ပါ. . . ကျော်ကြားရာ၊ မင်းလုပ်တာနဲ့တင် မဟုတ်တာတွေ တော်တော်များလာပြီ"

"ပညာရှိသတိဖြစ်ခဲ့ပေါ့ကွာ"

ကျော်ကြားက ဒီလိုလည်း ရအောင်ပြောသွားတတ်သူဖြစ်သည်။

"ကဲ. . . ပြော. . . အောင်မြေ. . . ဟိုပညာရှိကို ခဏလွှတ်ထားလိုက်"

"အင်း. . . ပြည့်ပြည့်စုံစုံပြောရရင် ဒေါ်မြတ်လေးငုံဆိုတာ သိပ် ကျက်သရေရှိတဲ့ မိန်းမတစ်ယောက်"

အောင်မြေ့စကားကြောင့် တံခွန်က ခပ်ဖွဖွသာပြုံးသော်လည်း ကျော်ကြားက တမင် မျက်မှောင်ကြုတ်ကြည့်၏။

"မင်းဟာက. . . လမ်းလွဲနေပြီလေ"

အောင်မြေက ကျော်ကြားစကားကို မသိချင်ယောင်ဆောင်ကာ ရအောင်ဆက်ပြော၏။

"ထူးထူးခြားခြား မျက်ခုံးမျက်လုံးတွေကလည်းလှတယ်၊ မြန်မာဆန်ဆန် ဝတ်စားထားပုံကိုက ကျက်သရေရှိတာ"

ဒီတစ်ခါတော့ တံခွန်ခေါင်းခါသည်။

"မင်း. . . စိတ်ကူးယဉ်နေတာလား အောင်မြေ၊ မင်းကို ကျောင်းတက်ဖို့ ထောက်ပံ့နေတာ ဒေါ်မြတ်လေးငုံလို့ မင်းထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့ အောင်မြေ ခေါင်းခါသည်။

"မထင်ပါဘူး၊ သူ့ပုံစံက ထက်မြက်မှန်ကန်မယ့် မိန်းမတစ်ယောက်ပုံမျိုး၊ သူကတော့ ညာမှာမဟုတ်ဘူး"

ဘယ်တုန်းကများ လူကဲခတ်ပညာကို တစ်ဖက်ကမ်းခတ်အောင်များ သင်ထားလိုက်သည်မသိ။ သူပြောနေပုံက ပိုင်ပိုင်နိုင်နိုင်ကြီး။

"အမှန်အတိုင်းမပြောပြလိုက်တာလေးတစ်ခုပဲလား . . . အောင်မြေ"

တံခွန်က လေအေးလေးနှင့်ရွှဲ့သည်။

"ဒါက အလုပ်သဘောအရလေ၊ တစ်ခုတော့ရှိတယ်"

နှစ်ယောက်လုံး အောင်မြေ၏ တစ်ခုကို စိတ်ဝင်စားဟန်မပြကြ။ တုံ့ဏှိဘာဝေလုပ်နေကြသည်။ အောင်မြေက ခပ်တည်တည်နှင့်ဆက်ပြောလိုက်၏။

"မေမေရှိကတည်းက ဒီထောက်ပံ့ကြေးကပေးနေတာတဲ့၊ အရင်က မေမေကိုယ်တိုင် လာထုတ်တယ်ဆိုပဲ"

ဒီလိုကျတော့ နှစ်ယောက်လုံး တအံ့တဩနှင့် ခေါင်းတွေလည်လာသည်။

"မင်းအမေ မဆုံးခင်တည်းက. . . ဟုတ်လား"

"အင်း. . ."

"အန်တီက မင်းကို ဘာမှမပြောဘူးလား"

"အဲဒါပဲ စဉ်းစားရကြပ်နေတာ၊ မေမေက တစ်ခါမှ မပြောဖူးဘူး"

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြသည်။

"အမှန်က ပညာသင်ထောက်ပံ့ကြေးပေးတာပဲ၊ မင်းအမေက ဘာမှငြင်းစရာမရှိတာအမှန်ပဲ၊ ဒါပေမယ့် ဒါကို မင်းက ဘာလို့မသိရ





တာလဲ၊ မင်းကို ဘာလို့ ပေးမသိရတာလဲ"

တံခွန်က တွေးတွေးဆဆပြောသည်။

"အင်း. . . ငါလည်း အဲဒါပဲတွေးနေတာ၊ ဘာမှ လျှို့လျှို့ဝှက်ဝှက်ကြီး လုပ်နေစရာမလိုဘူးလို့ ထင်တာလဲ"

"အင်း. . . ဆန်းတော့ဆန်းတယ်"

"နောက်တစ်ခုက . . ."

"အင်း. . . ဘာလဲ"

အောင်မြေက ဆက်ပြော၏။

"မေမေ လက်ခံခဲ့တာပဲ၊ မေမေဆုံးတော့ အကျိုးသင့်အကြောင်းသင့်လေးနဲ့ လာပြောပေးလည်းရတာပဲ၊ ခုလို စာအိတ်ကို တံခါးအောက်လာထိုးထည့်ထားစရာ မလိုဘူးလို့ထင်တာလေ"

"မင်းတွေးတာလည်းဟုတ်တာပဲ"

ကျော်ကြားက အောင်မြေ့ကိုထောက်ခံသည်။

"အဲဒါကို မင်း တစ်ခါတည်းမမေးခဲ့ဘူးလား. . . အောင်မြေ"

"ဟင့်အင်း. . . ငါပြန်လာမှ လမ်းမှာတွေးလာမိတာ"

ပြောရင်းမှ အောင်မြေ တစ်စုံတစ်ခုကိုသတိရသလို အင်္ကျီအိတ်ကပ်ကို နှိုက်ရှာလိုက်သည်။ ကဒ်ကလေးတစ်ခုထွက်လာ၏။

"ရော့. . . အဲဒါ သူပေးလိုက်တဲ့ကဒ်၊ ချက်ခ်လက်မှတ်မလိုချင်ဘူးဆိုရင်လည်း အရင်လိုပဲ မေမေ့လို သူ ရုံးခန်းမှာလာထုတ်နိုင်တယ်တဲ့"

"အော်. . . မင်းသွားတာ ရုံးခန်းလား"

"ဟုတ်တယ်"

"ဒီတော့. . . မင်းက နောက်လတွေ လာထုတ်ပါ့မယ်လို့ပြောခဲ့တာလား"

"ဟင့်အင်း. . . မပြောခဲ့ဘူး၊ သူကလည်း လာနိုင်တယ်ပဲပြော



www.burmeseclassic.com

www.burmeseclassic.com

တာ၊ လာမလားမမေးဘူး"

တံခွန်၏အမေးကို အောင်မြေက တည်ငြိမ်စွာဖြေသည်။ ကဒ်ကို ဆွဲယူဖတ်ပြီး ဘာမှမထူးသလို တံခွန်က ကျော်ကြားကိုလှမ်းပေးသည်။ ကျော်ကြားကလည်းယူကြည့်ကာ စားပွဲပေါ်တင်ထားလိုက်၏။

"ဒီတော့ မင်း ဘာလုပ်မှာလဲ. . . အောင်မြေ"

"မသိသေးဘူး၊ မေးချင်စရာကောင်းတဲ့မေးခွန်းတွေကတော့ အများကြီးပဲ၊ ဒါပေမယ့် မေးလို့လည်း ထူးမထူးဆိုတာက ရှိသေးတယ်"

"အင်းလေ. . . မင်းတို့က ကျောင်းသွားနေတာ၊ လူမရှိတော့ တံခါးအောက်ထိုးခဲ့ရတာပေါ့ဆိုတဲ့အဖြေပဲ ရမှာပဲ"

ကျော်ကြားက ထိုသို့ဝင်ပြော၏။

"အင်းပါ. . . ပညာရှိရယ်၊ မင်းပဲမေးပါတော့မယ်"

"မေးစမ်းပါ၊ စ,လယ်,ဆုံး ငါတို့ပဲစီစဉ်ထားတဲ့ဟာ ငါတို့ပဲမေး"

"လုပ်လာပြန်ပြီ" ဟုရေရွတ်ကာ အောင်မြေ စကားလမ်းလွှဲရတော့သည်။

"ငါ. . . အဲဒီကထွက်လာတော့ နီတို့ ရုပ်ရှင်ရိုက်နေတာတွေ့ခဲ့တယ်"

"ဟုတ်လား. . . နီကမခေါ်ဘူးလား"

"ခေါ်ပါတယ်. . . လက်လှမ်းပြပြီးထွက်လာခဲ့တယ်၊ သူလည်း အလုပ်လုပ်နေတဲ့အချိန်လေ၊ မရှုပ်ချင်တာနဲ့"

"အင်း. . . မင်းဘာသာမင်းကို ရှုပ်နေနှင့်ပြီးသားဆိုတော့"

တံခွန်က အပြုံးမွှမွှနှင့်နောက်သည်။ ပြီးမှ . . .

"မိနီကလေးဘယ်ရောက်နေလို့ မေးရမလိုပဲ၊ နီတစ်ယောက်လည်း မတွေ့တာကြာပြီ"

ဟု ညည်းသည်။

တံခွန်ပြောတာတော့ဟုတ်သည်။ ဖြူပဲ သူတို့ဆီ မကြာမကြာ





ရောက်လာတတ်ပြီး နီမလာတာကြာနေပြီ။

"ညကျမှ ဖုန်းဆက်ကြတာပေါ့"

နီ့ဆီအကြောင်းရှာ ဖုန်းဆက်ချင်နေတတ်သော ကျော်ကြားက ထိုသို့ပြောသည်။ ထိုစဉ်မှာပဲ အိမ်မှာသင်မည့်ကလေးနှစ်ယောက် ရောက်လာသဖြင့် သူတို့ စကားပြတ်သွားကြ၏။

အောင်မြေက စာသင်ဖို့ပြင်ဆင်သလို တံခွန်နှင့်ကျော်ကြားလည်း အခန်းထဲဝင်သွားကြတော့သည်။

ကလေးတွေစုံတော့ အောင်မြေ စာစသင်သည်။ စာသင်သည်ဆိုတာထက် သူတို့ကို နားမလည်တာပြန်ရှင်းပြပြီး စာကို စနစ်တကျလုပ်တတ်ရန် guide line ပေးရုံသာ။ သူတို့ကို မကြာခဏတော့ စာမေးပွဲစစ်ပေးရသည်။ နားလည်ရန် ခက်ခဲမည်ထင်သည့်အပိုင်းများအတွက် ဂရုတစိုက်ပြင်ဆင်သင်ကြားပေးရသည်။ ထိုမျှသာ။

ဒီလို စာကို စနစ်တကျလုပ်တတ်ဖို့ သင်ပေးခဲ့သူက မေမေဖြစ်သည်။ သူတို့ဆယ်တန်းနှစ်ကတည်းက အတူတူစာသင်ခဲ့ကြသော်လည်း စာများကို ပြန်လည်လေ့ကျင့်လေ့လာနည်းကိုတော့ မေမေကပဲ သေချာလမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

မေမေ့လမ်းညွှန်မှုဖြင့် အောင်မြေ တစ်နိုင်ငံလုံးမှာ ပထမရခဲ့သည်။ ကျောင်းစာကို သေချာ စနစ်တကျလုပ်တတ်လျှင် သိပ်လည်း မပင်ပမ်းသလို မှတ်မိလည်းလွယ်တာကို သိခဲ့ရသည့်အောင်မြေက ခုလို ကလေးတွေကို ပြန်မျှဝေရတာကို ပျော်သည်။ ကျေနပ်သည်။ စာသင်တိုင်းလည်း မေမေ့ကိုသတိရမိတာအမှန်။

မေမေကတော့ သူ့ကို စိတ်ချလက်ချထားခဲ့တာလား။ စိတ်မချလက်မချပဲ ထွက်သွားခဲ့ရတာလား။ သူ မစဉ်းစားချင်တော့။

အပြင်ဖက်ကိုလှမ်းကြည့်လိုက်တော့ အမှောင်ထုက ရင့်အိုကျလာနေပြီ။ အမှောင်ပြီးရင်တော့ နံနက်ခင်း၏အလင်းဆိုတာ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာစမြဲ။ အချိန်တစ်ခုစောင့်ရသည်ကလွဲလျှင်ပေါ့။ ဘာပဲပြောပြော အောင်မြေ့ဘဝမှာတော့ အကြိမ်ကြိမ် မှောင်ကျခဲ့ပြီးပြီ။ နေကွယ်လိုက် လကွယ်လိုက်နှင့်။

ဒီတစ်ကြိမ်ပြန်ရမည့် အလင်းသစ်ကရော ဘာများလဲကွယ်။

ကောင်းကင်ကိုမော့ကြည့်လိုက်တော့ ကြယ်ကလေးများ ဟိုတစ်ပွင့်သည်တစ်ပွင့် ပွင့်လာပြီကိုတွေ့လိုက်ရသည်။ ဟိုးခပ်ဝေးဝေးက လင်းပွင့်နေသည့် ကြယ်ကလေးတစ်ပွင့်သည် မေမေများလားး။

■





[ ၃ ]

## SHARING
(Queen of wand)



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

နောက်လတွေလည်း ချက်ခ်လက်မှတ်လေးက ထုံးစံမပျက်။ သူ့အစဉ်အလာအတိုင်း တံခါးအောက်ကနေရောက်လာမြဲ။ အောင်မြေလည်း ထိုရုံးခန်းလေးကို ထပ်မသွားဖြစ်ခဲ့သလို အဲဒီမှာ ထပ်သွားထုတ်ဖို့လည်း တစ်ခါမှ စိတ်မကူးခဲ့။

အခုနောက်ဆုံးရောက်လာသော ချက်ခ်လက်မှတ်ကလေးကတော့ တဆိတ်စောလွန်းနေသလို ပါဝင်သည့်ငွေတန်ဖိုးကလည်း ခါတိုင်းလထက် များနေခဲ့သည်။

"တစ်မျိုးပါလား. . . လခတိုးတဲ့သဘောလား"

တံခွန်က ချက်ခ်လက်မှတ်ကိုကြည့်ရင်းပြောသည်။ အောင်မြေခေါင်းခါပြလိုက်၏။

"ဒါဆို. . . ဘာလဲ"

ကျော်ကြားကပါဝင်မေးသည်။

"ငါထင်တာပြောရရင် မေမေဆုံးတာ တစ်နှစ်ပြည့်ပြီလေ၊ အဲဒီ





တွက် ချက်ခ်ကိုလည်း ခါတိုင်းထက်စောပို့တယ်၊ တစ်ခုခုလုပ်ဖို့ ငွေကိုလည်း ပိုထည့်ထားတယ်"

"ဟုတ်သားပဲ"

"အေး. . . ဟုတ်တယ်ဟ"

ကျော်ကြားရော တံခွန်ပါ ထောက်ခံလိုက်ကြသည်။

"အင်း. . . လာမယ့်တနင်္ဂနွေဆို မေမေဆုံးတာ တစ်နှစ်ပြည့်ပြီ"

"ဟုတ်တယ်. . . အာ. . . ဒီနေ့ သောကြာလေ၊ တစ်ရက်ပဲရှိတော့တယ်၊ မင်း ဘာလုပ်မှာလဲ"

"ငါ စဉ်းစားထားပါတယ်၊ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်ပေးမယ်၊ မိဘမဲ့ကလေးတွေအတွက်လည်း လှူမယ်၊ မေမေတစ်ယောက်တည်းအတွက် မဟုတ်ပါဘူး၊ ဖေဖေ့အတွက်ရောပဲ၊ ဖေဖေလည်း နောက်လဆို (၇)နှစ်ပြည့်တော့မှာလေ"

"အင်း"

သူတို့အားလုံး စိတ်မကောင်းခြင်းနှင့်အတူ ငြိမ်သက်သွားကြသည်။

"အမှန်က . . . "

အောင်မြေ့စကားကြောင့် သူတို့ အောင်မြေ့ကို ပြိုင်တူကြည့်လိုက်ကြ၏။

"အင်း. . . အမှန်ကဘာလဲ"

"သူတို့က ငါ့ကို ပညာသင်ထောက်ပံ့ကြေးပေးတာလေ၊ ငါ့အမေနှစ်ပတ်လည်အလှူလုပ်ဖို့ကိစ္စက သူတို့နဲ့မဆိုင်ဘူးထင်တာပဲ"

"အေး. . . ဒါလည်းဟုတ်တာပဲ"

ကျော်ကြားကထောက်ခံသော်လည်း တံခွန်ကမထောက်ခံပါ။

"မင်းကလဲ ရစ်စရာမရှိ ကြံဖန်ရစ်ပြန်ပြီ၊ ဘာလဲ ဒေါ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



လေးငုံ ဆီသွားပြန်မေးမလို့လား"

"မေးသင့်တာမေး ပေးသင့်တာပေးရမှာပဲ"

"အဲဒါ နောက်မှလုပ်ပါ။ ခုကိစ္စကို အရင်လုပ်ပါ။ မနက်ဖြန်တစ်ရက်ပဲ စီစဉ်စရာရှိတာ"

တံခွန်က အချိန်ကိုအကြောင်းပြကာ စကားလမ်းလွှဲလိုက်သော်လည်း အောင်မြေက အေးအေးဆေးဆေးပင်။

"ဘာစီစဉ်စရာရှိလဲ၊ သင်္ကန်းငါးစုံဝယ်မယ်၊ မင်းတို့အိမ်တွေကို အကြောင်းကြားမယ်၊ ဖြူနဲ့နီကိုခေါ်မယ်၊ ဆွမ်းကို ဆိုင်ကဝယ်ကပ်မယ်လေ၊ ငါတို့က ချက်တတ်ပြုတ်တတ်တာမှမဟုတ်တာ၊ အချိုပွဲကို ဖြူတို့ကို ဝယ်ခိုင်းလိုက်မယ်"

ဒီလိုကျတော့လည်း အောင်မြေ့ဟာက ကွက်တိ။

"ဘယ်ဆိုင်ဝယ်မှာလဲ။ ထမင်းဟင်းကို"

"လမ်းထိပ်ကဆိုင်မှာ ဘုန်းကြီးငါးပါး၊ လူဆယ်လေးငါးယောက်စာ မှာလိုက်မယ်လေ၊ ဟင်းကတော့ အရည်တစ်ခွက် အသားတစ်ခွက် ငါးတစ်ခွက် အသုတ်တစ်ခွက်၊ ဟင်းသီးဟင်းရွက်တစ်မျိုးဆို ရပါပြီ"

"ရပါပြီ"

"ကဲ. . . သင်္ကန်းသွားဝယ်ကြမယ်"

တံခွန်က သင်္ကန်းဝယ်ဖို့ ထိုင်ရာမှ ထ,သည်။ သို့သော် အောင်မြေ က မလှုပ်။

"ဘာလုပ်နေတာလဲ ထလေ"

"ငါ. . . ဒေါ်မြတ်လေးငုံဆီ သွားလိုက်ဦးမယ်"

တံခွန်ကတော့ မနိုင်တော့ဘူး၊ လုပ်ချင်ရာလုပ်တော့ဟူသော အကြည့်နှင့်ကြည့်သည်။ ကျော်ကြားကတော့ . . .

"ကဲ. . . ထ. . . ဒါဆိုလည်း ငါတို့သွားရင်း မင်းကို အဲမှာချထားခဲ့မယ်၊ ပြီးမှ ပြန်လာခေါ်လိုက်မယ်၊ မကောင်းဘူးလား"





ဟု စီစဉ်ပေးရှာသည်။

"အင်း. . . ကောင်းပါတယ်"

ဒီတော့မှ မောင်အောင်မြေလည်း သွက်လက်စွာထပြီး လိုက်လာတော့သည်။ နောက်ဆုံး ချက်ခ်လက်မှတ်ကိုလည်း မမေ့မလျော့ ယူလာခဲ့လိုက်သေးသည်။

ဒုတိယအကြိမ်မြောက်အဖြစ် ဒေါ်မြတ်လေးငုံဆီသွားတော့ တံခွန့် အကူအညီနှင့် ရုံးခန်းရှေ့တည့်တည့်ရောက်ခဲ့ရသည်။ ပထမ အခေါက်တုန်းကလို တစ်လှမ်းချင်းစီလျှောက်ကာ ရှာစရာမလိုတော့။

သင်္ကန်းဝယ်ရန်ပိုက်ဆံများကို ကျော်ကြားလက်ထဲထည့်လိုက်ပြီး ကားပေါ်ကဆင်းခဲ့လိုက်သည်။ ဆင်နားရွက်တံခါးကို အသာဖွင့်ဝင်လိုက်တော့ အမျိုးသမီးကြီးက သူ့ကို မြင်ဖူးသလိုကြည့်သည်။ လေးငါးလလောက်ရှိတော့မှာမို့ သူလည်း အောင်မြေ့ကို မှတ်မိစရာအကြောင်းတော့ မရှိ။

"အစ်မ မြတ်လေးငုံနဲ့ တွေ့ချင်လို့ပါ"

"အမှုက. . . "

ထုံးစံအတိုင်း အမှုက လုပ်နေသေးသည်။ အမှုကတော့ ငွေပိုလာတဲ့အမှုဟု ပြောလိုက်ရမကောင်းရှိတော့မည်။

"ကျွန်တော် အောင်မြေပါ၊ အမှုကိစ္စနဲ့ လာတာမဟုတ်ပါဘူး"

"အော်. . . အော်. . . အောင်မြေ. . . "

သူ့ကို သေချာ ဇဝေဇဝါနှင့် ကြည့်နေသေးသည်။ ပြီးမှ အတွင်းခန်းထဲသို့ ဖုန်းဆက်ပေး၏။

"ဝင်သွားလိုက်ပါ"

ဆိုသော အမျိုးသမီးကြီး၏စကားအဆုံးတွင် အောင်မြေ ကျွန်းတံခါးကြီးကို ပွင့်ဝင်သွားလိုက်သည်။ ထုံးစံအတိုင်း အခန်းက လင်းချင်း အေးစိမ့်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်လေးငုံကိုတော့ သူမ၏အလုပ်စားပွဲမှာပင် တွေ့လိုက်ရသည်။ ပထမတစ်ခေါက်တွေ့စဉ်တုန်းကလိုပင် မြန်မာဆန်သော အပြင် အဆင်နှင့်။ သူ့ကိုမြင်တော့ စာကြည့်နေသည့်မျက်မှန်ကို ဖြုတ်လိုက် သည်။

"ထိုင်. . . မောင်အောင်မြေ၊ ဘယ်ကလှည့်လာတာလဲ"

သူ့ဆီ လမ်းကြုံရင်ဝင်ပါဟုပြောထားသော စကားအရ လှည့်လာသည်များထင်သလားမသိ။ ဖြစ်နိုင်တာကတော့ ဒီလိုလမ်းကြုံဝင်လာစရာအကြောင်းမရှိဟု အပိုင်တွက်ထားတာမျိုးလည်း ဖြစ်နိုင်သည်ပဲ။

"ဒီကိုပဲ ဓာန်းတန်းမတ်မတ်လာတာပါ"

"အော်. . . ဟုတ်လား. . . ဒါထက်. . . အန်တီ. . . ဒီလချက်ခ်ကို စောပို့ပေးလိုက်တယ်၊ ကလေးရဲ့အမေ နှစ်ပတ်လည်အတွက်ပါ၊ အချိန်မီအောင်လို့ စီစဉ်ပေးပါဆိုတာနဲ့. . ."

လာပြန်ပြီ ဒီအန်တီ။ ဒီထက်ဆိုးတာက ကလေးဟု ခေါ်ဝေါ်သုံးစွဲလိုက်သော အသုံးအနှုန်း။

"ဟုတ်တယ်. . . အစ်မ. . . ရပါတယ်. . . အဲဒီအတွက်ပဲ လာတာပါ"

ဒေါ်မြတ်လေးငုံက သူ့ကို မျက်မှောင်ကြုတ်ကာကြည့်၏။ သူမကို အစ်မဟုခေါ်လိုက်၍လား၊ အဲဒီကိစ္စဆိုသည့်စကားအတွက်လားတော့မသိ။

"ကဲ. . . ဆိုစမ်းပါဦး. . . အဲဒီကိစ္စဆိုတာ"

မျက်မှောင်ကိုအသာကြုတ်ထားသော်လည်း မေးလာသည့်လေသံကတော့ ညင်ညင်သာသာ ပျော့ပျော့ပြောင်းပြောင်းပင်။

"ကျွန်တော့်ကိုပေးနေတာက ပညာသင်ထောက်ပံ့ကြေးလို့ ပြောပါတယ်။ခုဟာက မေမေ့နှစ်ပတ်လည်အတွက်ပါ ပါနေတာကို





နားမလည်နိုင်လို့ပါ"

ကိစ္စမဟုတ်တာကို ကိစ္စလုပ်ကာ လာပြောနေသည့် ကလေးငယ် တစ်ယောက်ကိုကြည့်သလို ဒေါ်မြတ်လေးငုံက သူ့ကိုကြည့်သည်။

"အော်. . . ဒါလား၊ အလှူပါချင်တဲ့သဘောထက် ဘာမှမပါဘူးလို့ အန်တီကတော့မြင်တာပဲ၊ အန်တီတောင် သင်္ကန်းတစ်စုံဝယ်ထားသေးတယ်"

"ခင်ဗျာ"

သူမပြောနေပုံက အပိုင်အနိုင်ကြီး။ သူလာမှာကိုပဲ ကြိုသိနေသလို။ စားပွဲဘေးကခုံမှာ သင်္ကန်းတစ်ဗူးတင်ထားတာကို တွေ့လိုက်ရသည်။

"ဟုတ်တယ် ငွေ amount က ပိုနေတယ်ဆိုတာသိရင် မောင်အောင်မြေတော့ ရောက်လာမှာပဲဆိုတာ အန်တီသိတယ်လေ၊ မရောက်လာခဲ့လည်း အန်တီပို့ခိုင်းလိုက်မှာပါ၊ အန်တီကတော့ ညနေလေယာဉ်နဲ့ ခရီးထွက်တော့မှာမို့လို့"

သူမ အပိုင်အနိုင်ပြောချလိုက်သော စကားလုံးများကိုနားထောင်ရင်း အောင်မြေ တံခွန့်စကားနားမထောင်မိတာ နောင်တရချင်သလို ဖြစ်သွားရသည်။ ရက်ရက်ရောရော စီစဉ်ပေးလိုက်သည့် ကျော်ကြားကိုပါ စိတ်တိုချင်လာရ၏။

တကယ်တော့ ဘာမှမဆိုင်။

"အဲဒီလူက အမေ့နှစ်လည်အလှူမှာ ကုသိုလ်ပါချင်ရအောင် ဘယ်လိုများပတ်သက်နေလို့လဲ"

ရုတ်တရက် အောင်မြေကိုယ်တိုင်ပင် မစီစစ်လိုက်ရပဲ ထွက်ကျသွားသောမေးခွန်းကြောင့် မြတ်လေးငုံ သူ့ကို တစ်ချက်ကြည့်သည်။ ပြီး ခပ်ပြုံးပြုံးလေးပဲ ပြန်ပြော၏။

"အန်တီကတော့ အဲဒါ လူမှုရေးကိစ္စတစ်ခုဖြစ်ပြီး အန်တီနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း မသက်ဆိုင်သလို အလုပ်သဘောအရလည်း မလိုအပ်တဲ့အတွက် မေးမထားလိုက်ပါဘူး"

စကားလုံးများက ရှင်းလင်းပြတ်သားတိကျလွန်းသည်။ အောင်မြေပင် နှုတ်ဆွံ့သွားရ၏။

ဒီမိန်းမဆီလာလျှင် ဒီလို အချည်းအနှီးပြန်ရနိုင်တာ နဂိုတည်းက သိထားသင့်တာပေါ့ဟု အောင်မြေ ကိုယ့်ကိုယ်ကို ဆုံးမရင်း ထိုင်ရာက ထလိုက်သည်။

"ကျေးဇူးပါပဲ၊ ကျွန်တော်ပြန်ပါဦးမယ်"

"ကောင်းပါပြီကွယ်၊ အန်တီလည်း လေဆိပ်ဆင်းရဦးမှာမို့ပါ၊ မဟုတ်ရင်၊ မောင်အောင်မြေနဲ့ အေးအေးဆေးဆေး စကားပြောနိုင်ပါတယ်၊ ဒါထက် အန်တီ့အလှူလေးကိုတော့ လက်ခံပေးပါနော်၊ သက်န်းလေးတော့ယူသွားပြီး ထည့်လှူပေးပါ"

အောင်မြေ အယောင်ယောင်အနနနှင့် သင်္ကန်းကိုလှမ်းယူလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်ကွယ်. . . နောက်မှလာခဲ့ဦးပေါ့"

"ဟုတ်ကဲ့ပါ အစ်မ၊ သင်္ကန်းအတွက် ကျေးဇူးတင်ပါတယ်"

ပြောပြီး အောင်မြေ လှည့်ထွက်ခဲ့လိုက်သည်။ တံခါးဝနားရောက်တော့ နောက်က တစ်စုံတစ်ရာလှမ်းပြောသံကြောင့် သူ့ခြေလှမ်းများ တုံ့သွားရသည်။

"ဒီလောက်ခက်ခဲနေတဲ့လောကကြီးထဲမှာ ဖြူဖြူစင်စင်စိတ်တွေနဲ့ လှူဒါန်းကုသိုလ်ပြုမှုကို သံသယမဝင်ပါနဲ့ကလေးရယ်၊ မင်းပင်ပမ်းပါတယ်"

အောင်မြေ ဘာမှပြန်မပြောမိ။ ခေါင်းကို ကျောင်းခိုင်းထားလျက်က တစ်ချက်ညိတ်ပြလိုက်ကာ ဆက်ထွက်လာခဲ့လိုက်သည်။ အပြင်မှာတော့ သင်္ကန်းဆိုင်မသွားသေးဘဲ သူ့ကို ထိုင်စောင့်နေသည့်





တံခွန်နှင့် ကျော်ကြားကိုတွေ့လိုက်ရ၏။ ထင်တော့ထင်သား။ သူတို့ အောင်မြေ့ကိုတော့ ထားသွားမှာမဟုတ်ဟု။

"ဟမ်း. . . သင်္ကန်းကြီးနဲ့ပါလား"

"အေးလေ. . . သွားဝယ်မှာငါတို့လေ"

အောင်မြေက သင်္ကန်းကို ကားနောက်ခန်းထဲထည့်ကာ ဝင်ထိုင်လိုက်ရင်း . . .

"သူများလှူလိုက်တယ်လေ"

ဟု ဖြေလိုက်၏။

"ဘယ်သူလှူလိုက်တာလဲ"

"ဒေါ်မြတ်လေးငုံများ. . ."

"ဟုတ်တယ်"

"မင်း. . . ပိုင္ဆွေကိစ္စကရော"

" . . . "

အောင်မြေ ဂယနဏကိစ္စများကို ခုချိန်မှာ သေချာမရှင်းချင်သော်လည်း ရှင်းပြလိုက်ရသည်။

စိတ်ထဲမှာတော့ သိပ်အကြည်အလင်ကြီးမဟုတ်လှတာ သူ့ဘာသာသူသိနေသည်။ ဘာကြောင့်လဲဟုတော့ ကိုယ်တိုင်လည်း ဂယနဏ မသိပါ။

■



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

## CREATIVITY
**(III - Major)**





BURMESE CLASSIC .com

( ၄ )

ဖြူက စာရေးနေလျှင် ဖုန်းကို အသံပိတ်ထားတတ်သော်လည်း မလှမ်းမကမ်းမှာထားသည်မို့ မီးလင်းနေတာကိုတော့ သိနေသည်။ သုံးခေါက်ကနေ လေးခေါက်ဆိုတော့ ဖြူ ဖုန်းကိုလှမ်းယူကာ နံပါတ်ကိုကြည့်လိုက်သည်။

"အယ်"

ကဗျာကယာ ဘောလ်ပင်ကိုချကာ ဖုန်းပြန်ခေါ်လိုက်သည်။

"နီ. . . ဆောရီး. . . စာရေးနေလို့"

"ထင်ပါတယ်၊ ဒါပေမယ့် ခေါ်ချင်လို့ကို ဆက်တိုက်ခေါ်နေတာ"

ဖြူတစ်ယောက် နီမမြင်နိုင်မှန်းသိသိနှင့် မျက်စောင်းလေးချိုလိုက်မိ၏။

"နင်. . . အားနေတော့ဒီလိုပေါ့၊ ဟွန်း. . . နင်မအားရင်တော့ ဖုန်းတောင်ဖြောင့်အောင်မဖြေနိုင်ဘူး၊ အန်တီပါရင် အန်တီဖြေ၊ မပါရင် ကိုင်မယ့်သူတောင်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါဟာ၊ ဒါကလည်း သိတဲ့တိုင်းက ရိုက်ကွင်းပေါ်ရောက်နေမှပါ။ မဟုတ်ရင် နင်တို့ဖုန်းဆို ကိုင်တာပါပဲ၊ ငါလည်း ဖုန်းဖြေဖို့ လက်ထောက်တစ်ယောက်လောက်ငှားဖို့ တွေးနေပါတယ်၊ ဒီထက်အောင်မြင်လာရင်ပေါ့"

နီ့စကားကြောင့် ဖြူ ရယ်လိုက်မိသည်။ သူကပဲ ဒီထက်အောင်မြင်ချင်ရသေးသည်။

ခုတောင် ကားကြီးတွေလည်း နီ၊ ဗီဒီယိုတွေလည်း နီ၊ ကြော်ငြာတွေလည်း နီ၊ မဂ္ဂဇင်းတွေမှာလည်း နီ၊ နားချိန်မရှိရတဲ့ထဲ။

"ကဲပါ. . . ခုမှ ဘာမှလာရှင်းပြမနေနဲ့၊ ကဲ. . . ပြော. . . ဘာကိစ္စတုန်း"

"ငါ့ဆီ ကျော်ကြားဖုန်းဆက်တယ်၊ တနင်္ဂနွေနေ့ကျ အောင်မြေ့အမေ တစ်နှစ်ပြည့်ဆွမ်းကပ်ဖို့တဲ့၊ ဘယ်သူမှမပါဘူး၊ ငါတို့ပဲ"

"ငါတို့ကိုကပ်မှာတဲ့လား"

ဖြူက စကားကိုကပ်မေးလိုက်သေးသည်။

"ဟယ်. . . ငရဲကြီးတော့မယ်၊ ဘုန်းကြီးငါးပါး၊ လူက ဧည့်သည်မပါဘူး၊ ငါတို့ပဲလို့ပြောတာ"

"အင်း. . . အချိန်တွေကလည်း မြန်လိုက်တာနော်၊ တစ်နှစ်ပြည့်သွားပြီ"

"အင်း. . . အဲဒါ ငါတို့ ဘာလုပ်ပေးကြရင်ကောင်းမလဲလို့ နင့်ကို လှမ်းတိုင်ပင်တာ"

"အမယ်. . . ဘာလုပ်ချင်လို့လဲ၊ နင်က အားလို့လား၊ အဲဒီနေ့"

"ရပါတယ်. . . ဟိုရွှေ့ဒီရွှေ့လေးလုပ်လိုက်ရုံပါပဲ"

"အေးလေ. . . အောင်မြေ့ကိစ္စပဲ. . . နော့. . ."

ဖြူက ရယ်ကျဲကျဲလေသံနှင့်ဆိုသဖြင့် နီ အော်ပစ်လိုက်သည်။

"သေတော့မယ်. . . နင်တော့. . ."





"မင်းသမီးလို့မပြောရဘူး နီ၊ နင်က ချစ်စရာကောင်းအောင်ပြောတတ်တော့ ဆဲတာတောင်မနာချင်ဘူး၊ ဒါကြောင့်လည်း. . ."

ဖြူက ဒါကြောင့်လည်းဟုဆိုကာ စကားမဆက်သော်လည်း သူဘာကိုဆိုလိုတာလဲ နီသိသည်။

"တော်ပါ ဖြူရယ်၊ အဟောင်းတွေမပြောပါနဲ့၊ ပျင်းလို့ပါ၊ လုပ်စမ်း ပါ၊ အသစ်ကလေး"

"အသစ်တော့ နင့်အတွက်မရဘူး၊ ငါ့အတွက်ပဲငါလုပ်တော့မယ်"

ဖြူ့စကားကြောင့် နှစ်ယောက်သားရယ်မိကြသည်။

"ကဲပါ. . . လိုရင်းပြောမယ်လေ၊ နင်က စာရေးနေတဲ့သူဆိုတော့ နှောက်ယှက်သလိုဖြစ်နေမယ်"

"ဖြစ်နေပြီလေ၊ ခုမှတော့ ရတော့မလား"

"သူကတော့ သူတို့နားက ဗမာထမင်းဆိုင်မှာ မှာမလို့တဲ့၊ အဲဒါ လူလေးဆယ့်လေးငါးယောက်စာကို ငါတို့ချက်ရင် ကောင်းမလားလို့"

နီ့စကားကြောင့် ဖြူ မျက်လုံးပြူးသွားရသည်။

"နင်က. . . ချက်မယ်. . . ဟုတ်လား"

"အေးလေ. . . မချက်တတ်တာမှမဟုတ်တာ"

"အင်းလေ. . . သိပါတယ်၊ နင့်ကို အောင်မြေက ပေးချက်မလား၊ သူ့အကြောင်းလည်းနင်သိသားနဲ့"

"ဘာလို့လဲတဲ့"

"မနက်စောစော ထချက်ရမယ့်ကိစ္စကြီး၊ နင်လုပ်နိုင်မလား"

"ဒါကြောင့် နင့်ကိုလည်းခေါ်တာလေ၊ အတူတူချက်မယ်လေ"

"အင်း. . . ရပါတယ်၊ ဘာလချောင်ကြော်တွေဘာတွေက ငါကြိုဝယ်ထားလိုက်မယ်၊ ကျန်တာကတော့ ဘယ်နှစ်ခွက်ချက်ရမှာမို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com


အောင်မြေခွင့်ပြုဖို့ပဲလိုတာ"

"အေး. . . နင်သဘောတူတယ်ဆိုရင် ကျော်ကြားဖုန်းကို နင်ပဲ ပြန်ဆက်လိုက်တော့၊ ငါတို့ချက်မယ်လို့"

"ဟမ်. . . ဘာလိုဖြစ်ရပြန်တာလဲ"

"ခုနက ဒီကောင် နင့်ဆီဆက်သေးတယ်၊ နင်မကိုင်လို့တဲ့၊ ပြန်ဆက်လိုက်ပါဟာ"

"မကိုင်ဆို သူအလွန်ဆုံးခေါ် တစ်ခါမို့ပေါ့၊ နင့်လို ဆက်တိုက်ခေါ်နေရင်တော့ ငါက အဖက်လုပ်မကိုင်ဘဲနေမလား"

"အေးပါ. . . ခု နင်ပြန်ဆက်လိုက်နော်၊ ငါဆက်နေရင် သူက ပေရှည်နေဦးမှာ"

"သူလည်း ခုထိ ဂုလားကားရိုက်ချင်တုန်းလား၊ ဘာဇာတ်လဲ သူငယ်ချင်းဇာတ်လား၊ အီစီကလီဇာတ်လား မေးလိုက်"

ဖြူက အကြောင်းသိပီပီ ရယ်ဟဟဆိုသည်။

"သူ့ဘာသာ ဘာကားရိုက်ရိုက်ပါ၊ ငါ မင်းသမီးမဟုတ်ရင် ပြီးတာပဲ၊ နင်သာ ဇာတ်ညွှန်းဝင်မရေးနဲ့"

"ဝေးသေး"

ပြောပြီး သူတို့နှစ်ယောက်ရယ်ကြပြန်သည်။ ဖြူက ရယ်ရင်းမှ မေး၏။

"ဘာလဲ. . . သူလည်း ခုထိ ဝေ့နေတုန်းပဲလား"

"အင်း. . . ဒီတိုင်းပါပဲ"

"နင်ပဲ လမ်းခင်းပေးလိုက်ပါ၊ ရှင်ပြောချင်ရင် စောစောပြော၊ ကျွန်မ စောစောငြင်းလို့ရအောင်လို့. . . လို့"

နီ. . . ရယ်သည်။

"နင့်ဝတ္ထုထဲက ဇာတ်ကောင်ကျမှပဲ သင်ပေးလိုက်သီလား၊ ငါကတော့ မခင်းတတ်ဘူး၊ ဒါပဲ၊ ဒါပဲ၊ နင်စာရေးပျက်နေမယ်၊ နင်ဖုန်းလည်း ဆက်ရဦးမှာ၊ ဒါပဲ. . . တာ့တာ"

ပြောပြောဆိုဆို နီ ဖုန်းချသွားတော့သည်။ ဒီလိုပဲ အားလုံးက အချိန်လုနေကြရတာလေ။ ကျော်ကြားတစ်ကောင်လည်း ပေရှည်ချင်သည့်သူမို့သာ ရှည်ခြင်းဖြစ်သော်လည်း သူ့စာနှင့်သူပင် မအားရတာ ဖြူ တို့အသိ။ တခြားလူသာဆို မြန်မြန်ပြော ဖုန်းခကုန်တယ်က ပါသေးသည်။ နီနှင့်ကျမှ ကျော်ကြား ဝေ့ဝဲကာ ပေရှည်နေခြင်းဖြစ်သည်။

ဖြူ ကျော်ကြားဖုန်းကိုခေါ်လိုက်သည်။

"နင်. . . ဖုန်းမကိုင်နိုင်လောက်အောင် ဘာတွေ သွေးနထင် ရောက်နေတာလဲ"

စစချင်း ဆီးကြိုနှုတ်ဆက်လိုက်သံက ပီယဝါစာဖြစ်လွန်းသည်။

"သိကိုမသိလိုက်တာ၊ ခုတောင် နီ့ကျေးဇူးနဲ့ နင်ခေါ်ထားမှန်း သိလို့ ပြန်ခေါ်တာနော်"

"အော်. . . နင်က. . . နီ့ဖုန်းကျတော့ကိုင်တယ်လား"

"မကိုင်လို့မှမရပဲ၊ သူက နင့်လို တစ်ခါခေါ်ပြီး. . . မရဘူး၊ အော်နေတာမဟုတ်ဘူး၊ မ်နားမနေရအောင်ခေါ်တာ"

"ငါ. . . အဲလောက်မအားဘူး"

ပြောပုံက နီကြားလျှင်သတ်ချင်စရာ။ နီကပဲ အားနေလို့ခေါ်နိုင် သလို။

"အင်းအင်း. . . နင်မအားလည်းနေ၊ ငါ အောင်မြေနဲ့ဖြစ်ဖြစ် တံခွန်နဲ့ဖြစ်ဖြစ် ပြောလိုက်မယ်"

ဒီလိုရွဲ့ပြန်တော့လည်း ပိကျိပိကျိနှင့် မကျေမနပ်တွေရေရွတ်ကာ ဖုန်းက အောင်မြေ့လက်ထဲရောက်သွားပုံရသည်။ အောင်မြေ့ အသံကို ကြားလိုက်ရ၏။

"ပြော. . . ဖြူ. . . "

"နင်. . . တနင်္ဂနွေနေ့ ဆွမ်းကပ်မလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ခုနက နင့်ဆီ ကျော်ကြားဆက်တယ်၊ နင် ဖုန်းမကိုင် တာနဲ့ နီ့ဆီမှာခဲ့တယ်တဲ့"

"အင်းပါ. . . အဲဒါထားပါ။ အဲဒါ ငါနဲ့နီ လာချက်ပေးမယ်လို့ ပြောမလို့"

"အာ. . . မချက်နဲ့. . . မချက်နဲ့၊ ဆိုင်ကမှာလိုက်ရင် ကိစ္စပြတ်ပြီ"

ထင်ထားသည့်အတိုင်း အောင်မြေက အတင်းငြင်းသည်။

"မဟုတ်ပါဘူးဟာ၊ ငါတို့လည်း မဆုံတာကြာပြီလေ၊ အဲဒီည လာအိပ်ပြီးချက်ပေးမလို့၊ ခါတိုင်း ငါတို့ စုချက်စားကြသလိုပါပဲ၊ ဘာမှ မပိုပါဘူး"

ဖြူက ထိုသို့ပြောတော့ အောင်မြေငြင်းရခက်သွားသည်။ တံခွန့်ကို လှမ်းပြောပြတော့ တံခွန်က သဘောတူ၏။

"ကောင်းတာပေါ့၊ ဆိုင်ထမင်းဟင်းကြီးကပ်ရမှာထက် စာရင်. ."

"အင်း. . . တံခွန်ကတော့ ပိုသဘောကျတာပေါ့၊ ငါက နင်တို့ မအားတဲ့ကြားက လာချက်ပြုတ်ရမှာစိုးလို့ပါ၊ အထူးသဖြင့် နီ. . ."

ထိုစကားကြောင့် ဖြူက ခပ်မွမွလေးရယ်သည်။

"နီပဲ မအားတာလား"

"အာ. . . အဲလိုမဟုတ်ပါဘူး၊ သူက နင့်လို ကိုယ့်အချိန်ကိုယ် မပိုင်ဘူးလေ"

"အင်းပါ. . . ထားပါတော့၊ မနက်ဖြန်ညနေ ငါနဲ့ ဈေးလိုက်ဝယ် ကြ၊ ငါ့ကိုလာခေါ်၊ ဟုတ်ပြီလား၊ ဘာလိုသေးလဲ"

"မလိုပါဘူး၊ သက်န်းက ဝယ်ပြီးပြီ၊ ဘုရားပန်းတွေလည်း ဝယ်လာတယ်၊ နောက် အချိုပွဲတွက် အသီးတစ်ချို့လည်းဝယ်ထားတယ်"

"အေးအေး. . . မနက်ဖြန်တွေ့မယ်၊ ဒါပဲ"





ဖြူ ဖုန်းချလိုက်သည်။

ဘောလ်ပင်ပြန်ကိုင်တော့ စာစောကရေးလက်စတွေက ခေါင်း ထဲရောက်မလာတော့။

ဘောလ်ပင်ကိုပြန်ပစ်ချရင်း မျက်စိကို စုံမှိတ်ထားလိုက်သည်။ ဘာမဆိုင်ညာမဆိုင် ဒီသူငယ်ချင်းအုပ်စုလေးကို ဒီအတိုင်းလေးရှိနေစေ ချင်သည့်စိတ်ကလေးက ဝင်လာသည်။ အခိုင်မြဲဆုံး အဖြူရောင်သံယော ဇဉ်များကို ဘယ်သောအခါမှ မပျက်ပျယ်စေလိုတာ ဖြူ့ဆန္ဒလေ။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

## INTEGRATION
## (XIV - Major)





( ၅ )

ဈေးဝယ်ရန် ဖြူ့ကိုသွားခေါ်တော့မှ ဒေါ်မြတ်လေးငုံထံ ဒုတိယ အကြိမ်ရောက်ခဲ့သည့်အကြောင်းကို ပြောပြဖြစ်သည်။ ပထမ အကြိမ်ကလည်း ပြောဖြစ်သည်။ ဘာမှတော့သိပ်မထူးခြားသည်မို့ ဖြူကလည်း ဘာမှတ်ချက်မှမပေး။ ခု သက်န်းက ဘယ်နှစ်စုံလဲမေး တော့မှ (၆)စုံဖြစ်နေ၍ ရှင်းပြရင်း မြတ်လေးငုံထံရောက်ခဲ့ကြောင်း ပြောဖြစ်သွားခြင်းဖြစ်သည်။

"သူကရော. . . ဘာလို့ သင်္ကန်းတစ်စုံပေးရတာလဲ"

"ကုသိုလ်ပြုတာတဲ့"

"အင်း"

ဖြူ့ 'အင်း'က သံရှည်ကြီး။

"ဒီကိစ္စက ရှင်းရှင်းလေးလို့ကြည့်ရင် ရှင်းရှင်းလေးပါပဲ။ တစ်ခု ရှိနေတယ်လို့တွေးရင်လည်း တစ်ခုမက ရှိနေနိုင်တာပဲ။ ရှင်းတယ်လို့ပဲ စဉ်းစားလိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူက စကားကိုဖြတ်ပစ်လိုက်သည်။ အဖြေမရှိသည့်ပုစ္ဆာကို ဆက်မတွက်လိုသောသဘော။ ဖြူက ထားလိုက်ပါဆိုသော်လည်း သေချာတာက အောင်မြေကတော့ ဆက်တွေးဖြစ်နေတာ။ မကြာခဏလည်း တစ်ခုမဟုတ်တစ်ခုသော မေးခွန်းတွေက သူ့ခေါင်းထဲဝင်ဝင်လာတတ်သည်။ သို့သော် မြတ်လေးငုံ၏မျက်နှာနှင့် ကြားနိုင်သည့်အဖြေများကို မှန်းဆ ကြည့်မိလျှင်တော့ သူ့မေးခွန်းတွေ ပြန်ပြန်ပျောက်သွားတတ်သည်။

"နင်. . . ဘာတွေကပ်မှာလဲ"

"ထုံးစံအတိုင်း အမေလုပ်နေကျအတိုင်းပေ့ါ၊ ခြေလေးချောင်းတွေရှောင်၊ ကြက်သား၊ ငါးဖယ်၊ ပုဇွန် စသဖြင့်. . ."

"အင်း. . . ငါလည်း ဒီလိုပဲစဉ်းစားပါတယ်၊ မရွှေနီက ချက်မယ် သာပြောတာ၊ ဘာချက်မယ်ကျ အမှာတော်ရှိမသွားပြန်ဘူး"

"မေးမနေပါနဲ့၊ ငါတို့ ဝယ်ချင်တာဝယ်မယ်၊ သူချက်ပစေပေ့ါ"

တံခွန်က အောင်မြေ့ကို မသိမသာတစ်ချက်၊ ကျော်ကြားကို သိသိသာသာတစ်ချက် လှမ်းကြည့်ပြရင်း ဖြူကိုပြောတော့ ဖြူက ရယ်ကာ တောက်ခံသည်။

"အေး. . . ဟုတ်တယ်" တဲ့။

ဖြူက အကွက်စေ့တာတော့သေချာသည်။ ကြက်ကို အသားချည်းမဝယ်ဘဲ အကောင်လိုက်ဝယ်သည်။ နှစ်ကောင်။ ပြောပုံကတော့ အရိုးကိုပြုတ်ကာ ကြံမဆိုင်နှင့်ဟင်းချိုချက်မည်တဲ့။ အသည်းအမြစ်အပိုနှစ်စုံဝယ်ကာ အသည်အမြစ်နှင့် အစိမ်းကြော်ကြော်မည်ဆိုသည်။

"ဒါမျိုးက သူတို့မိန်းမတွေပဲတတ်တာ၊ ဘာမှမပစ်ရအောင် အသုံးချနည်းလေ"

ကျော်ကြားက ပစ္စည်းတွေလိုက်သယ်ရင်းဆိုတော့ ဖြူက. . .

"မိန်းမတိုင်းမတတ်ပါဘူး ကျော်ကြားရယ်၊ အဲလိုပဲ တစ်ချို့





ယောကျ်ားတွေလည်း ဒီထက် အကွက်စေ့ကြပါတယ်"

"နီကတော့တတ်မှာပါ"

ကျော်ကြား၏တုံ့ပြန်စကားကြောင့် အားလုံး ကြိတ်ရယ်ရသေးသည်။ သူကလည်းသူ။ ကွယ်ရာကျပွင့်လင်းနေတတ်ပြီး နီ့ရှေ့ကျ ဝေ့နေတတ်တာ နှစ်တွေတောင်တော်တော်ကြာပြီ။

သူတို့ ဈေးဝယ်ပြီးပြန်လာတော့ နီက အိမ်ရှေ့မှာစောင့်နေပြီ။

"ဟင်. . . ဘယ်တုန်းကရောက်တာလဲ"

"နာရီဝက်လောက်ရှိပြီ"

"ဖုန်းဆက်လိုက်ပါတော့လား"

"ဘာလို့ဆက်မလဲ၊ နင်တို့ဈေးဝယ်နေတာ ငါသိတာပဲ၊ အေးအေးဆေးဆေးဝယ်ပေ့ါ၊ ငါလည်း အေးအေးဆေးဆေးထိုင်နားနေတာ"

"အေးပါ. . . နားပါ. . . ခုလည်း နားချင်ရင်ရသေးတယ်၊ အေးအေးဆေးဆေးပဲ"

ဖြူ့စကားက ရွဲ့ပြောခြင်းမဟုတ်ပါ။ တကယ့်ကိုမနားရသော နီ့ နေ့ရက်များကို သူမှန်းလို့ရသည်ပဲ။

"ရပါတယ်. . . ခုလိုလာတာကိုက အပမ်းဖြေထွက်လာတာနဲ့ တူတူပါပဲ။ ကဲ. . . ငါ ဘာကူသယ်ရမလဲ"

"သယ်စရာလား. . . သယ်မယ့်သူသုံးယောက်ပါတယ်၊ ငါတောင် ရှေ့ကနေ ပိုက်ဆံအိတ်ကိုင်ပြီးပဲ ဈေးဝယ်တာ"

ဖြူက မခံချင်အောင်နောက်၏။ ကျန်သုံးယောက်မှာ စိတ်ဆိုးရအခက် ပြန်ပြောရအခက်။

နီက ဈေးဝယ်လာသောပစ္စည်းများကို ကြည့်လိုက်သည်။

"ကြက်က ကိုင်ပြီးခုတ်ပြီးသား နီ၊ ရေဆေးရုံပဲ၊ လုပ်ရမှာက ပုဇွန်ကိုင်ရမယ်၊ ငါးဖယ်ထောင်းရမယ်"

"အင်း. . . ငါ ပုဇွန်ကိုင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နီက ဇလုံတစ်ခုထဲကို ပုဇွန်တွေထည့်ကာ စားပွဲဆီယူလာတော့ ကျော်ကြားက အကြီးလက်တွေဘာတွေခေါက်ကာ ငါလည်းကိုင်ပေးမယ် ဟု ဆိုသည်။

နီက ပြုံးကြည့်ရင်း . . .

"ပုဇွန်ကိုင်တယ်ဆိုတာ ခေါင်းပြုတ်ပြီး အခွံနွှာယုံလို့ထင်လို့ လား"

"ဟင် . . . မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဦးနှောက်နဲ့အညစ်အကြေးထုတ်၊ ခွဲထုတ်ရသေး တယ်၊ နောက် ကျောပေါ်ကအညစ်အကြေးလိုင်းလည်း ဆွဲထုတ်တတ်ရ သေးတယ်"

"ဆွဲထုတ်ရတယ် . . . ဟုတ်လား . . . ဘယ်နားရှိလို့လဲ"

ကျောပေါ်မှာပါလို့ဆိုနေလျက်က ဘယ်နားရှိလို့လဲဆိုတော့ နီ ပုဇွန်ဇလုံကို ပြန်ဆွဲထားလိုက်တော့၏။

"သွား . . . ကြက်သွန်သွားနွှာချေ"

နီ့အမိန့်တစ်ခုတည်းနှင့် ကျော်ကြား ကြက်သွန်နွှာရတော့ သည်။ တစ်ဦးတည်းသောသား ဘာမှမလုပ်ရသောကျော်ကြား မား တစ်လက်နှင့် ကြက်သွန်နွှာနေပုံက ရယ်စရာ။ လူကသာ ကြက်သွန်နွှာ နေသည်။ ပါးစပ်ကတော့ ပုဇွန်မခွာရတာကိုပြောနေဆဲ။

"လူသေခွဲရတာလောက်ပဲ ခက်ဦးမလား . . . ဒီပုဇွန်က . . ."

သူ ရေရွတ်တာကို အားလုံးက မကြားချင်ဟန်ဆောင်နေလိုက် ကြသည်။

ဖြူကတော့ အသားငါးတွေကို ဆေးကြောထည့်သိမ်းပြီး ညစာ ကို အရင်ချက်ရန်ပြင်သည်။

"ညစာကဘာလဲ"

"ထမင်းကြော်"





"အာ"

ထမင်းကြော်ဆိုတော့ အားလုံးက 'အာ'ခနဲ သံပြိုင်ထွက်လာ သည်။

"အမယ် . . . စားကြည့်ပါဦး၊ ကြက်အူချောင်း၊ ပုဇွန်၊ အသည်း၊ အသား၊ မှို အကုန်ပါမယ်"

"အော် . . . အဲလိုလား"

"အဲလိုဆိုရင်တော့ ငါတို့ အနစ်နာခံစားလိုက်ပါ့မယ်"

"ကြက်သားကိုတော့ ဗမာကြက်ဆိုတော့ ညတည်းက ချက်ထား လိုက်မယ်၊ ပုဇွန်တော့ မနက်ကျမှချက်၊ အရိုးလည်းပြုတ်ထားမယ်၊ မနက် ကျမှ အရွက်ခတ်တာပေါ့၊ ငါးဖယ်လည်း မနက်ကျမှသုတ်ဖို့လုပ်မယ်၊ ဟင်းသီးဟင်းရွက်လည်း လှီးထားတာပေါ့၊ အဆင်ပြေလား အောင်မြေ"

ဖြူက အောင်မြေ့ကိုလှမ်းမေးနေသေးသည်။ တကယ်ဆို အောင်မြေပင် အဲလိုမတွေးတတ်မစီစဉ်တတ်ပါ။ သူသိတာက ဆိုင်က မှာလိုက်လျှင် သူတို့ အလုပ်ရှုပ်သက်သာမည်ဆိုတာပါပဲ။

"ပြေတယ် . . . ပြေတယ်"

"ပြေရင် သက်န်းတွေကို သေချာသွားစီထားဦး၊ ကပ်မယ့်ဝတ္ထု တွေလည်း သေချာ စာအိတ်နဲ့ထည့်"

"သက်န်းက ဘယ်နှစ်စုံလဲ"

နီက မေးသည်။

"ခြောက်စုံ"

"အော် . . . သံဃာကခြောက်ပါးလား"

"ဟင့်အင်း . . . ငါးပါး"

"တစ်စုံက အပိုထည့်ပေးတာလား"

နီ့စကားကြောင့် အားလုံးကရယ်ကြသည်။ ပြီးမှ အကျိုး အကြောင်းရှင်းပြရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်မြတ်လေးငုံဆိုတာက. . ."

နီက မျက်မှောင်လေးကြုတ်ကာ မေး၏။ သူမက ဒီဇာတ်မှာ မပါခဲ့သလို အလုပ်လည်းရှုပ်နေသဖြင့် ဘာမှမသိလိုက်။ ခုကျကာမှ သူ့ကို ပြန်ရှင်းပြရပြန်တော့သည်။ စကားဆုံးတော့ နီက ပြုံးစစဖြင့် အောင်မြေ့ ကိုနောက်သည်။

"သူက နင့်ကို အလှူရှင်က မေသံလွင်နီဆိုတာ ဝန်မခံလိုက်ဘူး မဟုတ်လား"

"အင်း. . . သူလည်း နင့်စကားနားထောင်ရှာပါတယ်"

အောင်မြေက အလိုက်အထိုက်ပြန်ပြောပေးလိုက်တော့ သူတို့ ရှေ့ဆက်နောက်စရာစကားမရှိ ဖြစ်သွားသည်။ ကျော်ကြားကတော့ အစွန်လေးနှင့်'မ'ပေး၏။

"အဲဒီ ဒေါ်မြတ်လေးငုံဆိုတာ တော်တောလှဆိုပဲ၊ ကျက်သရေ လည်းရှိသတဲ့"

"ဟုတ်လား"

"အောင်မြေ တဖွဖွပြောတာပဲလေ"

အောင်မြေ ကျော်ကြားကို သဘောပေါက်သလိုကြည့်လိုက် တော့ ကျော်ကြား နှုတ်ဆိတ်သွားတော့သည်။

"အဲဒီ ဒေါ်မြတ်လေးငုံဆိုတာ ငါနဲ့သိပါတယ်၊ နင် အကူအညီ လိုချင်လည်းပြောဦး"

နီ့စကားကြောင့် အားလုံးကပြုံးကြသည်။

"နင်နဲ့ချည်းသိတာမဟုတ်ဘူးလေ၊ ငါတို့နဲ့လည်းသိတယ်"

တံခွန်က ဝင်နောက်၏။

"နင်. . . အထင်မလွဲမိစေနဲ့ အောင်မြေ၊ တကယ့်တကယ်ကျ အဲဒီ မြတ်လေးငုံကို တကယ်သိတာ ငါတစ်ယောက်တည်းသိလား"

နီက မျက်နှာသေလေးနှင့်အတည်ပေါက်ပြောသည်။ ဒါကြောင့်





လည်း ဒင်း မင်းသမီးဖြစ်တာဟု စိတ်ထဲကတွေးလိုက်သေးသည်။ ရုပ် ကလေးကိုက သူ့တစ်ယောက်တည်း ပြစ်ယုံပစ်လိုက်ချင်စရာ။

အောင်မြေ စိတ်ပေါက်လာသဖြင့်. . .

"ငါ ဆုံးဖြတ်ချက်ချလိုက်ပြီ"

"ဘာလဲ"

"ဒီနေ့ကစပြီး ဒီကိစ္စကို စိတ်မဝင်စားတော့ဘူး၊ မစုံစမ်းတော့ ဘူး၊ မသိချင်တော့ဘူး၊ မြတ်လေးငုံဆီလည်း မသွားတော့ဘူး၊ လှူတဲ့သူ လည်း ငါ့ကို ရေစက်ရှိသလောက်လှူပစေ၊ ငါလည်း ကံပါသရွေ့သုံးမယ်၊ ကဲ . . . သိပြီလား"

"အင်း. . . သိပါပြီ. . . ဒါပေမယ့်"

ဖြူက စောဒကတက်ရန်ကြိုးစား၏။

"ဘာမှ ဒါပေမယ့်နဲ့မသိဘူး"

"အဲဒီလူကို ဘာကျေးဇူးမှ မဆပ်တော့ဘူးလားဟင်"

နီကလည်း မျက်နှာသေလေးနှင့်။

"ဘာမှမဆပ်ဘူး"

"ဒါဆို. . . ငါတို့ရည်ရွယ်ထားခဲ့တာတွေ ကန္တာရထဲ ရေသွန် သလို ဖြစ်ပြီပေါ့နော်"

"အသေအချာပဲ"

လေးယောက်သား ခေါင်းချင်းဆိုင်ချင်ယောင်ဆောင်လိုက်ကြ သည်။ ပြီးမှ မျက်နှာသေလေးတွေနှင့် ပြန်လှည့်လာပြီး . . .

"ငါတို့လည်း ဆုံးဖြတ်ချက်ချလိုက်ပြီ. . ."

"ဘာဆုံးဖြတ်ချက်လဲ"

"ကျေးဇူးမဆပ်တဲ့သူကို အလှူတော့ဘူးလို့"

အောင်မြေ တဟားဟားအော်ရယ်တော့ သူတို့ပါ လိုက်ရယ်ဖြစ် ကြသည်။ မေမေရော လိုက်ရယ်နိုင်မှာလား။ သား ပျော်နေတယ်ထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့လေ။

ဘာပဲပြောပြော မေမေမရှိတဲ့နောက်မှာ မိသားစုလေးတစ်ခု မောင်နှမလေးတစ်စုလို အနားမှာ နွေးထွေးနောက်ပြောင်နေကြတဲ့ ဒီ သူငယ်ချင်းတွေကို ကျေးဇူးတင်မိတာအမှန်ပါပင်။ အဲဒီလိုပဲ ဘယ်သူမှန်း မသိတဲ့ ကျေးဇူးရှင်ကိုလည်း ကျေးဇူးတင်မိပါသည်။ တစ်နေ့နေ့တော့ လည်း ကျေးဇူးဆပ်ခွင့် ကြုံနိုင်လိမ့်မည်ဟုယုံသည်။

နီ့ အပမ်းဖြေရာညကလေးဟုပြောနိုင်သော သူငယ်ချင်းတွေ ဆုံရာနေ့လေးတစ်နေ့ဟု ပြောနိုင်သော မေမေ့နှစ်ပတ်လည်နေ့ကလေး သည် သူငယ်ချင်းများ၏ ရယ်မောသံများနှင့် သူ့ပို အလွမ်းတွေထဲ နစ် မြုပ်မနေအောင် ထားနိုင်ခဲ့သည်ပဲ။ ဒီအချိန်နာရီများအတွက် သူ အားလုံး ကို ကျေးဇူးတင်နေမိတော့သည်။

■





[ ၆ ]

**MIND**

**(Page of word)**



www.burmeseclassic.com

www.burmeseclassic.com



( ၆ )

ထိုနေ့က သူတို့အတန်းထဲမှ သူငယ်ချင်းတစ်ယောက်၏မွေးနေ့ အဖြစ် သူတို့ကို စားသောက်ဆိုင်တစ်ခုတွင် ဖိတ်ကျွေးသည်။ လူပေါင်း နှစ်ဆယ်ကျော်ခန့် ရှိလိမ့်မည်ထင်သည်။ ဖြစ်ချင်တော့ ထိုစားသောက် ဆိုင်က ဒေါ်မြတ်လေးငုံရုံးခန်းနှင့် သုံးလေးတိုက်သာခြားသည်။

“လမ်းကြုံနေတယ်. . . အောင်မြေ. . . ဝင်ဦးမလား”

“ဘယ်လဲ”

“ဒေါ်မြတ်လေးငုံဆီလေ”

“အာ. . . နေစမ်းပါ. . . ဘာကိစ္စမှမရှိဘူး”

“မရှိတော့ဘူးလား”

“မင်းတို့ကိုပြောပြီးပြီပဲ၊ ဘာကိစ္စမှမရှိတော့ဘူး၊ အရာအားလုံး ကို ဖြစ်လာရင် ဖြစ်လာတယ်၊ ပျက်သွားရင် ပျက်သွားတယ်ပဲ မှတ်လိုက် တော့မယ်”

“အလဲ့. . . တယ်လည်း တရားသံပေါက်နေပါလား”

“ဒီလိုပါပဲ၊ အားမတန်မာန်လျှော့ဆိုတာမျိုးပေါ့”





အောင်မြေက ခပ်ရွှတ်ရွှတ်နောက်တော့ သူတို့ရယ်ကြသည်။ ကားက ဆိုင်ရှေ့မှာရပ်စရာနေရာ မရှိသဖြင့် မောင်းလာရင်း ဒေါ်မြတ် လေးငုံရုံးခန်းနား ရောက်လာသည်။ ထိုနားမှာပင် ကားကိုရပ်လိုက်ကြရ ၏။

ဆင်နားရွက်တပ်ထားသောတံခါးကို တစ်ချက်ကြည့်လိုက်တော့ ဒီအတိုင်းပင်။ တံခါးက ခပ်တင်းတင်းစေ့ထားသည်။ အကောင်းဆုံးက ထိုရုံးခန်းကိုရောက်ဖူးသည်ဟုပင် စိတ်ထဲကမထားဘဲ ကျော်ဖြတ်သွား ရန် ဖြစ်သည်။

ဆိုင်ထဲမှာတော့ လူအတော်စုံနေပြီ။ ယောကျ်ားလေးတွေချည်း ပဲမို့ တော်တော်လည်း ဆူညံပွက်လောရိုက်နေတာအမှန်။ ပျော်တော့ ပျော်စရာကောင်းသား။ အောင်မြေကတော့ မွေးနေ့တွေကို သာမန်က ရှန်ကာ ဖြတ်ကျော်ခဲ့တာ ဖေဖေဆုံးပြီးကတည်းက။ မွေးနေ့မနက်မှာ မေမေပြင်ဆင်ပေးသော သစ်သီးများပန်းများကို ဘုရားကပ် ဘုန်းကြီး ကျောင်းဆွမ်းချိုင့်ပို့တာလောက်ကလွဲလျှင် ဘာမှ ထူးထူးခြားခြားမလုပ် ဖြစ်။

သူငယ်ချင်းတွေကိုပင် အတင်းကြီးတောင်းဆိုကာမှ ကျောင်းမှာ ဖြစ်ဖြစ် နောက်ရက်တွေကျမှ တစ်ခုခုလုပ်ဖြစ် ကျွေးဖြစ်တတ်တာကို သတိရသည်။

“အဓိကကတော့ကွာ. . . မွေးနေ့ဆိုတာထက် ငါတို့တွေ နောက်နှစ်လောက်ဆို တစ်နေရာစီရောက်တော့မှာမို့ အတူရှိခိုက် ဒီလိုပွဲလေး လုပ်လိုက်တာဆိုရင် ပိုမှန်မယ်၊ ငါ့ကို ငယ်ငယ်က ဆရာမ တစ်ယောက်က ဆုံးမထားဖူးတယ်၊ ဝေးသွားမှ မလွမ်းနဲ့တဲ့၊ အတူရှိခိုက် ရှိတဲ့အချိန်ကို တန်ဖိုးထားပါတဲ့၊ တစ်နိုင်ငံလုံးမှာ လူတွေအများကြီးပဲ၊ ငါတို့အရွယ်တွေလည်းအများကြီးပဲ၊ ဒီထဲကမှ ငါတို့ ဒီကျောင်းကို ရောက်လာကြတယ်၊ နှစ်ရှည်လများ အတူတွေ့ နေခွင့် ပညာအတူသင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရတယ်၊ အဲဒါ နည်း တဲ့ရေစက်မှမဟုတ်တာ၊ ဒီကနေခွဲရပြီဆိုရင်တော့ ဒီလို အတူယှဉ်တွဲပြီး ရှိနေကြဖို့ဆိုတာ သိပ်မသေချာတော့ဘူး. . . ဒါကြောင့်"

မွေးနေ့ရှင် သူငယ်ချင်း၏စကားများက အဓိပ္ပါယ်ရှိကာ လေးနက်လှသည်။ အောင်မြေလည်း တွေးမိပါသည်။ သူတို့သူငယ်ချင်း ငါးယောက် ရှစ်တန်းလောက်ကတည်းက စသိခဲ့ကြသည်။

ဆယ်တန်းမှာ တော်တော်ကြီးကို တရင်းတနှီးဖြစ်ပြီး မိသားစုတွေလိုပါဖြစ်ခဲ့ကြသည်။ အချင်းချင်းလည်း မောင်ရင်းနှမတွေလို နေလာခဲ့ ကြသည်မို ကျော်ကြားအနေနှင့်လည်း ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဇဝေဇဝါဖြစ်နေတာကို ကိုယ်ချင်းစာသည်။

အောင်မြေကိုယ်တိုင်ပင် ကိုယ့်ကိုယ်ကို ဘာမှန်းသိအောင် စစ်ဆေးမကြည့်နိုင်ခဲ့။

"မေသံလွင်နီကို တွေ့ခဲ့တယ်ကွ"

တစ်ယောက်က ထိုသို့ပြောလိုက်သံကိုကြားရသဖြင့် အောင်မြေ ခေါင်းထောင်သွားရသလို ကျော်ကြားနှင့်တံခွန်တို့လည်း အကြည့်ချင်းဆုံသွားကြသည်။

"ဟိုတစ်ခါလည်း ဒီဆိုင်မှာလာရိုက်တာ၊ ခုလည်း ရုပ်ရှင်လာရိုက်တာနေမှာပါ"

အောင်မြေက ပထမဆုံး သူ ဒီလမ်းထဲလာတုန်းက နီကိုတွေ့ခဲ့တာကိုသတိရပြီးပြောတော့ ကျော်ကြားနှင့်တံခွန် ခေါင်းညိတ်သည်။ တချို့ ထွက်သွားကြည့်ကြသလို တချို့ထိုင်နေသည်။ နီသည် သူတို့သူငယ်ချင်း အရင်းကြီးဆိုတာ သိသည့်သူက ခပ်ရှားရှား။

"ရုပ်ရှင်ရိုက်တာလား"

တစ်ယောက်ကမေးသည်။

"မဟုတ်ဘူးထင်တယ်၊ တစ်ယောက်တည်းပဲ"





ထွက်ကြည့်သူတစ်ယောက်က ဖြေသည်။

"ကားမှာ စာသွားကပ်ထားလိုက်ရင် ကောင်းမယ်ထင်တယ်"

တံခွန်ကနောက်သည်။

"ဘာရေးပြီးကပ်မှာလဲ"

"နင်ဘာလုပ်လုပ် ငါတို့သိတယ်လို့"

တံခွန့်စကားကြောင့် သုံးယောက်သားရယ်မိကြသည်။ သူကတော့ 'သိတော့ဘာလုပ်ချင်လို့လဲ' ဟု ခပ်ပြုံးပြုံးလေးပြန်မေးမည့် နီ့ ကိုပဲ မြင်ယောင်နေမိသည်။ သူတို့ အကြာကြီးဆက်ထိုင်နေသေးသည်။ လူစုခွဲကြတော့မှ ပြန်ထွက်လာခဲ့လိုက်သည်။

ဆိုင်မှအထွက် နောက်ကဆင်းလာသောကျော်ကြားက အောင်မြေ့ကို ဆောင့်ဆွဲလိုက်သဖြင့်. . .

"ဟာ. . . ဘာဖြစ်. . . "

အောင်မြေ့စကားမဆုံးလိုက်။ ဒေါ်မြွတ်လေးငုံ ရုံးခန်းထဲမှ ထွက်လာပြီး ကားပေါ်တက်သွားသော နီ့ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ နီ့ကားလေးထွက်သွားသည်ထိ သူတို့ ကြည့်နေမိကြသေးသည်။

ပြီးမှ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဘာစကားမှမဆိုမိဘဲ ကားပေါ်ရောက်လာခဲ့ကြသည်။

ကားပေါ်ရောက်မှ တံခွန်က . . .

"နီ. . . ဘာဖြစ်တာလဲမသိဘူး"

"ဘာဖြစ်ရမှာလဲ"

ကျော်ကြားက လေသံဆတ်ဆတ်နှင့်မေးသည်။ သူ့လေသံကလည်း တစ်ခုခုကို မကျေနပ်နေသလို။ ဘာမှန်းတော့မသိ။

"အော်. . . ရှေ့နေဆီလာမှတော့ တစ်ခုခုဖြစ်လို့နေမှာပေါ့"

"အာ. . . မင်းကလည်း အိမ်အရောင်းအဝယ်ကိစ္စ ချုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ဖြစ်နိုင်တာပဲ"

အောင်မြေကဝင်ပြောလိုက်မိ၏။

ထိုစကားကြောင့် ကျော်ကြားက အောင်မြေ့ကို မျက်လုံးစွေကြည့်ရင်းပြောသည်။

"တော်လှချည်လား. . . ဒါမျိုးကျတော့. . ."

"ထင်တာကိုပြောတာလေ"

"ငါကတော့ အဲလိုမထင်ပါဘူး"

"ဒါဆို. . . တံခွန့်လိုပဲ တစ်ခုခုဖြစ်တယ်ထင်လို့လား"

"အဲလိုထင်မှတော့ ခုနကတည်းက တံခွန့်ကို ထောက်ခံလိုက်ပြီ"

"ဒါဆို. . . ဘာလဲ"

"သူ. . . အောင်မြေ့ကိစ္စ လာစုံစမ်းတာနေမှာပေါ့"

"အောင်မြေ့ကိစ္စ"

တံခွန်က တအံ့တသြပြန်မေး၏။ အောင်မြေကလည်း နားမလည်ပါ။

"ငါကိစ္စကအံရှင်းကြီး၊ နောက်ဆုံးတွေ့ကြတဲ့နေ့ကလည်း ငါတို့အကုန်ပြောပြီးပြီ"

"ဒါကြောင့် သူ မြတ်လေးငုံဆီ လာတာနေမှာပေါ့"

"ဘာဆိုင်လဲ"

အောင်မြေက ခေါင်းခါသလို တံခွန်ကလည်းလက်မခံ။

"အောင်မြေ့အတွက် တစ်ခုခုလာစုံစမ်းတာမေးတာမျိုး"

"သူက ဘာကိစ္စ အဲလိုလုပ်စရာရှိလဲ"

အောင်မြေက ထိုသို့မေးတော့ ကျော်ကြားကမဖြေ။

သို့သော် အောင်မြေ နည်းနည်းတော့ သဘောပေါက်သွားသလိုရှိသည်။ အောင်မြေ့ကိစ္စကို လာစုံစမ်းပေးနေသည်ဟုထင်၍သာ ကျော်





ကြား တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေပုံရခြင်းဖြစ်သည်ဟု သဘောပေါက်သွားပြီး တစ်ဖက်ပင် လှည့်ပြုံးလိုက်မိသည်။ အော်. . . ကျော်ကြား . . . ကျော်ကြားဟုလည်း စိတ်ထဲက ညည်းတွားမိသေးသည်။

"ကဲပါ. . . အဲဒါတွေငြင်းနေမယ့်အစား မိနီဆီဖုန်းဆက်လိုက်၊ မေးလိုက်. . ."

ကျော်ကြားမလှုပ်။ သူ့ဖုန်းသာထုတ်ပေးသည်။ ခါတိုင်း နီ့ဆီဆက်ရဖို့ဆို ဆတ်ဆတ်ခါဖြစ်နေသောသူက ခု မလှုပ်။ အောင်မြေပဲ လှမ်း ဆက်လိုက်ရသည်။ တံခွန်က ကားမောင်းနေသည်ကိုး။

"နီလား"

"အင်း"

"နင်. . ခု. . . ဘယ်မှာလဲ"

"လမ်းမှာ"

"ဘယ်သွားနေတာလဲ. . အလုပ်လား"

"ဆိုပါတော့"

"ဒါထက်. . ."

အောင်မြေ့စကားကို ချက်ချင်းမေးမထွက်ဖြစ်နေမိသည်။ ဘာကြောင့်မှန်းတော့မသိ။

"အင်း. . . ပြောလေ. . ."

"နင့်ကို ငါတို့တွေ့လိုက်သလားလို့"

"ဟုတ်လား. . . ဘယ်နားမှာလဲ၊ ခေါ်လိုက်တာမဟုတ်ဘူး"

". . . သခဲ့ထိပ်နားမှာ"

အောင်မြေ တမင် နေရာအတိအကျကိုမပြောဘဲ လမ်းကိုသာ ပြောလိုက်သည်။

"ဟာ. . . ဟုတ်တယ်ဟ၊ ငါ အဲဒီလမ်းထဲက စားသောက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို သွားတာ၊ မိတ်ဆွေတစ်ယောက်နဲ့ချိန်းထားလို့"

နို့စကားက အောင်မြေ့ကို ဖြတ်ရိုက်လိုက်တာထက်ပင် ဆိုးသလို ခံစားရသည်။

နီ ဘာလို့ အမှန်ကိုမဖြေတာလဲ။ အဲဒီစားသောက်ဆိုင်ထဲမှာ ငါတို့က သွားသောင်းကျန်းနေခဲ့တာလေ. . . ဟု ပြောပစ်ချင်စိတ်ကို ထိန်းချုပ်လိုက်ရသည်။

"အင်း. . . ဟုတ်လား"

"နင်နဲ့အတူ တံခွန်နဲ့ ၊ကျော်ကြားရောပါတာလား"

"အင်း. . . ဟုတ်တယ်"

"ဒါများ. . . အဲနားတည်းက ဖုန်းခေါ်လိုက်ရင် ငါတို့တွေ့နိုင်သေးတယ်၊ ခု ငါက ကားတစ်ခုရိုက်ဖို့သွားနေပြီ"

"အင်းပါ. . . သွား. . . သွား. . . ဒါပဲနော်. . . "

အောင်မြေ မအောင်မြင်စွာ ဖုန်းကိုချလိုက်ရသည်။

"ဘာတဲ့လဲ အောင်မြေ"

"သူ အဲဒီလမ်းထဲကစားသောက်ဆိုင်မှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့သွားတာတဲ့"

"ဟမ်"

"ဘာရယ်"

တံခွန်ရော. . . ကျော်ကြားပါ ထင်မှတ်မထားသည့်ကိစ္စမို့ အံ့သြ သွားကြသည်။

"ဟုတ်တယ်. . . သူ ဘာလို့ အဲလိုပြောရတဲ့လဲ"

"အကြောင်းတစ်ခုရှိမှာပေါ့"

ကျော်ကြားက မျက်မှောင်ကို တင်းနေအောင်ကြုတ်ထားရင်းမှ ဆိုသည်။

"အဲဒီအကြောင်းတစ်ခုဆိုတာက ငါတို့ကြားထဲ လျှို့ဝှက်ထားရ





မယ့်ကိစ္စမို့လား"

တံခွန်က နားမလည်စွာပြောသည်။

"သူ့အလုပ်ကိစ္စ တစ်ခုခု၊ သူ့ကိုယ်ရေးကိုယ်တာ တစ်ခုခုရှိလို့နေမှာပေါ့ တံခွန်ရာ"

အောင်မြေ့စကားအဆုံးမှာ ကျော်ကြားက ဟက်ကနဲရယ်သည်။ ပြီးမှ . . .

"အဲဒီစကားကို မင်းကိုယ်တိုင် လက်ခံယုံကြည်လို့ပြောတာလား စကားအရလား"

ဟု မေးသည်။

အောင်မြေ ခေါင်းကိုခါသည်။ တံခွန်ကတော့ ပြေရာပြေကြောင်း ဝင်ပြော၏။

"ဘာမဆိုဖြစ်နိုင်တဲ့အချိန်မှာ ဘာမှမပြောတာကောင်းပါတယ်၊ ခုနေ တွေးနေလို့က ဘာမဆိုဖြစ်နိုင်သလို ဘာမဆိုမှားနိုင်တာပဲလေ၊ ကဲ . . . ကဲ. . . အိမ်ကျမှဆက်စဉ်းစားတာပေါ့. . . ဟုတ်လား"

တံခွန်က စကားကိုအဆုံးသပ်ပေးလိုက်ပြီး ကားကို အရှိန်မြှင့်လိုက်သည်။

တရွေ့ရွေ့က တရှိန်ရှိန်ပြေးနေသော ကားနှင့်အတူ သူတို့သုံးယောက်၏စိတ်များသည်လည်း ဟိုဟိုဒီဒီ ရွေ့လျားနေကြလိမ့်မည်။ အတွေးတို့ကို ရုတ်တရက်ရပ်တံ့ပစ်လိုက်နိုင်စွမ်းသော တန်ခိုးရှင်တစ်းပါးပါးများ ရှိခဲ့မည်ဆိုလျှင် ခုနေ တွေ့ချင်စမ်းပါဘိ. . . ။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

**POSSIBILITIES**

**(2 of wands)**





( ၇ )

"ဟင်. . . ဟုတ်လား"

ဖြူ့အသံက တကယ့်ကိုတအံ့တဩ။

တံခွန်က 'အင်း'ဟူသောစကားတစ်ခွန်းကလွဲပြီး ဘာမှမပြောနိုင်။ သို့သော် တည်ငြိမ်သူပီပီ မှတ်ချက်တစ်ခုမှမပေး။

"အင်းပါဟာ. . . သူလည်း ကိစ္စတစ်ခုခုရှိမှာပါ"

"အဲဒီကိစ္စက ဘာဖြစ်နိုင်တယ်လို့ နင်ထင်လဲ"

"အော်. . . နင်ကလည်း သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေလည်း ရှိဦးမှာပေါ့"

"အင်းပါ. . . နင်နဲ့အောင်မြေကတော့ တစ်လေသံတည်းပဲ၊ ကျော်ကြားစကားပဲ ငှားသုံးလိုက်ပါဦးမယ်၊ ကိုယ်ယုံကြည်တာပဲ ကိုယ်ပြောပါ. . . လို့"

ဖြူ ရယ်နေလိုက်မိသည်။

ခုချိန်မှာတော့ ဖြူ ဘာကိုမှ မယုံကြည်မိသေးပါ။ ဖြူ့အကျင့်ကိုယ်၌က သူတစ်ပါးကို အလွယ်တကူ ကောက်ချက်မချတတ်သူဖြစ်နေတာ။ ခုလည်း နို့ကို ကိုယ်တိုင်မေးပြီးမှသာ အဖြေထုတ်ချင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာက ဖြူက တတိယလူလေ။ ဖြေရှင်းမေးမြန်းလို့ကောင်းသည့်နေရာတွင် ရှိနေသည်ကိုး။

"အင်းလေ. . . ဒီသူငယ်ချင်းတွေကိုတော့ ကြီးလာတဲ့တိ အားလုံး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆိုးတိုင်ပင် ကောင်းတိုင်ပင် ထင်ထားတာ၊ ခု မဟုတ်ဘူးဆိုတော့လည်း သတိထားရုံပေါ့"

တံခွန့်စကားကြောင့် ဖြူ ပြာပြာသလဲငြင်းသည်။

"အာ. . . အဲလိုတော့မဟုတ်ပါဘူး တံခွန်ရာ၊ နေပါဦးဟာ၊ ငါမေးပါဦးမယ်၊ ဒါထက် အောင်မြေနဲ့ကျော်ကြားရော"

"ကျော်ကြားက. . . ရေချိုးခန်းထဲမှာ. . . အောင်မြင်က သူ့တပည့်တွေနဲ့. . . ငါက အိမ်ရှေ့လမ်းမပေါ်မှာ. . . နင် ဘာသိချင်သေးလဲ"

"ရပါပြီ. . . အထဲဝင်ထိုင်နေတော့ ငါ နီနဲ့ အဆက်အသွယ်ရရင် ပြန်ဆက်မယ်၊ ဟုတ်ပြီလား"

"အင်းပါ"

တံခွန် ဖုန်းကိုအသာပိတ်ကာ အိမ်ထဲဝင်ခဲ့လိုက်သည်။ အိမ်ထဲမှာတော့ ကျော်ကြားက သူ့ကို အသင့်စောင့်နေ၏။

"ဖြူ့ဆီဆက်တာလား"

"အင်း"

"ဖြူက. . . ဘာတဲ့လဲ"

"သူ့ထုံးစံအတိုင်း ဘာမှတ်ချက်မှမချဘူး၊ နီ့ဆီ ဆက်လိုက်ဦးမယ်တဲ့၊ အဆက်အသွယ်ရရင် ပြန်ဆက်မယ်တဲ့"

"အစောဆုံးညတစ်နာရီပေါ့"

ကျော်ကြားက နီ့ အားလပ်ချိန်မရှိတတ်မှုကို တွေးကာ ပြောသည်။

"နောက်အကျဆုံး မနက်ဖြန်ပေါ့ဟာ"





တံခွန်က ဖြေတွေးနှင့် ပြောပေးလိုက်၏။

ကျော်ကြားက . . .

"ဟိုကောင်မရှိတုန်း ငါ မင်းကိုမေးဦးမယ်"

"အင်း. . . ဘာဲ"

"နီက ဒေါ်မြတ်လေးငုံဆီ အောင်မြေ့အတွက်သွားနေတယ်လို့ မင်း မတွေးမိဘူးလား"

တံခွန် ခေါင်းခါ၏။ ပြီး ကျော်ကြားကို ပြန်မေးလိုက်သည်။

"မပြောတတ်ပါဘူး ကျော်ကြားရာ၊ မင်းဆိုလိုတာက ဘာလဲ၊ အောင်မြေ့ကိစ္စစုံစမ်းတာကို ပြောချင်တာလား၊ အောင်မြေ့ကို ချက်ခ်တွေ ပို့နေတာ သူလို့ ဆိုလိုချင်တာလား"

"နှစ်ခုလုံးဖြစ်နိုင်တာချည်းပဲ"

"နီက ငါတို့မသိအောင် အဲလိုလုပ်မယ့်သူလို့ မင်းထင်လို့လား၊ အချင်းချင်းတွေ၊ ဖြစ်ချင်းဖြစ် သူ့ကိစ္စတစ်ခုခု ဒါမှမဟုတ် အောင်မြေ့ကိစ္စ စုံစမ်းတာမျိုးလောက်ပဲဖြစ်မှာပေါ့"

"ခုပဲ. . . ငါတို့မသိတာလုပ်နေပြီပဲ တံခွန်ရာ၊ သိပ်မဝေးပါနဲ့"

"အင်း. . ."

အင်းကို သံရှည်ဆွဲမိရင်း စောစောက ဖြူ့ကိုပြောမိသောစကားကို သတိရမိသည်။ ငယ်ငယ်ကလို တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိစရာမလိုတော့တဲ့အရွယ်ကို ရောက်ခဲ့ကြပြီလား။

တံခွန်ကတော့ နီတစ်ယောက် အောင်မြေ့ကိုပေးချင်တောင် ဒီတိုင်းပေးနိုင်သည်ဟုမြင်သလို နီ့လိုလူကဖြင့် ခုလိုဂရုပြုပြီး ပေးဖို့မဖြစ်နိုင်လောက်ဟုလည်း မြင်သည်။ ဒါက တံခွန်ခံစားချက်နှင့်အမြင်။ ကျော်ကြားအတွက်ကတော့ ထိုအတွေးနှင့်ပင် အတော်လေးပူလောင်နိုင်တာ သူသိသည်။ သူ့အတွက် ဘယ်လိုမှရှေ့မတိုးသာအောင် ခံနေနိုင်သည့်အဖြစ်တစ်ခုလည်း ဖြစ်လာနိုင်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



တံခွန် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို ကုတ်လိုက်မိသည်။

"တော်ပြီကွာ၊ မိဖြူဆီက ဖုန်းမလာမချင်း ဘာမှမတွေးတာ ကောင်းတယ်၊ မင်းလည်းမတွေးနဲ့တော့"

ကျော်ကြားက သူ့စကားကိုခေါင်းမညိတ်။ ထောက်ခံခြင်း လည်း မရှိဘဲ ပြုံးရုံသာပြုံးသည်။ စိတ်ရှုပ်လာသောတံခွန်ကတော့ ထိုအပြုံးကို ဘာအပြုံးလဲ ဆန်းစစ်မနေတော့။

ရေချိုးခန်းထဲဝင်လာပြီး ရေကို ခေါင်းမှစလောင်းပစ်လိုက် တော့ သည်။

"ဟိုတစ်ကောင်ပဲအေးတယ်၊ သူနဲ့ ဘာမှမဆိုင်သလို စာသင်နေ လိုက်တာ"

မကျေမနပ်နှင့် အောင်မြေ့ကို မြည်တွန်လိုက်သေးသည်။

ကလေးတွေပြန်သွားတော့ သူတို့ ထမင်းစားကြသည်။ ကျော် ကြားက စကားသိပ်မပြောဘဲ တွေးနေသလို။ အောင်မြေကလည်း ထမင်း စားပြီးသည်နှင့် စာအုပ်ကိုင်တော့သည်။

တံခွန်သာ ဖုန်းပဲမျှော်နေမိသလို ဘာလိုလိုနှင့် စိတ်ကမဖြောင့်၊ ကျော်ကြားကလည်း ဖုန်းကို အားသွင်းထားရာကနေ မဖြုတ်။ ဒီတိုင်း ထား‚ထားသည်။ ဒီညကျကာမှ ဖုန်းသံကလည်း တိတ်ဆိတ်နိုင်လွန်း၊ ထင်ယောင်ထင်မှားမျှော်လင့်စရာပင် ဖုန်းသံမကြားရ။ ပျက်သလားထင် ရလောက်အောင် တိတ်ဆိတ်နေသည်။

"အော်. . . တံခွန်. . ."

"အင်း. . . ပြော. . ."

"ညနေက မင်း ဖြူ့ဆီဆက်တာလား"

မေးဖော်ရသော အောင်မြေကို တံခွန် ကြည့်မရတောင်ဖြစ်ချင် လာသည်။

"ဟုတ်တယ်"





"မင်း. . . ဖြူ့ကို ပြောပြလိုက်တာပေါ့"

"အင်း"

ဖြူက ဘာတဲ့လဲ"

"ဖြူကလည်း မင်းလိုပဲ ဘာမှမတည့်ဘူး၊ အကုန်လွဲမှာစိုးလို့ ဘာမှကိုမပြောဘူး၊ နီနဲ့ အဆက်အသွယ်ရမှ ဖုန်းပြန်ဆက်မယ်တဲ့"

"ဟုတ်လား. . . ခုထိ ဖုန်းမလာသေးပါလား"

ဒီတော့ ကျော်ကြားက အောင်မြေ့ကိုလှမ်းပြောသည်။

"မင်း. . . ဆက်လိုက်ပါလား"

"အင်း. . . ဆက်လိုက်မယ်လေ"

အားလုံးက ဆက်စေချင်နေမှန်းသိတာရော အောင်မြေကိုယ်တိုင် လည်း ဆက်ချင်တာရောကြောင့် ဖုန်းကို အားသွင်းထားရာမှ ထဖြုတ် လိုက်သည်။ ညနေခင်းက တံခွန်ခေါ်ထားသည့်နံပါတ်ကိုပင် ပြန်နှိပ် လိုက်သည်။

ထုံးစံအတိုင်း ဒေါ်ရွှေဖြူတို့က ဖုန်းမကိုင်။

"ဖုန်းမကိုင်ဘူးကွ"

ကျော်ကြားက . . .

"ဟုတ်တယ်. . . သူက အဲလိုပဲ လေးငါးခါမရပ်မနားခေါ်မှ ကိုင် တာတဲ့"

"ခေါ်တာပေါ့လေ၊ မရပ်မနား. . . လာလေ့"

အောင်မြေဆက်ခေါ်တော့ သုံးကြိမ်မြောက်မှာဖုန်းကိုင်သည်။

"အေး. . . ပြော. . . တံခွန်" တဲ့။

"ငါ. . . တံခွန်မဟုတ်ဘူး. . . အောင်မြေ"

"အင်း. . . ပြော"

"ပြောရမှာက ငါမဟုတ်ဘူးလေ. . . နင်. . ."

"အော်. . နီလား၊ ဒီည night scene ရှိလို့တဲ့၊ မနက်ကျမှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးမယ်လို့ပြောတယ်"

"အာ. . ."

"အင်း. . . ငါ့မှာတော့ နင့်လို 'အာ'ကနဲတောင်ပြောချိန်မရလိုက်ဘူး၊ ဖုန်းချသွားတာ၊ ဒါပေမယ့်. . ."

"ဘာ. . . ဒါပေမယ့်လဲ"

'အော်. . . ငါတို့ကသာ ဒါကို အရေးတကြီးလုပ်ပေးနေတာလေ၊ သူ့အတွက်ကျတော့ ကျန်တာတွေက ပိုအရေးကြီးချင်ကြီးနေမှာ"

"အင်းပါ"

အောင်မြေ စိတ်ကိုလျှော့ချလိုက်သလို 'အင်း' ကို လေသံဖျော့ဖျော့နှင့်ပြောလိုက်တော့ တံခွန်နှင့်ကျော်ကြားက ကြည့်သည်။ ဘာဖြစ်တာလဲဆိုသောသဘော။

"ကဲပါ. . . ငါစာဆက်ရေးလိုက်ဦးမယ်"

ပြောပြောဆိုဆို ဖြူက ဖုန်းချသွားသဖြင့် သူလည်း ဝမ်းသာအားရချပစ်လိုက်သည်။ ဆက်ပြောရန်စကားလည်းမရှိတော့သလို။

"ဘာတဲ့လဲ. . . အောင်မြေ"

"နောက်အကျဆုံးမနက်တဲ့လား"

တံခွန်နှင့်ကျော်ကြားက မေးခွန်းတစ်မျိုးစီမေးသည်။

"အင်း. . . သူ ဒီည night scene ရှိလို့တဲ့၊ အဲဒါ မနက်ကျမှ ပြန်ဆက်ပေးမယ်တဲ့"

"သေချာတယ်. . . ဒါဆိုနေ့လည်ပဲ"

ကျော်ကြားက မှတ်ချက်ချ၏။

"အစောဆုံးမနက်တောင်မဟုတ်တော့ဘူး၊ အစောဆုံးနေ့လည်"

တံခွန်က ထိုသို့ရေရွတ်ပြီးမှ သူတို့ကို သေချာကြည့်ကာ စကားတစ်ခွန်းဆိုသည်။





"ကျန်တာ ငါစိတ်မဝင်စားဘူး၊ သူ့ဘာသာ အောင်မြေ့ကိုစွပဲသွားမေးမေး၊ သူ့စာချုပ်စာတမ်းကိုစွပဲသွားသွား၊ သူပဲ အမှုဖြစ်နေနေကွာ၊ ဒါ အဆုံးပြောတာ၊ ငါသိချင်တာ စိတ်ဝင်စားတာက ဘာလို့ဘာမှမဟုတ်တာလေးကို လိမ်ပြောလိုက်ရတာလဲဆိုတာပဲ"

"အင်း. . . ဟုတ်တယ်"

အောင်မြေက ထောက်ခံလိုက်၏။ ကျော်ကြားကတော့ ဘာမှမပြော ငြိမ်သက်စွာသာ ခေါင်းညိတ်ပြသည်။

"နောက်တစ်ခုက . . ."

တံခွန်က စကားကို ခဏရပ်ထားသေးသည်။ အောင်မြေနှင့်ကျော်ကြားက သူ့ကို လှမ်းကြည့်မှ စကားကိုဆက်၏။

"ငါတို့ တစ်ယောက်အကြောင်းတစ်ယောက် သိစရာမလိုတော့တဲ့သူငယ်ချင်းတွေ ဖြစ်နေပြီလား၊ တစ်ယောက်ကိုတစ်ယောက် ဘာမှကူညီစရာ အသိပေးစရာမလိုတော့တဲ့အရွယ်တွေ ရောက်ကုန်တာလား၊ ဆိုတာလည်း ငါစိတ်ဝင်စားတယ်"

"ဒါ. . . မိနီတစ်ယောက်တည်းပါ၊ ကျန်တဲ့သူတွေမပါဘူး"

ကျော်ကြားက တံခွန့်ကိုနှစ်သိမ့်တာလား၊ သူ့ဘာသာ နှစ်သိမ့်တာလား၊ သိပ်မသေချာသော စကားကို ဆိုသည်။

"နီက အလုပ်တွေသိပ်များပြီး ပြောချင်တာပြောမိတာလည်း ဖြစ်နိုင်ပါတယ်"

တံခွန်က ထိုသို့ပြောလာသော အောင်မြေ့ကို ပြုံးကြည့်၏။

"အဲအတိုင်းပဲ ဖြစ်စေချင်ပါတယ်၊ ကဲ. . . ကဲ. . . အချိန်ကုန်တယ်၊ စာကြည့်ကြမယ်၊ မနက်ကတွေ့ခဲ့တဲ့ case က. . ."

တံခွန် စကားကို တိကနဲဖြတ်ချကာ လမ်းကြောင်းပြောင်းသွားသည်။ မနက်က သူ ဆေးရုံသွားခဲ့တာမဟုတ်ဘဲ သူငယ်ချင်းတွေနဲ့အတူ ရှိနေခဲ့သည်ဆိုတာကို မေ့သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ကတွေ့ခဲ့တဲ့ case တဲ့။ သို့သော် ဘယ်သူကမှ စောဒက မတက်ဘဲ နားထောင်ဆွေးနွေးနေလိုက်ကြသည်။ သူတို့သုံးယောက် တကယ်ပဲ မနက်က ဆေးရုံဆင်းခဲ့ကြသလိုလို။

ကျန်ခဲ့သည့်မနက်ခင်းတစ်ခုလုံးကို စကားလုံးတွေနှင့် ဖျောက် ပစ်လိုက်ကြတော့သည်။

■





[ ၈ ]

## PLAYFULNESS
**(page of wand)**


www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

နီ့ဆီကဖုန်းပြန်လာလို့ နာရီကြည့်လိုက်တော့ နေ့လည် (၁၂)နာရီ ခွဲ။ ကားမောင်းနေပုံရသည်။

နီ့အသံနှင့်အတူ လေတိုးသံတစ်ချို့ကို ကြားနေရသည်။

"ဘာလဲ. . . ဖြူ. . . ဘာပြောမလို့လဲ"

"အင်း. . . သိပ်တော့အရေးမကြီးပါဘူး"

"အင်းပါ. . . ဘာလဲသာပြောမှာ. . ."

"နင် မနေ့က '. . .'လမ်းကိုရောက်တယ်ဆို"

"အင်း. . . ဘာလဲ နင့်ကို ဟိုသုံးယောက်ပြောတာလား"

"အင်း"

"အင်းလေ. . . အဲဒါကို လှမ်းမခေါ်ဘဲနဲ့ ပြီးမှ ဖုန်းဆက်မေးတယ်"

နီ့စကားကြောင့် ဖြူ သက်ပြင်းတစ်ခုခပ်ဖွဖွချမိသည်။





"အေးပါ. . . အဲဒါပဲပြောမလို့ပါ"

"အေး. . . ဘာဖြစ်လို့လဲ"

"နင်. . . ဘာလို့ သူတို့ကို အမှန်အတိုင်းမဖြေလိုက်တာလဲ"

"ဟင်"

နီ့ထဲမှ အံ့ဩသံက အရင်ထွက်လာသည်။ ပြီးမှ နားမလည်ဟန်ဖြင့် . . .

"ငါ. . . ဘာပြောမိလို့လဲ"

"နင်. . . မနေ့က အဲဒီလမ်းထဲက ဘယ်ကိုသွားတာလဲ"

"စားသောက်ဆိုင်"

နီ တစ်လုံးချင်းဖြေ၏။

"အဲဒါမဟုတ်ဘူးလေ"

"ဘယ်လို"

"အဲဒါ ဟုတ်မှမဟုတ်တာလို့"

"သူတို့က ဘာလို့ အဲလိုပြောရတာလဲ၊ နင့်ကို. . ."

"ဘာလို့ပြောတာလဲဆိုတာထက် ဘာလို့ပြောနိုင်ရတာလဲ. . . လုပ်ပါ. . . သူတို့ပြောနိုင်တယ်လေ၊ ဘာလို့လဲဆိုတော့ အဲဒီဆိုင်ထဲ သူတို့က မနက်ဆယ့်တစ်နာရီလောက်ကတည်းက ရောက်နေပြီး နင်ဒေါ်မြတ် လေးငုံရုံးခန်းထဲက ထွက်လာတဲ့အချိန်ကျမှ ပြန်ခဲ့တာမို့လို့ပဲ"

ဖျတ်ကနဲတော့ ခပ်တိုးတိုးကြားနေရသလားထင်သည့် နီ့အသက်ရှူသံပင် ရပ်သွားသလို။

"အော်. . . အဲလိုလား၊ အဲလိုဆိုလည်း အစောကြီးကတည်းက ငါ့ကို ဘယ်နားတွေ့တယ်ဆိုတာ သူတို့က အမှန်အတိုင်းအရင်ပြောလေ၊ ငါ သူတို့ကားကို ရုံးခန်းရှေ့တည့်တည့်မှာ တွေ့ခဲ့တာပဲ၊ သူတို့ ဘာပြောမလဲသိချင်လို့ကို လိမ်လိုက်တာ"

ရုတ်တရက်တော့ ဖြူ နီ့ကို ဘဝင်သိပ်မကျချင်ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ခက်တာက အောင်မြေတို့ပြောတဲ့ထဲမှာလည်း သူတို့ကားက ဒေါ်မြတ်လေးငုံရုံးခန်းရှေ့ နီ ထင်သာမြင်သာသည့်နေရာတွင် ရပ်ထားခဲ့သည်ဟု မပါ။

"အဲဒါကထားပါတော့၊ နင် ဒေါ်မြတ်လေးငုံဆီ ဘာသွားလုပ်တာလဲဆိုတာတော့ ငါ့ကိုပြောပါဦး"

"ပြောမှာပေါ့ဟယ်၊ ဟိုနေ့က ငါ တမင် မသိချင်ယောင်ဆောင်ခဲ့တာ၊ ဒေါ်မြတ်လေးငုံဆိုတာ ငါ့အဒေါ်တစ်ဝမ်းကွဲ၊ ဖေဖေ့ညီမတစ်ဝမ်းကွဲပေါ့၊ အဒေါ်တော်တယ်၊ အဲဒါ သွားတွေ့သလိုလိုနဲ့ အောင်မြေ့ကိစ္စ စုံစမ်းကြည့်တာ"

"ဟုတ်လား. . . ဘာတဲ့လဲ"

"အန်တီလေးက ဘာမှမပြောဘူး၊ သူက အောင်မြေက ငါ့သူငယ်ချင်းဆိုတာလည်း ကြိုသိနေပြီးသား"

"အင်း. . . ဟုတ်လား"

"ငါက တစ်ခုမေးမလို့လို့ စရုံရှိသေးတယ်၊ အန်တီလေးက သမီးသူငယ်ချင်း အောင်မြေ့ကိစ္စလားတဲ့"

"အဲဒီတော့"

"ဟုတ်တယ်ပေါ့၊ ငါတို့လည်း ဘယ်သူကပေးနေတယ် ဘာညာဆိုတာ သိချင်နေတာလို့ အတင်းကပ်မေးတာ၊ ပြောပါဘူး ထုံးစံအတိုင်း မဏ္ဍာပ်တိုင်မတက်ချင်တဲ့ အလှူရှင်စစ်စစ်လို့ကလည်း ပြောသေး"

"အင်းပါ. . . ဟုတ်ပါပြီ. . . အဲဒါက. . ."

"အဲဒါက ဟုတ်ပါပြီဆိုတော့၊ ဘယ်ဟာကမဟုတ်တာလဲ"

"မဟုတ်တာက နင် သူတို့ကို ညာလိုက်တာ"

"သူတို့ကရော ငါကို ဘာလို့ညာလဲ၊ ငါထွက်လာတဲ့ထိ သူတို့ကားက ရပ်ကျန်ခဲ့တုန်း၊ အဲဒါကို ဘယ်မှာတွေ့တာလဲဆိုတော့ လမ်းထိပ်နားမှာတဲ့၊ ကားချင်းပဲလှမ်းတွေ့သလို ကားချင်းလှမ်းတွေ့





လည်း ငါက မမြင်မှာမှမဟုတ်တာ၊ အဲဒါကြောင့် အမြင်ကပ်ကပ်နဲ့ သူတို့ရှိနိုင်တယ်ထင်တဲ့ စားသောက်ဆိုင်ကိုလာတာလို့ကို တမင်ပြောလိုက်တာ၊ သိပြီလား"

နီပြောတော့လည်း နို့ဖက်က အကျိုးအကြောင်းက မှန်နေသည်။ သူတို့ကားကို ရပ်ထားတာကြီးတွေ့ခဲ့ပါလျက်နှင့် လမ်းနားမှာဆိုတော့ နို့ဖက်ကရွဲ့တာလည်း မဆန်းဟု ဖြူတွေးသည်။

"ကဲပါ. . . ဒါဆို. . . ငါ ဟိုသုံးယောက်ကို ပြန်ပြောလိုက်ပါ့မယ်"

"ပြောလိုက်၊ အဲဒီကတည်းက ပွင့်ပွင့်လင်းလင်းနဲ့ နင်ညာနေတာ၊ ငါတို့က အဲဆိုင်ထဲကထွက်လာတာလို့ ပြောလိုက်ပါလား၊ သူတို့ကိုက မရိုးသားတာ"

"အော်. . . နင်က ဒေါ်မြတ်လေးငုံရုံးခန်းထဲက ထွက်လာတယ်ဆိုတော့ သူတို့လည်း ဘာများလဲဆိုပြီး ကြောင်ကြည့်နေတာနေမှာပေါ့"

"ကြောင်မကြည့်နဲ့၊ ကျားကြည့်လို့၊ အကောင်ပိုကြီးတယ်၊ ပြောလိုက်၊ အောင်မြေ့အတွက် ပိုက်ဆံသွားပို့ပေးတာလို့"

နို့စကားကြောင့် ဖြူရယ်မိသည်။ တံခွန်တွေးတဲ့ထဲ ဒါလည်းပါတာတောင် မပြောရသေး။

"ငါတော့. . . နင်တို့ကြားရှုံးမယ်. . . သိလား"

"ငါလည်း အမြင်ကပ်လို့ကို သူတို့ဆီမဆက်ဘူး၊ နင်ပဲပြောပြလိုက်၊ မဟုတ်ရင်လည်းပစ်ထားလိုက်၊ နောက်သုံးလေးရက်နေမှပြော၊ ခါတိုင်းတော့ အားအားမအားအား ဆက်နေပြီး. . ."

"အဲဒါ. . . ကျော်ကြားလေ၊ ခု ကျော်ကြားလည်း နင်မျှား အောင်မြေ့ကို ပညာသင်ထောက်ပံ့ကြေးပေးနေတာလားဆိုပြီး အတော်လေး ခံစားနေရလောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



နီ ပထမတော့ ရယ်နေသေးသည်။ နောက်မှ . . .

"အေး. . . ဟုတ်တယ်လို့ပြောလိုက်. . . သိလား ဖြူ။ နောက်မှ နင့်ဘာသာနင် အမှန်ပြော၊ ပထမတော့ စိတ်မကောင်းစရာသိလား၊ နီလေ သနားပါတယ်၊ အောင်မြေ့ကိုကူညီချင်တာနဲ့ သူ့အဒေါ်ကို တစ်ဖက်လှည့်နဲ့ကူညီခိုင်းနေတာလို့ ပြောလိုက်၊ မင်သေသေပြောနော်"

"အာ. . . ဖြစ်ပါဘူး နီ့ရယ်"

"ဘာလို့မဖြစ်ရမှာလဲ"

"ငါက ဟန်ဆောင်မကောင်းဘူးဟ"

"ဖုန်းပေါ်ကပြောရတာလေ၊ မျက်နှာမြင်ရတာမှမဟုတ်တာ၊ နင် ကလဲ. . ."

"မဖြစ်ပါဘူးနီရယ်၊ ငါက သုံးလေးခွန်းမပြောရသေးဘူး၊ ပေါ်ချင် နေပြီ၊ ရယ်လည်းရယ်ချင်နေပြီ"

"ရော်. . . ဖြစ်ရလေ"

နီလည်း ဖြူကို လက်လျှော့ရတော့သည်။ ဟိုပြောဒီပြော ပြောနေစဉ်မှာပဲ နီက ငါ မိတ်ကပ်စလိမ်းတော့မယ်၊ ဓါတ်ပုံရိုက်ဖို့ ရှိတယ်၊ ရတနာလမ်းက Rainbow မှာ၊ အဲဒီမှာ Oriental House လည်း ရှိတယ်၊ နင် လာရင်ထမင်းကျွေးမယ်ဟု ရယ်ဟဟဆိုကာ ဖုန်းချ သွားတော့သည်။

ဖြူ့မှာသာ ဟိုသုံးကောင်ထံ အမြန်ဖုန်းခေါ်ရသည်။ ကိုယ့်ထမင်းကိုယ်စားနေတာတောင် ဒီလောက်ရှုပ်နေတာ၊ သူများထမင်း မစားတော့ပါဘူးဟု တွေးကာ ပြုံးလိုက်သေးသည်။

"ပြော. . . ဖြူ. . ."

ဖုန်းကိုင်သူက ကျော်ကြားဆိုတော့ နီ့ကို တွင်တွင်ငြင်းခဲ့သော ဖြူ နည်းနည်းတော့နောက်ချင်သွားသည်။ ဘယ်သောခါမှ ကောင်းကောင်းစကားမပြောချင်တတ်သူက ခုတော့ ကြည်ကြည်သာသာနှင့်





'ပြော. . . ဖြူ' တဲ့။ ဖြစ်နိုင်လျှင် အသံတောင်သွင်းထားချင်သေးသည်။

"ပြောရမယ်ဆိုရင်တော့ နင်တို့တွေ့ခဲ့တာအမှန်ပဲ" တဲ့။

"သူက အဲလိုပြောလား"

"အင်း"

"ဘာသွားလုပ်တာတဲ့လဲ"

"ဟိုလေ. . . ဟို. . ."

ဒါ. . . ဖြူ. . . တမင်ကြီး ဟန်လုပ်နေခြင်းမဟုတ်ပါ။ တကယ့် တကယ်နောက်မည်ဆိုကာမှ ထွက်မလာ၍ဖြစ်သည်။

"ဘာလဲဟာ. . . ပြောစမ်းပါ"

ကျော်ကြား၏ အလောတကြီးနိုင်သောအသံက ဖြူ့ကို တွန်း အားပေးလိုက်သလို။

"ဟိုလေ. . . နင်တို့တွေးတဲ့အတိုင်းပဲ"

"ဘာလဲဟ. . . ငါတို့တွေးတာမှ အစုံပဲ"

"အောင်မြေ့ကိစ္စလေ"

"အောင်မြေ့ကိစ္စ သွားစုံစမ်းပေးတာလား"

"ဟင့်အင်း. . . အောင်မြေ့အတွက် ငွေသွားပို့တာတဲ့"

ပြောရင်းက လျှာဖျားတွင် ကလိကလိနှင့် ရယ်ချင်လာတာမို့ မနည်းထိန်းလိုက်ရသေးသည်။

"ဘာ"

ကျော်ကြားအသံက သိပ်မကျယ်သော်လည်း နည်းနည်းတော့ မာသည်။ ဖြူ. . . ပိုနောက်ချင်စရာမနည်းမျိုး။

"နင် မကြားလိုက်လို့လားဟင်၊ ငါ ထပ်ပြောရမလား"

မင်သေသေနှင့်ပြန်မေးလိုက်ပြီးမှ ဖြူ. . . ကိုယ့်ကိုယ်ကို ချီးကျူး လိုက်သေးသည်။

အမယ်. . . တယ်တော်တဲ့ငါပါလား. . . ဟု။ နီ့လိုတောင် မင်း

www.burmeseclassic.com

www.burmeseclassic.com

သမီးလုပ်လို့ရလောက်ပြီဟု တွေးကာ ကြိတ်ပြုံးလိုက်မိသေးသည်။

"ကြားတယ်. . . ရော့. . . တံခွန်. . ."

ဖုန်းက တံခွန့်ထံရောက်သွားသည်။

"ဘာတဲ့လဲ. . . ဖြူ ဟိုကောင် ဘာအော်တာလဲ"

"ဟီ. . ငါ အမြင်ကပ်လို့နောက်လိုက်တာ"

"ဟုတ်လား"

"အင်းလေ. . . တစ်သက်လုံးမကြားဖူးတဲ့လေသံနဲ့ ငါ့ကို ပြော . . . ဖြူ. . . တဲ့၊ အဲဒါနဲ့ အမြင်ကပ်လို့ နီမှာတဲ့အတိုင်းနောက်လိုက်တာ"

"ဘယ်လိုပြောလိုက်လို့လဲ"

ဖြူ ပြန်ရှင်းပြရသေးသည်။ မောပ. . .။

"တကယ့်တကယ်က . . ."

ဖြူ နီပြောသမျှ တစ်လုံးမကျန်ပြန်ပြောရသေးသည်။ ပထမ တော့ တံခွန်လည်း အထာမကျ။ နောက်တော့ နီပြောသလို ချက်ကျ လက်ကျပြန်ပြောတော့မှ တံခွန် လက်ခံသွားသည်။

"ကားက အဲဒီရုံးခန်းရှေ့ရပ်ထားတာဆို"

"အင်း. . . ဟုတ်တယ်ဟ၊ ဒါကိုမတွေးမိဘူး၊ အောင်မြေကိုက စ,မှားတာပါ၊ ထားလိုက်ပါတော့. . ."

"ထားလိုက်ပါတယ်"

အောင်မြေ့ကို ဂယနဏပြန်ပြောပြတော့မှ ကျော်ကြားလည်း ပြုံးနိုင်တော့သည်။

"မိဖြူတော့ သေတော့မယ်"

"မင်းကိုက နောက်ချင်စရာလေသံဖြစ်နေလို့နေမှာပေါ့"

"ငါ ဘာပြောမိလို့လဲ"

"သိဘူး၊ မင်းက သူတစ်သက်လုံးမကြားဖူးတဲ့လေသံနဲ့ ပြောလို့ တဲ့"





"ခိုက်သွားပုံရတယ်"

"အေး. . . ဟိုကကြားရင် မင်းကိုသတ်လိမ့်မယ်၊ ခိုက်လို့ မင်း ကို ပေါက်ကရပြောလိုက်တာလေ"

"ဒါ. . . နို့လက်ချက်နေမှာ"

ကျော်ကြားက ကောက်ချက်ချပြန်သည်။

"ဘာလဲ. . . ဖုန်းဆက်ရန်တွေ့ဦးမလို့လား"

"အာ. . . မဟုတ်ပါဘူး"

သူတို့ ရယ်မိကြပြန်သည်။ မနေ့ကနေ့လည်ခင်းနှင့်မတူတော့။ ဒီနေ့နေ့လည်ခင်းလေးကတော့ ရယ်သံများနှင့် စီဝေနေခဲ့သည်။

■


www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

## THE DREAM

**(6 of cups)**





( ၉ )

"ဒါကြောင့် ဒေါ်မြတ်လေးငုံက သူ့ကို အစ်မခေါ်တိုင်း မကြိုက်တာ"

အောင်မြင်က ခုမှ သတိရသလို ထ,ပြောသည်။ တံခွန်က တအံ့ တသြနှင့် . . .

"အမ် . . . မင်းက မမတွေဘာတွေ သွားလုပ်နေတာလား"

"အာ . . . မမ မဟုတ်ပါဘူး၊ အစ်မလို့ခေါ်တာပါ"

"ဘာလို့ အဲလိုသွားခေါ်ရတာလဲ၊ သူ့ပုံက သိပ်ငယ်နေလို့လား"

ကျော်ကြားကမေး၏။

"အင်း . . . လူပုံစံက နုတာနေမှာပေါ့၊ ဆရာမကြီးလိုလို တကယ့်လူကြီးပုံလိုလိုဖမ်းနေလို့၊ ပြီးတော့ ငါ့ကို ကလေးတစ်ယောက်လိုဆက်ဆံတဲ့အပြင် သူ့ကိုယ်သူလည်း အန့်တီက အန့်တီကလုပ်နေလို့ အစ်မလို့ ခေါ်ပစ်လိုက်တာ"

"အဲဒါကို သူက ငါ့မှာတူမတစ်ယောက်ရှိတယ်ပြောရောလား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ငါ့အရွယ်တူမတစ်ယောက်ရှိတယ်. . . လို့ပြောတာ နီ့ကို ပြောတာကိုး"

"တစ်ချို့ အဒေါ်နဲ့တူမတွေက အသက်သိပ်မကွာတတ်ဘူး"

တံခွန်က ဘာအဓိပ္ပါယ်နှင့်မှန်းမသိ ထိုသို့ပြောသည်။

"ကွာတော့ကွာမှာပါ. . . မရှိဘူးဆို အနည်းဆုံး ဆယ်နှစ်ကျော်ပဲ"

အောင်မြေက အရိုးခံနှင့်ရှင်းပြ၏။ ဒါကို တံခွန်ကပြုံးသည်။

"အေးပေါ့၊ ဒီလောက်ဆိုတော့လည်း မမလို့ခေါ်ချင်စရာပဲပေါ့၊ နုနေတော့ ပိုပြီးတော့တောင်ခေါ်ချင်စရာ"

တံခွန့်စကားမဆုံးလိုက်။ သူတို့စားပွဲနား လာရပ်သောခြေအစုံကြောင့် သူတို့စကားလုံးတွေ တိတ်ပြီး မော့ကြည့်မိကြသည်။

"မောင်အောင်မြေတို့ပါလား၊ ညစာလာစားတာထင်တယ်"

"ဟုတ်"

ဒေါ်မြတ်လေးငုံ. . . .။

အောင်မြေ ခေါင်းတော်တော်ကြီးကာ မျက်နှာလည်း တော်တော်ပူချင်သွားရသည်။ ခုနကပဲ သူမအကြောင်းပြောနေတာမဟုတ်လား။ နောက်. . . ဒီလို ထမင်းဖြူနှင့်အသုတ်စုံရောင်းသော ဆိုင်ကလေးမျိုးမှာ ဒေါ်မြတ်လေးငုံလိုလူကို တွေ့ရလိမ့်မည်ဟုလည်း ထင်မထားခဲ့သဖြင့် 'ဟုတ်' ဆိုတာမှလွဲ၍ဘာမှမပြောနိုင်။

"အန်တီလည်း. . . ကိစ္စတစ်ခုရှိလို့ ဒီမှာ ညစာဝင်စားတာ"

"ဟုတ်"

"ဟိုတလောက နီတောင်လာသွားသေးတယ်၊ စုံထောက်ငှားပြီး လွှတ်လိုက်တာမျိုးလား"

"ခင်ဗျာ. . . "

ဒေါ်မြတ်လေးငုံက ရယ်ပြီးမေးခြင်းဖြစ်သော်လည်း အောင်မြေ





အနေရကြပ်သွားသည်။

"နီသွားတာ ကျွန်တော်တို့တောင်မသိလိုက်ပါဘူး"

ကျော်ကြားက ဝင်ဖြေသည်။

"အော်. . . မင်းက မောင်ကျော်ကြားထင်တယ်၊ သူက တံခွန်"

"ဗျာ. . . ဘယ်လို"

တံခွန် တအံ့တဩပြန်မေးမိပြီးမှ နီ့အဒေါ်ဆိုတာ ပြန်သတိရသွားသည်။

"နီပြောတာလေ၊ မြင်တော့မမြင်ဖူးပေမယ့် သူ့အပြောနဲ့တင် ဘယ်သူကဘယ်သူဆိုတာ မှန်းကြည့်တာပါ"

"ဟုတ်. . . ထိုင်လေအစ်မ၊ မတ်တပ်ကြီး. . . "

ကျော်ကြားကပါ ခပ်တည်တည်နှင့် အစ်မခေါ်ကာ ဖိတ်မန္တကပြုသည်။ သူတို့လည်း ရုတ်တရက် အန်တီခေါ်လို့မထွက်တာဖြစ်မည်။

"ရတယ်၊ မောင်အောင်မြေ့တွေ့လို့ လာနှုတ်ဆက်တာ၊ အန်တီ့မိတ်ဆွေတွေပါတယ်"

သူမညွှန်ပြရာကြည့်လိုက်တော့ ရှပ်အင်္ကျီအဖြူ ယောပုဆိုးနှင့် လူတစ်ယောက်။

မိတ်ဆွေတွေဟု အများကိန်းနှင့်ညွှန်လိုက်ပေမယ့် လူက တစ်ယောက်တည်း။

"ဟုတ်ကဲ့. . . အစ်မ၊ သွားပါ. . . အားမနာပါနဲ့"

တံခွန်ကပါ ထိုလူကိုကြည့်ရင်းဝင်ပြောသည်။ သုံးကောင်သား တက်ညီလက်ညီ အစ်မခေါ်နေပုံက မသိလျှင် ဇာတ်ပဲတိုက်ထားသလိုလို။

"ဒါဆို အန်တီသွားမယ်၊ ဒါတွေ အန်တီရှင်းထားလိုက်မယ်နော်"

ပြောပြောဆိုဆိုထွက်သွားသဖြင့် သူတို့ ဘာမှပြန်ပြောချိန်



www.burmeseclassic.com

www.burmeseclassic.com



တောင် မရလိုက်။ ကျော်ကြားကတော့ သူ့ထုံးစံအတိုင်း . . .

"အားနာစရာကလည်း ကောင်းလိုက်တာ အန်တီအစ်မရယ်"

ဟု တိုးတိုးတိတ်တိတ်ရေရွတ်နေသေးသည်။ တံခွန်ကတော့. .

"ဒီလိုဆိုင်မှာဆုံဖို့မကောင်းဘူး၊ သူ့ရုံးခန်းနားကဆိုင်မှာ ဆုံဖို့ကောင်းတာ"

ဟု ဆိုသည်။

"မင်းပြောတာ ကြားသွားလားမသိဘူး"

"ကြားသွားလည်းဘာဖြစ်လဲ"

"အားနာစရာ"

"ဘာ. . . အားနာစရာရှိလဲ၊ သူ့ပြောနေမှန်း သူသိမှာမှမဟုတ်တာ"

ဒါလည်းဟုတ်သည်ပဲ၊ ကိုယ်တွေကသာ အပြစ်ကျူးလွန်ထားသူပီပီ လိပ်ပြာမလုံဖြစ်နေတာ၊ တကယ့်တကယ်က ဘယ်လိုစကားမဆို တိုက်ဆိုင်နိုင်တတ်သည်ပဲ။

"သေချာတာကတော့ စကားပုံပြောင်းရမယ်"

ကျော်ကြားက ထိုသို့ဆို၏။

"ဘာလို့လဲ"

"ညပြောနောက်ကြည့်လို့"

သူတို့ ခပ်တိုးတိုးရယ်မိကြသည်။ မလှမ်းမကမ်းကစားပွဲကိုလှမ်းကြည့်တော့ သူတို့လည်း စကားတပြောပြောနှင့် ထမင်းစားနေကြသည်။

အောင်မြေကတော့ သူတို့ကိုကြည့်ရင်း မိတ်ဆွေတွေလား၊ ဘာတွေလဲဟု အကဲခတ်နေမိသေးသည်။ ပြီးမှ ဘာလို့အကဲခတ်နေမိတာလဲဟု ကိုယ့်ဘာသာကိုယ် ပြန်မေးမိရင်း အာရုံကိုလွှဲလိုက်ရသည်။

"ဒီကောင် အစ်မခေါ်မိတာလည်းမဆန်းဘူး"

တံခွန်က မှတ်ချက်ချသည်။





"ငါက သူ့ကိုကြည့်ခေါ်တာမဟုတ်ဘူး၊ ရွှံ့ခေါ်တာ၊ မင်းတို့ကျမှ အတည်ကြီးတွေနဲ့ အစ်မခေါ်တာမဟုတ်လား"

အောင်မြေ သူ့ဆီရောက်လာနိုင်သည့်ဘောလုံးကို ပြန်ပုတ်ထုတ်ပေးလိုက်သည်။

"အံမာ. . . မင်းခေါ်သလို လိုက်ခေါ်ပေးတာ"

"အင်းလေ. . . မင်းဖက်ကရပ်တည်ပေးတာကို မင်းက. . . "

"မသိရင်ခက်မယ်၊ နှစ်ယောက်လုံးမျက်နှာတွေက မရွှံ့မရဲတွေ"

အောင်မြေ့စကားကြောင့် ကျော်ကြားက လွတ်အောင်ထွက်ပြေးသည်။

"ငါက. . . တူမလောက်ပဲစိတ်ဝင်စားတာ"

"အင်းလေ. . . ဟုတ်ပ"

တံခွန်က ခပ်တည်တည်နှင့် စောစောကလို ဆက်ထောက်ခံပေးသည်။

"ဘာ. . . ဘာပြောတယ်"

ကျော်ကြားက အရယ်တစ်ဝက်နှင့်ထအော်၏။

"မင်းကြားတဲ့အတိုင်းပဲ"

တစ်ဖက်ကစားပွဲက လှည့်ကြည့်၏။

"ရှူး. . . တိုးတိုး. . . မင်းတို့လုပ်တာနဲ့ ဟိုကကြားတော့မယ်"

အောင်မြေ ဝင်ထိန်းရ၏။

သို့သော် သူတို့ကြားမှာစိုးသောစားပွဲက သူတို့ကို ရှိတယ်ပင်မမှတ်တော့။ နှစ်ယောက်တည်းနှင့် တစ်ကမ္ဘာတည်နေသလို ကြည်နူးပြုံးပျော်နေကြသည်။ ဒါကိုကြည့်ပြီး စိတ်ထဲ တစ်မျိုးလေးဖြစ်သွားရသည့်အတွက် အောင်မြေ ကိုယ့်ကိုယ်ကို တအံ့တသြ။ ဘာဖြစ်စရာရှိလဲ။ ဘာဖြစ်စရာရှိလဲ. . . ဟုပြန်မေးကာ ထိုခံစားမှုကို ဖျောက်ပစ်လိုက်သည်။

ကျော်ကြားကလည်း ခုချိန်မှာတော့ သူ့ခံစားမှုက ပိုကြီးပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဟောကောင်. . . ငါမေးနေတယ်၊ မင်း ဘာပြောလိုက်တယ်"

"မင်းကိုထောက်ခံတာလေ"

"မထောက်ခံနဲ့၊ စကားကိုပြင်ပြော"

"ဘာပြင်စရာရှိလဲ၊ ငါလည်း အဒေါ်နဲ့တူမဆို တူမပဲစိတ်ဝင်စားမှာပေါ့. . . နော်. . . အောင်မြေရာ"

"အင်း. . . အဲ. . . ဘာကိုပြောတာလဲ"

အောင်မြေ၏အူကြောင်ကြောင်အမူအယာကိုကြည့်ကာ ကျန်နှစ်ယောက်က သရုပ်ဆောင်နေသည်ဟုမြင်သည်။ အမှန်က တကယ့်ကိုရေရေရာရာမကြားလိုက်။

နို့ကိစ္စ ငြင်းနေမှန်းတော့သိသား။

"ဟော. . . တွေ့လား၊ အင်းအဲနဲ့ သူကြည့်ရတာ အဒေါ်ရော၊ တူမရော စိတ်ဝင်စားပုံမရဘူး"

ကျော်ကြီးက ဝမ်းသာအားရ သူလိုရာကိုဆွဲပြောသည်။

"ဟုတ်လား. . . ဘယ်သူ့တွေ့ထားတာလဲ"

တံခွန်ကလည်း အတည်လိုလုပ်ကာမေးသည်။

"အဒေါ်လေ"

ဒီတစ်ခါတော့ အောင်မြေ ကိုယ့်နှုတ်ကထွက်သွားသောစကားကို ကိုယ်တိုင်ပင် ဘရိတ်အုပ်ဖို့သတိမရလိုက်။ နှစ်ယောက်လုံးက မျက်လုံး ကြီးပြူးကာ အံ့သြတိတ်ကြည့်သည်။ ပြီးမှ ခေါင်းခါသည်။ နောက်. . . ခပ်လှမ်းလှမ်းကဝိုင်းကို တမင်အကြည့်ရွှေ့ပြကြသည်။

ခပ်လှမ်းလှမ်းကဝိုင်းကတော့ ခပ်လှမ်းလှမ်းမှာ ကြည်နူးနေဆဲ။

နှစ်ယောက်လုံးက 'တွေ့လား' ဟူသောအကြည့်နှင့် ကြည့်သည်။ အောင်မြေကလည်း ခပ်တည်တည်နှင့် 'မိတ်ဆွေတွေပါ' ဟု ပြောလိုက် သဖြင့် ဟိုနှစ်ယောက်ရယ်သံတွေ ပြန်ကျယ်သွားရပြန်သည်။





နောက်တစ်ကြိမ် အဲဒီဖက်ကိုမလှည့်မိအောင်တော့ သတိထားလိုက်တော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (သုံး)





[ ၁ ]

## THUNDERBOLT
**(XVI - Major)**



www.burmeseclassic.com

www.burmeseclassic.com



( ၁ )

"ဒီတစ်ခါတော့ စာအိတ်ထဲမှာ စာတစ်စောင်ပါတယ် အောင်မြေ"

ကျော်ကြားက စာသင်ပြီး ခုမှ နားရသောအောင်မြေ့ကို စာအိတ်ဖြူလေးကမ်းပေးကာ အကြည့်တစ်မျိုးနှင့်ဆိုသည်။

"ဘာ. . . စာလဲ"

"မဖတ်ပါဘူး. . . ကြည့်မိရုံလေး. . ."

တံခွန်က မချိုမချဉ်ပြော၏။ အောင်မြေသာ အလကားနေရင် စာဟူသောအသုံးအနှုန်းနှင့်တင် ရင်ခုန်ချင်ချင်ဖြစ်သွားရတာ။ စာရွက်ခေါက်ကိုဖြေကြည့်လိုက်တော့ . . .

မောင်အောင်မြေ . . .

တစ်ရက်လောက်လာခဲ့ပါဦး. . . ကိစ္စရှိလို့. . . ။

မြတ်လေးငုံ





လက်ရေးနှင့်ရေးထားခြင်းမဟုတ်။ ထုံးစံအတိုင်း ကွန်ပျူတာစာစီပြီး ပရင့်ထုတ်ထားခြင်းဖြစ်သည်။ ကိုယ်တိုင်ရိုက်တာပင် ဟုတ်မဟုတ် ဝေခွဲရခက်နိုင်သောအရာ။ ဒါနှင့်တောင် အောင်မြေက တစ်ထိုင်တည်း (၁၆)ခေါက်လောက်ဖတ်ပစ်လိုက်သည်။

"ငါမြင်လိုက်တာတော့ စာက ခေါင်းစည်းနဲ့ အောက်ကနာမည်အပါအဝင် စုစုပေါင်းမှ သုံးကြောင်းတည်းလားလို့"

ကျော်ကြားက သူ့ကိုယ်သူ သံသယဖြစ်လာသည့်ပုံစံဖမ်းကာ တံခွန့်ကိုလှမ်းပြောသည်။ တံခွန်ကတော့ မချိုမချဉ်ပြုံးဆဲ။

"ငါ. . . ရေနေတာ အခေါက်(၂၀)လောက်ရှိပြီထင်တယ်၊ ဖတ်နေတာ"

"အော်. . . ဒီကောင် ဗမာစာမေ့သွားလို့ထင်တယ်"

"ဝေါဟာရအသစ်တွေပါပုံရတယ်"

သူတို့ဘာတွေပြောပြော အောင်မြေ နည်းနည်းလေးမှစိတ်မဝင်စား။ စာရွက်ကိုသာ အသာပြန်ခေါက်ထည့်ပြီး စားပွဲပေါ် လှမ်းတင်တော့ အောင်မြေ့ကို တံခွန်က လှမ်းသတိပေးသည်။

"အခန်းထဲယူသွားလိုက်လေ၊ ညကျ တစ်ခေါက်ထုတ်ဖတ်ဦးမှာမဟုတ်လား" တဲ့။

အောင်မြေ ရယ်လိုက်မိသည်။

"ဒါထက်. . . စကားမစပ်. . . "

ကျော်ကြားက မျက်မှောင်ကြုတ်ရင်း အောင်မြေ့ကိုပြောသည်။

"အင်း. . . ဘာလဲ"

"မင်း. . . အဲဒီအမျိုးသမီးကို တကယ်ကြီး စိတ်ဝင်စားနေတာလား"

"အင်း. . . လို့ဖြေမယ်လို့များ မင်းမျှော်လင့်နေလား ကျော်ကြား"

ကျော်ကြား၏အမေးကို အောင်မြေကလည်း အမိပ္ပါယ်ပါသော



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းနှင့် တုံ့ပြန်လိုက်သည်။

"မမျှော်လင့်ပါဘူး၊ သိချင်တာပါ"

"ငါလည်း ငါ့ကိုယ်ငါမေးတုန်းပဲ"

အောင်မြေ့စကားကြောင့် တံခွန်က သက်ပြင်းကိုတမင်ချပြသည်။

"ဟင်း. . . တော်သေးတာပေါ့"

"အစကတည်းက သူ့မျက်ဝန်းတွေကို တစ်မျိုးလို့ထင်ခဲ့တာ၊ နောက်မှသတိထားမိတယ်"

"ဘာလဲ"

အဆက်အစပ်သိပ်မမိသော အောင်မြေ့စကားကြောင့် သူတို့ပြန်မေးမိသည်။

"ဒေါ်မြတ်လေးငုံမျက်ဝန်းတွေက နီနဲ့ သွားတူနေတာကို သတိထားလိုက်မိတာ"

"ဘုရား. . . ဘုရား"

ကျော်ကြားက ခပ်တည်တည်နှင့် အတည်ကြီးဘုရားတပြသည်။

"ဟုတ်တယ်. . . နီ့မျက်ဝန်းတွေက စကားပြောနေတဲ့မျက်ဝန်းတွေ၊ ဒါကြောင့်လည်း သူအောင်မြင်တာ၊ ဒေါ်မြတ်လေးငုံကျတော့ စကားတော့ပြောပါရဲ့၊ အသံတိတ်စကားလုံးတွေနဲ့တူပြီး တည်ငြိမ်လွန်းတယ်"

"ဒါကတော့. . . မင်းကိုမပြောတာနေမှာပေါ့"

တံခွန်က ရအောင်ဖြတ်ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ခုတလော ငါ သူ့ကို တစ်လခြားလောက်တစ်ခါ တွေ့တွေ့နေတယ်"

နှစ်ယောက်စလုံး၏မျက်ဝန်းတွေက အောင်မြေ့ထံရောက်လာ





သည်။ ဟုတ်တာပဲ၊ သုံးကောင်လုံး အတူတူကြီးတွဲနေလျက်က သူတစ်ယောက်တည်းတွေ့လိုက်သည်ဆိုသည်ကိုး။

"ဟုတ်တယ်. . . ပထမတစ်ခါက ငါ ဂျူတီကျတဲ့နေရာကိုလာတာ၊ လူနာလာကြည့်တာ၊ နောက်တစ်ခေါက်က နေ့လည်ဘက် ငါတစ်ယောက်တည်းတည်း ထမင်းထွက်စားတုန်းတွေ့တာ၊ မကြာသေးခင်ကတော့ စမ်းချောင်းဝိုင်းကအပြန်မှာတွေ့တာ၊ သုံးခေါက်စလုံး ငါတို့တွေ့ခဲ့တဲ့လူနဲ့ချည်းပဲ"

နှစ်ယောက်လုံး စိတ်ဝင်တစားနားထောင်နေပြီးမှ အဆုံးသပ်စကားကြောင့် ခေါင်းခါသွားကြသည်။

"ဒီကြားထဲက မင်းက ပိုပြီး စိတ်ဝင်စားလာတာလား"

"အင်း"

တံခွန်က ခေါင်းကိုသွက်သွက်ခါသည်။ ကျော်ကြားကတော့ မထင်မှတ်သောမေးခွန်းကို မေး၏။

"သူ့မျက်ဝန်းတွေက နီနဲ့တူတယ်ဆိုတော့ မင်း နီ့ကို စွဲလန်းရာကနေ ထင်ယောင်ထင်မှားဖြစ်မိတာရော မဖြစ်နိုင်ဘူးလား"

ဒီစကားက ကျော်ကြားအတွက် အလွန်အန္တရာယ်ကြီးသောစကား။ ဒါတောင် မေးထွက်သည့်အတွက် ကျော်ကြားကို တကယ်ပင်ရင်ထဲက ကြိတ်ချီးကျူးလိုက်မိသည်။

"အစကတော့ အဲလိုထင်လိုက်သေးတယ်၊ ဒါပေမယ့် မဟုတ်ဘူး"

"ဒါနဲ့မျှား ခုနကတော့ မင်းကိုယ်မင်းမေးတုန်းဆို"

"အင်းလေ. . . ခုဟာက မင်းမေးတဲ့မေးခွန်းကိုဖြေတာပါ။ ဒေါ်မြတ်လေးငုံကို ငါ တကယ်ပဲ စွဲလန်းနေတာလားဆိုတာကိုတော့ သေချာအောင်မေးတုန်းပါ။ လူတစ်ယောက်ဟာ တစ်ခါတစ်ခါတော့လည်း နှစ်သက်တယ်ထင်တာတွေရှိတတ်တာပဲ၊ နောက် ဝယ်လိုက်ပြီးမှ မနှစ်သက်တတ်တော့တာလည်း ရှိတယ်လေ၊ အဲဒါမျိုးမဖြစ်အောင် ငါ့ကိုယ်ငါ



www.burmeseclassic.com

www.burmeseclassic.com



မေးနေတယ်လို့ပြောတာပါ"

"သေချာတော့ရော မင်းအတွက် မျှော်လင့်ချက်ရှိလို့လား"

တံခွန့်မေးခွန်းကြောင့် အောင်မြေ ငြိမ်သက်သွားသည်။

"မရှိပါဘူး"

"ဒါနဲ့များကွာ"

ကျော်ကြားက အားမလိုအားမရဆိုသည်။

"ပေါက်မှာသေချာတဲ့ထီလက်မှတ်မှထိုးမယ်လို့ ရကောင်းလို့လားကွာ"

အောင်မြေလည်း ပြောမိပြောရာပြောလိုက်မိသော်လည်း လေသံကတော့ ခပ်လျော့လျော့။

အမှန်က ဒီခံစားချက်မျိုးနှင့် မပတ်သက်လိုသဖြင့် မသိချင်ယောင် ဆောင်နေခဲ့ခြင်းဖြစ်သည်။ လူဆိုတာက ကိုယ့်ကိုယ်ကိုအသိဆုံးဟုဆိုလျက်က မသိကြသူတွေများသလို သိသိကြီးနှင့် မသိချင်ယောင်ဆောင်နေကြရသူတွေလည်း အများသားမဟုတ်လား။

"ဒါဆို. . . ငါလည်း ထီတော့ထိုးသင့်တယ်ပေါ့"

ကျော်ကြားစကားက အဓိပ္ပါယ်တွေအများကြီးပါသည်။

"မင်းပေါက်ချင်တဲ့ဆုမျိုးတော့ ပေါက်ချင်မှပေါက်မှာပေါ့၊ ဒါပေမယ့် သေချာတာက လက်ရှိရထားတဲ့ဆုတော့ ပယ်ဖျက်မခံရလောက်ပါဘူး"

တံခွန်က အကြောင်းသိပီပီ ဝင်အဖြေပေးသည်။ သူ့မေးခွန်းကို အဖြေရှိလျက် မဖြေပေးနိုင်သူက အောင်မြေ။ တံခွန်လုပ်ကာမှ သူ့ဘက က ဆုတစ်ဆုမှမထိုးနိုင်သည့် သူဆိုတာကလည်း ပိုသေချာသွားရသလို၊ သို့ပါလျက် ဘယ်လိုမှတားဆီးမရနိုင်သော စကားတစ်ခွန်းကလည်း ရင်ထဲ က စိမ့်လျှံကျလာနေသည်။

"ငါ မြတ်လေးငုံကို တကယ်ချစ်နေတယ်"





မျှော်လင့်ထားပြီးသားစကားဖြစ်လျက်နှင့် တံခွန်ရော ကျော်ကြားပါ သူ့ကို တအံ့တဩလှည့်ကြည့်ကြသည်။

"ချက်ချင်းကြီး သေချာသွားတာလား"

ကျော်ကြားက ဆက်မေးနေသေးသော်လည်း အောင်မြေ မဖြေမိ။ အရာရာ အေးခဲသွားသူပမာ ငြိမ်ကျသွားသည်။ အံ့ဩစရာကောင်းလောက်အောင်လည်း ခံစားမှုကဆူပွက်မနေဘဲ ငြိမ်သက်ငြိမ်းအေးနေသည်။ အံ့ဩစရာကောင်းလိုက်တာ။

"မဖြစ်နိုင်တာတွေ အောင်မြေရာ"

"ဘာတွေမဖြစ်နိုင်နေရတာလဲ"

အသံနှင့်အတူ အိမ်ထဲရောက်လာသူက ဖြူနှင့်နီ။ ဒီအချိန်ကြီးကျကာမှ ဘယ်လိုကဘယ်လိုရောက်လာကြတာလဲဟု တွေးနေတုန်းနီက. . .

"ငါ. . . ရှူတင်ကပြန်လာရင်း ဖြူ့ဆီဝင်တာ၊ နင်တို့ကိုသတိရတာနဲ့ထွက်လာကြတာ၊ လာပါဟာ. . စိတ်ပြေလက်ပျောက် ကားလျှောက် မောင်းမလို့၊ လိုက်ခဲ့ကြလေ"

ကျော်ကြားရောတံခွန်ပါ စွေ့ကနဲခုန်ထလိုက်ကြသည်။ အောင်မြေသာ နီ့ကိုကြည့်လျက်က ချက်ချင်းမထနိုင်။ စကားလုံးများနှင့်ပြည့်နေတတ်သော နီ့မျက်ဝန်းများက ထူးခြားစွာ ဗလာ ဖြစ်နေသည်။ ခုနကလည်း စိတ်ပြေလက်ပျောက်တဲ့။ နီ ဘာဖြစ်လာတာလဲ. . . ဟုတွေးရင်း လူက အလိုလို ထမိလျက်သားဖြစ်သွားသည်။

အရှိန်နှင့်ပြေးနေသောကား စကားလုံးများနှင့် ပွစာတက်နေသော ညခင်း။ သံယောဇဉ်များနှင့်လင်းနေသော ကောင်းကင်အောက်တွင် တစ်ယောက်တည်း အရှိန်မဲ့၊ စကားလုံးမဲ့၊ အလင်းမဲ့စွာ ကျန်ခဲ့သူလို။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

## POSTPONEMENT

**(4 of sword)**





( ၂ )

"နင်. . . ခုတလော ငါ့ဆီမှာတတ်ကျနေတာလား၊ ယတြာချေနေတာလား၊ ကသာဖြူဆီသွားရင် ဘာဖြစ်မယ် ညာဖြစ်မယ်ပေါ့"

ဖြူ့စကားကြောင့် နီရယ်သည်။

"တော်ပါဟာ၊ နင်တစ်ယောက်တည်းရှိလို့ နင့်ဆီလာနေရတာ၊ ဒီလိုမှန်းသိ သူငယ်ချင်းများများပေါင်းခဲ့ပါတယ်၊ မိန်းကလေးသူငယ်ချင်းပြောတာနော်"

"မရှိသုံးပေါ့"

"လိုအပ်မှုလည်းပါပါတယ်"

"ကဲ. . . ဆိုစမ်းပါဦး၊ ခုတလော နင်အားနေလားလို့"

"ဟင့်အင်း. . . မအားပါဘူး၊ တချို့ရှူတင်တွေ ပျက်တာ နားတာ ရက်ရွှေ့တာ ဒီလောက်ပါပဲ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့စားပွဲပေါ်မှာက ထုံးစံအတိုင်း စာအုပ်တွေကပွင့်တစ်ချို့ ပိတ်တစ်ချို့နှင့် ပွစာတက်နေသည်။

နီက စာအုပ်တွေကို ရှင်းပေးရန်ကောက်ကိုင်တော့ ဖြူ အော်သည်။

"နေ. . . နေ. . . မရွှေနီ. . . နေ. . . ကိုယ့်အမှတ်အသားနဲ့ ကိုယ်နေတာ၊ နင်စီလိုက်ကာမှ ရှုပ်ကုန်မယ်"

"ဆင်ခြေမပေးပါနဲ့ဖြူရယ်၊ ဒီလောက်ပွစာတက်နေတဲ့ အပုံထက်စာရင် ငါစီပေးထားတာက ပိုပြီး အဆင်မပြေနိုင်ဘူးလား"

"နေစမ်းပါ နီရာ"

"အင်း. . . နေဆိုလည်း အပြင်ထွက်ကြမယ်၊ နင့်စာအုပ်ပုံတွေထဲ ငါမနေနိုင်ဘူး၊ လေကောင်းလေသန့်ထွက်ရှူမယ်"

နီက နောက်သလိုပြောတော့ ဖြူ မျက်စောင်းထိုးသည်။

"ပညာရပ်တွေနဲ့ ဝေးဝေးနေချင်တယ်ပေါ့၊ နေပါ. . . နေပါ"

ဒီလိုကျတော့လည်း နီကလက်မခံ။

"ဟင့်အင်း. . . ပညာရပ်တွေနဲ့ကနီးချင်တယ်၊ ရှုပ်ပွနေတဲ့စာအုပ်ပုံတွေကိုပဲ စိတ်ညစ်တာ"

"စာအုပ်ဆိုတာက ဖတ်ရင်ပွမှာပဲ၊ လိုတာပြန်ပြန်ဆွဲရှာနေတာကိုး"

"ကဲပါ. . . ထားပါ. . . ငါ့အလှည့်ကျမှ စာအုပ်ကို မပွအောင်ဖတ်ပြမယ်"

စကားနိုင်ဆက်လုနေလည်း ပြီးမှာမဟုတ်သဖြင့် နီနှင့်အတူ ထွက်လိုက်ခဲ့လိုက်သည်။

အင်းလျားကန်ဘေးမှ စိမ်းလန်းစိုပြေဥယျာဉ်လေးထဲမှ zephyr ဆိုသော ကော်ဖီဆိုင်လေးသို့၊ ထိုင်လိုက်မိသည်ဆိုလျှင်ပဲ ညနေခင်း၏ လေနုအေးလေးက သူမတို့ကိုဖြတ်တိုက်သွားသည်။ စိမ်းစိုနေသောမြက်





ခင်း၊ တဖျတ်ဖျတ်ပြေးလွှားလူးလွန့်နေသော အင်းလျားရေပြင်. . . ၊ ခပ်သွဲ့သွဲ့တိုက်ခတ်နေသော လေညင်းတစ်ချို့နှင့် ညနေခင်းက သာတောင့်သာယာရှိနေသည်။

"ငါ နင့်ကို ပြောစရာရှိလို့"

"ငါထင်ပါတယ်၊ နင် ငါ့ကို အဲလောက်မချစ်ဘူးဆိုတာ"

ဖြူက ရယ်မောရင်း မခံချင်အောင်ပြောသည်။

"လောလောဆယ်တော့ နင့်ကိုချစ်တာပဲကောင်းပါတယ်"

"ဘာလဲ စကားကတစ်မျိုးပါလား"

"အင်"

"ဆိုစမ်းပါဦး၊ အောင်မြေက ဘာတွေဖြစ်ပြန်ပြီလဲ"

ဖြူက ဟိုနေ့က သူတို့ အောင်မြေ့အိမ်အဝင်မှာ တစ်စွန်းတစ်စ ကြားလိုက်မိသလိုရှိသော စကားလုံးများကို သတိရကာမေးသည်။

"ဟင့်အင်း. . . အောင်မြေဟုတ်ဘူး၊ ကျော်ကြား"

"ဘာရယ်. . . ကျော်ကြား. . . ဟုတ်လား"

ဖြူက မျက်လုံးလေးပြူးကာ အလန့်တကြားပြန်မေးသည်။

"ဟုတ်တယ်"

"ဟုတ်တယ်၊ အမလေး ရှေ့တိုးလာပြီပေါ့၊ တယ်လည်းဟုတ်နေပါလား"

ဖြူက မယုံနိုင်စွာရေရွတ်သည်။ ပြီးမှ . . .

"ဒါထက်. . . နေပါဦး၊ ဒီကောင် နင့်ကိုဖွင့်ပြောတာလား၊ စာပေးတာလား"

"ပြောတာ"

"ပြောရဲတယ်ပေါ့"

ဖြူ့ရဲ့ ဟန်ပါပါစကားကြောင့် နီ ရယ်မိသေးသည်။ နီလည်း တစ်သက်လုံးက ဘာလိုလိုလုပ်နေသော ကျော်ကြားကို ရှေ့တိုးမလာ



www.burmeseclassic.com

www.burmeseclassic.com



လောက်ဟုထင်ထားခဲ့တာပဲ။

"ပြောရဲတယ်လေ၊ ဖုန်းထဲကဆိုတော့ မျက်နှာလည်းမပူရဘူး ကိုး"

"ဘယ်တုန်းကလဲ"

"ညက. . ."

"ဟိုနှစ်ကောင်မသိအောင် ခိုးဆက်နိုင်တယ်ပေါ့"

"ဟင့်အင်း. . . ညက သူ ဆေးရုံမှာ နိုက်ဂျူတီ"

"ငါ. . . လူနာအစား ရင်လေးလိုက်တာ"

သူတို့ ရယ်မိကြပြန်သည်။ ပြီးမှ ဖြူက မျက်မှောင်လေးကြုတ်ကာ နီ့ကိုပြန်မေးမိသည်။

"နင်. . . အော်မှအော်ထုတ်လိုက်ရဲ့လား"

"ဟင့်အင်း. . . မအော်ပါဘူး"

ဖြူ့အကြည့်က အရယ်ငွေ့များယှက်သန်းလာသည်။

"အလို့. . . မအော်ရက်တော့ဘူးပေါ့"

"မဟုတ်ပါဘူး၊ အော်ရမယ့်အရွယ်မဟုတ်တော့တာ"

ဖြူက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ကျော်ကြားလည်း ဒီအရွယ်ထိစောင့်လိုက်ရကျိုးနပ်သွားတယ်ပေါ့"

"အဲလိုလည်းမဟုတ်ပါဘူးဟယ်"

"ဒါထက်"

"အင်း"

"နင်. . . ဘာပြန်ပြောလိုက်လဲ"

"ဘာပြန်ပြောလိုက်တယ်လို့ထင်လဲ၊ နင့်ဝတ္ထုထဲက ဇာတ်ကောင်သာဆိုရင် ဘာပြန်ပြောခိုင်းမယ်လို့ စိတ်ကူးထားလဲ။

ဖြူ့မျက်စောင်းက ပြင်းလှသည်။





"နင့်ဇာတ်က ငါရေးနေတာမဟုတ်ဘူး၊ ငါရေးတဲ့ဇာတ်ကောင်ကလည်း နင်မဟုတ်သေးဘူး၊ နင့်အကြောင်း ရေးတဲ့နေ့ကျရင်တော့ ဖြေမယ်"

ဒီလိုကျတော့လည်း နီက လှပစွာရယ်သည်။ မိတ်ကပ်လုံးဝမလိမ်းထားဘဲ ဆံပင်ကိုဖြစ်သလို ကလစ်နှင့်ခေါက်တင်ထားပြီး မျက်မှန်တစ်လက်တပ်ထားသည့်တိုင် နီ့ကို နီမှန်းသိသွားသူတစ်ချို့က ကွက်ကြည့်ကွက်ကြည့်။ ကြာလျှင် စကား လွတ်လွတ်လပ်လပ်မပြောရမှာပင် စိုးရသည်။ ခုထိ တစ်ယောက်မှ အနားကပ်မလာသေးတာပဲ ကျေးဇူးတင်ရဦးမည်။

"နင်. . . ငါ့အကြောင်းတော့ရေးဦးမယ်ပေါ့"

"ပြောနိုင်ဘူးလေ"

"ပျင်းစရာကြီးပါ. . . ဖြူရာ"

"အဲဒါထားပါ၊ နင်ဘာပြန်ပြောလဲကို အရင်ပြောပါ"

"ငါ စဉ်းစားပါ့မယ်လို့ ပြောလိုက်တယ်"

"တကယ်"

"အင်း. . . ချက်ချင်းကြီးမငြင်းရက်တာရော၊ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ရော၊ နောက် အရွယ်အရ လုပ်သင့်တဲ့အလုပ်တစ်ခုအနေနဲ့ ရော"

"နောက်ဆုံးအကြောင်းပြချက်ကို ငါနားမလည်ဘူး နီ"

"ဘာလဲ. . . အရွယ်အရ လုပ်သင့်တဲ့အလုပ်ဆိုတာကိုလား"

"အင်း"

"အော်. . . ကျော်ကြားလိုလူတစ်ယောက်ကို ဘဝအတွက် စဉ်းစားတဲ့အခါမှာ ထည့်စဉ်းစားသင့်တယ်လေ"

"ဖြူက ခေါင်းခါသည်။

"လူတစ်ယောက်ကိုချစ်တာ ဘဝအတွက် စဉ်းစားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . . တစ်ဘဝလုံးစာအတွက်ပဲ၊ ချစ်တာက တစ်ဘဝလုံးနဲ့တော့ မဆိုင်ပါဘူး၊ လက်တွဲလိုက်တာကပဲ တစ်ဘဝလုံးနဲ့ဆိုင်တာ၊ ခုချိန်မှာက နှစ်ခုလုံးကို မျှပြီးတွေးရတော့မှာလေ"

ဖြူ့ ဘာမှမပြောသော်လည်း လက်ခံချင်ပုံတော့မရ။ ချစ်တာက ချစ်တာပဲဟု ခပ်တိုးတိုးရေရွတ်လိုက်သေးသည်။ နီကတော့ အင်း ငါလည်း အဲလိုပဲ အရင်ကတွေးခဲ့ပါတယ် ဟုသာ ရင်ထဲက လှမ်းပြောလိုက်မိသည်။

'နင် တကယ်ပြောတာလား' ဟု မယုံသလိုပြန်မေးနေသော ကျော်ကြားအသံကိုလည်း ကြားယောင်နေမိသလို ထိုအသံကို ဖုံးလွှမ်းပစ်လိုက်တတ်သည့် အသံတစ်ခုကိုတော့ ကြိုးစားဖျောက်ဖျက်ပစ်နေမိသည်။

"မမ. . . လက်မှတ်လေးထိုးချင်လို့"

ကောင်မလေးခပ်ငယ်ငယ်နှစ်ယောက် ရောက်လာ၏။ သူတို့၏ ပြတ်တောက်စပြုနေသောစကားစများ အတိအကျကြီးကို ပြတ်တောက်သွားရတော့သည်။

ဖြူကတော့ အာရုံမကပ်သူတစ်ယောက်လို သိမှတ်မဲ့စွာ ပြုံးရယ်နေရင်း လက်မှတ်ထိုးပေးနေသော နီ့ကို အမှတ်တမဲ့ငေးကြည့်နေမိသည်။

နီ ပင်ပမ်းလွန်းလှပေမည်ဟုလည်း တွေးလိုက်မိ၏။ သူမရော သူမကတော့ ဟန်ဆောင်မှုတွေနှင့်ဝေးရာမှာ ပုန်းအိပ်ခွင့်တော့ ရှိနေသေးသည်ပဲ။

နီရယ် နင့်အတွက်လိုအပ်နေတာ ပုခုံးတစ်ခုလား။ အချစ်တစ်ခုလားဆိုတာ ငါတွေးနေမိပြီ။

■





[ ၃ ]

## ICE - OLATION

**(3 of sword)**



www.burmeseclassic.com

www.burmeseclassic.com



## ( ၃ )

ထုံးစံအတိုင်း. . . သူ့ကိုမြင်နေတာ ပထမဆုံးအကြိမ်မဟုတ်ပါ ပဲနှင့်ကို အပေါက်ဝက အဒေါ်ကြီးက စာအုပ်ကြီးထဲရေးမှတ်ဖို့ပြင်တုန်း အထဲကို ဖုန်းဆက်ခွင့်တောင်းရတုန်း။

"မြတ်လေးငုံမရှိဘူး၊ ခုပဲပြန်ရောက်တော့မှာပါ၊ အထဲဝင်စောင့် နေတဲ့"

"အထဲဝင်စောင့်နေ"

သူ့အသံကို သံယောင်လိုက်သော အောင်မြေ့ကိုမော့ကြည့်ပြီး ထိုအတိုင်းပြန်လိုက်ပြော၏။

"အထဲဝင်စောင့်နေ"

ဘယ်သူမှမရှိသောအခန်းထဲ ဝင်စောင့်ရမှာ စိတ်မပါသော်လည်း ဒီအမျိုးသမီးကြီးနှင့်လည်း အတူရှိနေလို့ ဘာမှမထူးမည့်အတူတူ အထဲပဲ ဝင်ခဲ့လိုက်တော့သည်။





ဒီရုံးခန်းကိုရောက်လျှင် ထိုင်နေကျခုံမှာပဲ ဝင်ထိုက်လိုက်၏။ ပြီးတော့ ခါတိုင်း ဒီရုံးခန်းကိုရောက်လျှင် လုပ်နေကျအလုပ်တစ်ခုမဟုတ်သည့် လေ့လာရေးကို စတင်လိုက်သည်။

ဒေါ်မြတ်လေးငုံရှေ့တည့်တည့်နေရာမှာ ထောင်ထားတဲ့ စားပွဲတင်ဓါတ်ပုံမှန်ဘောင်တစ်ခု။ အရင်က ရှိမရှိမသိ။ ခု မှန်ဘောင်ကို အသာ ဆွဲလှည့်ကြည့်လိုက်တော့ အောင်မြေ့ရင်ထဲ အောင့်ကနဲဖြစ်သွားကာ ဘောင်ကို ပြန်လှည့်ပေးထားလိုက်သည်။ ပုံက ဒေါ်မြတ်လေးငုံနှင့်အတူ တွေ့နေကျပုဂ္ဂိုလ်။ ပုဂ္ဂိုလ်က ဒီထဲမှာတော့နုပျိုလို့။

ဓါတ်ပုံဘောင်ဘေးမှာက လိပ်စာကဒ်များထည့်ထားသော ရေသူမရုပ်နှင့် အံ့ခွက်ကလေးတစ်ခု။ ဘယ်ဘက်အစွန်ထောင့် အောင်မြေနှင့်အနီးဆုံးနေရာတွင်က ဖိုင်တွဲတွေစီထည့်ထားသော သစ်သားလေးထောင့်ခွက်ကြီးတစ်ခုရှိသည်။ ဒါကတော့ အရင်ကလည်းတွေ့နေကျ။

ဖိုင်တွေကိုတော့ စိတ်ဝင်စားစရာမဟုတ်၍ မကြည့်ဖြစ်။ လောလောဆယ် အောင်မြေစိတ်ဝင်စားသည်က မြတ်လေးငုံမရှိတုန်း မြတ်လေးငုံ အများဆုံးအချိန်ကုန်လွန်တတ်သည့် အခန်းကျဉ်းကလေးထဲမှ မြတ်လေးငုံ၏ နိစ္စဓူဝဘဝ။ စားပွဲဘေးကစင်ပေါ်တွင် ဥပဒေစာအုပ်များ။ စင်ဘေးကစားပွဲပုလေးပေါ်တွင်တော့ ကော်ဖီထုတ်များထည့်ထားသော၊ ဆွမ်းအုပ်သဏ္ဍာန်ယွန်းကလပ်လေးတစ်ခုနှင့်ဓာတ်ဘူး။

မြတ်လေးငုံက ကော်ဖီတော့ သောက်ပုံရသည်။ နောက် လှ္ဘက်ခြောက်ဘူး။ ရေနွေးကြမ်းကရော၊ သူမ သောက်တာလား. . . ဧည့်သည့်ကို ဧည့်ခံတာလားတွေးနေဆဲ သူလာတိုင်းတော့ ဘာနှင့်မှဧည့်မခံတတ်တာကို သတိရသည်။ သူက ဧည့်သည့်မှမဟုတ်တာဟု တွေးလိုက်မိဆဲ။ ခံစားချက်တို့ နာကျင်လာပြန်သည်။

ခုရော သူ ဒီကို ဘာလို့ရောက်လာတာလဲ။ ကိစ္စတစ်ခုခုတော့ ရှိနေမည်ဖြစ်သော်လည်း ထိုကိစ္စသည် အောင်မြေ့အတွက်တော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ထူးနိုင်မှာမဟုတ်ဆိုတာ သိနေသည်။

မနေ့ကညနေတုန်းက ဒီမနက် ဂျူတီမရှိ၍လာမည်ဟု ဖုန်းကြို ဆက်ထားပါလျက် မရှိဘူးဆိုတာကလည်း စဉ်းစားစရာ။ ချိန်းဆိုထားသည့် အလုပ်တစ်ခုခုရှိလို့ကတော့ သူ့ကို မလာနဲ့ဟုတားမှာပင်။

ခုဟာက လတ်တလောအရေးပေါ် ကိစ္စဖြစ်လောက်သည်ဟု တွေးနေမိပြန်သည်။

တကယ်တော့ အောင်မြေ့မှာလည်း ဒီလို လာထိုင်စောင့်နေဖို့ အချိန်ပိုများများရှိသည်မှမဟုတ်ဘဲ။ စာသင်ဝိုင်းတွေကို ပြန်တိုးလက်ခံ လိုက်မိပြီးသားဖြစ်နေသည်မှာ တစ်လလောက်ပင်ရှိတော့မည်။

တံခါးဖွင့်သံကြားရသော ဖျတ်ကနဲလှည့်ကြည့်မိတော့ အခန်းပြင် က အမျိုးသမီးကြီးဖြစ်နေသည်။

"မြတ်လေးငုံက နည်းနည်းနောက်ကျမှာမို့ ကော်ဖီတိုက်ခိုင်းထားလို့ပါ"

ခုတောင် ထိုင်နေရတာအတော်ပျင်းလာပြီ။ သူမကို ဘာမှပြန်မပြောမိ။

ကော်ဖီဖျော်နေတာကိုပဲ ထိုင်ကြည့်နေလိုက်သည်။ ရေနွေးနှင့် ကော်ဖီမစ်အထုပ်ကို စနစ်တကျစပ်တတ်ဖို့ဆိုတာကလည်း လွယ်သည်ဟု ထင်လျှင် မှားသွားလိမ့်မည်။

ထို့ကြောင့် သူတို့သုံးယောက်ဆို ဘယ်သူ့ကော်ဖီမှဖျော် မပေးကြ။ ရေနွေးအနည်းအများနှင့် ကိုယ့်လိုအပ်ချက်ကို ကိုယ်မှပဲ သိနိုင်သည်ကိုး။

"သောက်ပါဦး. . . မြတ်လေးငုံကို ဖျော်ပေးနေကျအတိုင်း ဖျော်ပေးတာပါ၊ အဆင်ပြေမယ်ထင်ပါတယ်။

မြတ်လေးငုံကို ဖျော်ပေးနေကျအတိုင်းဆိုသည့်စကားနှင့်ပင် ထိုအမျိုးသမီးကို ကျေးဇူးတွေတင်သွားရသည်။





"ဟုတ်. . . ကျေးဇူးတင်ပါတယ်"

"ရော့. . . ဒီမှာက ဖတ်စရာစာအုပ်တွေ"

ဂျာနယ်နှင့်မဂ္ဂဇင်းတစ်ချို့။ အတွေးအမြင်၊ ချင်းတွင်း၊ စံပယ်ဖြူ စာအုပ်ကလေးတွေက သေးသေးပါးပါးလေးတွေနှင့် အထဲမှာ အလေးကြီးတွေပါသည့်မဂ္ဂဇင်းမျိုးတွေ။ ခုလိုချိန်မှာ ဒါတွေကို အာရုံစိုက်ဖတ်နိုင်လောက်အောင် အောင်မြေ့မှာ ပါရမီမပါလာသေး။

ကော်ဖီကို တစ်ငုံသောက်ကြည့်လိုက်သည်။

ကော်ဖီက နက်(စ်)ကော်ဖီ ရွှေဝါရောင်အထုပ်။ ထည့်ထားသည့် ရေနွေးမမာဏနှင့် အရသာကကွက်တိ။ အောင်မြေ ဘာကို ကျေနပ်မှန်း မသိကျေနပ်သွားရသည်။

ကော်ဖီခွက်ကိုပြန်ချရင်း လက်က ဘေးရှိဖိုင်တွဲတွေကို အလိုလို ဆွဲလှန်မိလျက်သားဖြစ်သွား၏။

သူတစ်ပါးနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကြည့်ရန် အောင်မြေ ဆန္ဒမရှိပါ။ လက်က အလိုလိုသွားဆော့မိခြင်းသာဖြစ်သည်။ သို့သော် ဖိုင်တွဲ၏ခေါင်းစဉ်က သံလွင်နီဖြစ်နေသဖြင့် လက်များက အလို လိုတုံ့သွားရသည်။

လက်ကိုပြတ်ရုတ်လိုက်ပြီးမှ နီ ဒီကိုလာတာ တခြားကိစ္စဆိုတာ ဒါကြောင့်ကိုးဟုလည်း တွေးလိုက်မိသည်။

မြတ်လေးငုံသည် နီ့အဒေါ်လည်းဖြစ် ဥပဒေအကြံပေးနှင့် တိုင်ပင်ဖော်လည်း ဖြစ်နိုင်သေးသည်ပဲ။ ဒီတော့မှ အချိန်များစွာ စာထဲနှစ်ထားခဲ့မိ၍ နီနှင့်ပတ်သက်၍ ကိုယ် ဘာမှမသိခဲ့တာကို သွားသတိရသည်။

ဟိုစဉ်ကတော့ သူငယ်ချင်းဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိတွေပဲ၊ ဘာညာစရာ ထိန်ချန်စရာရှိလဲဟုတွေးတာ အချင်းချင်း စိတ်တွေမကောင်းဖြစ်ခဲ့ကြရသေးတာကို သတိရမိပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်မြေ ပြုံးလိုက်မိသည်။

တကယ်တမ်းကျတော့ သူတို့ဟာ ဖြူပြောသလို တကယ့်ကို လူ လားမမြောက်သေးသောသူများ ဖြစ်နေသည်ပဲ။

နီဆိုသည့်နာမည်ကြောင့် လက်က ဖိုင်တွဲဆီ ဒုတိယအကြိမ် လက်လှမ်းမိလျက်သားဖြစ်သွားရသည်။ ပြီးမှ လက်ကိုပြန်ရုတ်ရင်း ကော်ဖီခွက်ကို ပြန်ကောက်ကိုင်လိုက်သည်။ ဒုတိယသောက်မိသော ကော်ဖီတစ်ငုံသည် ပထမတစ်ငုံနှင့် အရသာမတူတော့သလို အရသာ မထိတော့သလို အာရုံကလည်းမမိတော့။

နောက်ဆုံးတော့ နီ့နာမည်ထိုးထားသော ဖိုင်တွဲကို အကျအန ဖွင့်လိုက်မိလျက်သား ဖြစ်သွားတော့သည်။

ဤသည်ကပင် အမှားတစ်ခု၏အစဖြစ်တော့သည်။

ဖိုင်ကို စနစ်တကျပြန်ပိတ်ကာ နေရာတကျထားလိုက်ပြီးသည့် တိုင် သူ့လက်တွေ တုန်ခါနေဆဲ။ ထိုတုန်ခါမှုသည် ဘာမှန်း အောင်မြေ လည်းမသိတော့ ဒေါသဆိုသည့်ခံစားချက်လား၊ အံ့သြခြင်းလား၊ ရှက်ရွံ့ ခြင်းလား၊ လွမ်းခြင်းလား၊ ဘာဆိုဘာမှန်းပင် အောင်မြေမသိတော့။

ထိုအချိန်မှာပင် တံခါးဖွင့်သံကြားရသည်။ ကျွီကနဲ တံခါးဖွင့် သံနှင့်အတူ ထွေးယိုင်ပြိုင်ဆင်းလာသည်က ရယ်မောသံများ။ ယောကျ်ား တစ်ယောက်နှင့် မိန်းမတစ်ယောက်၏ ကြည်လင်ကြည်နူးစွာ ရယ်မော သံများ။

"စောင့်နေရတာကြာပြီလား မောင်အောင်မြေ၊ အားနာလိုက် တာ၊ အန်တီက ကိစ္စလေးတစ်ခုရှိတာ မေ့နေတာနဲ့"

"ရပါတယ်"

တစ်စုံတစ်ယောက်က ဝင်ပြောပေးသလိုထွက်သွားသော နှုတ် ထွက်စကားကြောင့် ကိုယ့်ကိုယ်ကိုပင် တအံ့တသြ။ မေ့နေတဲ့ကိစ္စဆိုတာ ခုလိုကိစ္စလားဟု မေးချင်သည့်စကားလုံးများ ကျထွက်မလာခဲ့။





အောင်မြေ သည်လည်း လူ့စည်းဘောင်များထဲတွင် အသားသေနေခဲ့ပြီးပြီပဲ။

ဒေါ်မြတ်လေးငုံနှင့်ပါလာသောပုဂ္ဂိုလ်က 'အလုပ်ရှိရင်လုပ် လေ၊ ကိုယ် အပြင်ကစောင့်မယ်' ဟုဆိုကာအောင်မြေ့ကိုတစ်ချက် ဝေ့ကြည့်ရင်း ထွက်သွားသည်။

"မကြာဘူး ကို၊ ခဏပဲ... ဒါပြီးရင် ငုံ အားပြီ"

"အိုကေ"

တဖက်ကို ချိုရွှင်စွာလှမ်းပြောပြီး သူ့ဖက်ပြန်လှည့်လာသည်။

"ကိစ္စကတော့ ဒီလိုကွဲ့၊ မောင်အောင်မြေလည်း ဒီလကုန်ရင် အလုပ်သင်ပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီအတွက် ပညာသင်ထောက်ပံ့ကြေးကို ရပ်လိုက်တော့ဖို့ ပြောမလို့ပါ"

"ရပါတယ်"

အောင်မြေ့ဖြေသံက အသက်မပါ။ စောစောကလိုပင် တစ်စုံ တစ်ယောက်က ဝင်ပြောပေးနေသလို လျှောလျှောလျူလျူကို ထွက်ကျ လာနေသည်။ ဒီကိစ္စကိုများ ခေါ်ပြောနေရသေးလား။ စပေးတုန်းက လည်း သဘောတူညီမှုကို မေးမြန်းပြီးမှ ပေးခဲ့တာမဟုတ်တာ၊ ခုလည်း စပေးတုန်းကလို မသိလိုက်မသိဘာသာ ရပ်ပစ်လိုက်တော့ ရောဘာ ဖြစ်မှာမို့ လဲ။

သို့သော် သူ စကားတစ်လုံးမှ ပြန်မပြောဖြစ်ပါ။ သူ့ကို အကဲ ခတ်သလိုကြည့်နေသော မြတ်လေးငုံကိုလည်း သူ ခပ်စူးစူးပြန်ကြည့် နေမိသည်။ ထိုအကြည့်တွင်တော့ စကားလုံးများစွာပါနိုင်သော်လည်း ရောထွေးနေသဖြင့် သူမ ဘာသာပြန်တတ်လိမ့်မည်မဟုတ်တာလည်း သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲမဟုတ်လား။ ကျွန်တော်သွားလိုက်ပါဦးမယ် အစ်မ"

"ကောင်းပါပြီ"

အောင်မြေ ထိုင်ရာမှထလိုက်သည်။ တံခါးနားရောက်ခါနီးမှ ပြန် လှည့်ကြည့်ရင်း . . .

"ဒါထက်"

"ပြောပါ"

"ကော်ဖီအတွက် ကျေးဇူးတင်ပါတယ်၊ အကျိုးဆောင်မှုအတွက် ကျေးဇူးတင်ပါတယ်၊ တာဝန်နဲ့ဝတ္တရားအရ တာဝန်ကို ကျေပြွန်အောင် လုပ်တတ်တာလေးကိုလည်း လေးစားပါတယ်"

ကျောခိုင်းထွက်ခဲ့ချိန်တွင် မြတ်လေးငုံ အောင်မြင်စွာပြုံးကျန်ခဲ့ မလား။ ဇဝေဇဝါဖြစ်ကျန်ခဲ့မလား အောင်မြေမသိလိုတော့။ သေချာတာ ကတော့ အရာအားလုံး ဂွမ်းထိုးမှောက်ခဲ့. . .။

■





# [ ၄ ]

## TRUST
## (Knight of cup)



www.burmeseclassic.com

www.burmeseclassic.com



( ၄ )

ဒီည ကျော်ကြားက နိုက်ဂျူတီကျသည်။ အိမ်မှာမရှိ။ သူတို့လည်း နှစ်ကာလတစ်ချို့ကြာအောင် အောင်မြေနှင့်အတူ လာဒုက္ခခံနေပေးပြီးပြီ။

ခုတော့ သူတို့ကိုယ်၌က ပြန်မသွားချင်သေး၍ မပြန်ကြသေး။ သို့သော် တစ်နေ့တော့ တစ်လမ်းစီသွားရမှာကိုသိနေကြသည်။ ငယ်ငယ်တုန်းကတော့ ဒီသူငယ်ချင်းတွေသာ တစ်ကမ္ဘာဟုထင်ခဲ့ဖူးသည်ပဲ။ ထင်ရလောက်အောင်လည်း ဒီသူငယ်ချင်းတွေက သူ့ကို ကမ္ဘာလေးတစ်ခုတည်ပေးခဲ့သည်ကိုး။

အနားမှာအတူနေခဲ့ပေးသော တံခွန် နှင့် ကျော်ကြား၊ အဝေးကနေ အားအင်ဖြစ်စေခဲ့သော နီ နှင့် ဖြူ"

နီအကြောင်းတွေးမိပြန်တော့ လူက အလိုလို ငြိမ်သက်သွားရသည်။

တကယ်တော့ သူငယ်ချင်းတွေအားလုံး ကံမကောင်းသောသူ





အပေါ် တကယ်တာဝန်ကျေခဲ့ကြသည်။ ဒီသူငယ်ချင်းတွေကို ပြန်ပြီးတာဝန်မကျေနိုင်သေးတာက အောင်မြေ။ ဒါတွေဟာ ကျေးဇူးတရားဆိုလျှင်လည်း ဆိုထိုက်သည်ပဲ။ ဘယ်သောအခါမှ ဆပ်ကုန်နိုင်မည်မဟုတ်တာလည်း သိနေသည်ပဲ။ ကိုယ်က သူတို့၏စေတနာနှင့် ကျေးဇူးတရားကိုသိလေ ဆပ်မကုန်နိုင်လေ ဖြစ်နေသည်ကိုး။

"အောင်မြေ"

တံခွန်က အစောကြီးတည်းက ဝင်အိပ်နေရာကနိုးလာသည်။

"အင်း"

"မင်း. . . ထမင်းစားပြီးပြီလား"

"ဟင့်အင်း. . . မင်း မနိုးသေးလို့စောင့်နေတာ"

"ဘာလို့စောင့်နေတာလဲ၊ နိုးတာမဟုတ်ဘူး"

"မင်း. . . နိုက်တွေဆက်ပြီး အိပ်ရေးပျက်ထားတာပဲ၊ ငါလည်းမဆာပါဘူး"

"ငါတော့ဆာပြီ"

"လာလေ. . . ငါ အပြင်က ကြက်သားသုတ်ဝယ်လာတယ်၊ ထမင်းနဲ့စားကြတာပေါ့"

နှစ်ယောက်သား ထမင်းစားခန်းထဲဝင်ခဲ့ကြသည်။

ကြက်သားသုတ်အရသာကို မခွေးဘဲ စားပစ်လိုက်ကြသည်။

"ဒါထက် မင်း မနက်က ဒေါ်မြတ်လေးငုံဆီ သွားတယ်ဆို"

"အင်း"

"မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ်"

တံခွန်က အောင်မြေ့ပုံစံကိုကြည့်ကာ ရယ်သည်။

"ဘာလဲ တွေ့ခဲ့တာမှ နှစ်ယောက်တောင်လား"

"အင်း. . . ဆိုပါတော့. . . "



www.burmeseclassic.com

www.burmeseclassic.com



တံခွန် ရယ်နေရာက အားနာပြီးတည်သွားသည်။ ပြီးမှ အားမလို အားမရနှင့် 'မင်းကွာ'. . . ဟု ဆိုသည်။

"ဘာတဲ့လဲ၊ ကိစ္စက မင်းကို သက်သေလက်မှတ်ထိုးခိုင်းတာလား"

တံခွန်က ရွဲ့သည်။

"ဟင့်အင်း. . . မဟုတ်ပါဘူး"

ရွဲ့မှန်းသိသိကြီးနှင့် ငြင်းနေမိသေး၏။ တံခွန်က သရော်တော်တော်ရယ်သည်။ ပြီးမှ ထအော်၏။

"ရွဲ့တာဟ. . . ရွဲ့တာ"

"သိသားပဲ"

"သိတာကို လာရှင်းနေသေးလား"

"မဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"ကဲ. . . ပြောပါ. . . ကိစ္စကို"

"ကိစ္စက ပညာသင်ထောက်ပံ့ကြေး ရပ်လိုက်တော့မယ့်ကိစ္စ၊ အလုပ်သင်လည်းပြီးတော့မှာမို့. . . တဲ့"

"အင်းလေ၊ ရပ်လိုက်ပေါ့၊ ပေးတုန်းကလည်း သူတို့ဘာသာပေးတာ၊ ရပ်တော့လည်း သူတို့ဘာသာရပ်ပေါ့၊ မင်းက မရပ်နဲ့ဆိုလည်း ရပ်မယ့်ကိစ္စများ ခေါ်ပြောနေရသေးလား"

တံခွန်က အောင်မြေပြောချင်နေခဲ့သော စကားလုံးများကို ပြောနေသည်။ ကိုယ်ပြောခွင့်မသာလိုက်တာတွေ သူပြောနေတော့လည်း နားထောင်လို့ အဆင်အပြေသား။ ဒီလိုအဆင်ပြေမယ်မှန်းသိ ပြောခဲ့ပါတယ် ဟု တွေးလိုက်မိသေးသည်။ သို့သော် အားလုံးပြီးဆုံးသွားခဲ့ပြီပဲ။

"အင်း. . . မင်းပြောတာဟုတ်တယ်"

"မင်းက. . . ဘာမှပြန်မပြောခဲ့ဘူးလား"

"ရပါတယ်ပေါ့"





"ဒါပဲလား"

"ဟင့်အင်း. . . ကျေးဇူးတင်စကားလည်းပြောခဲ့ပါတယ်"

ဘယ်လိုကျေးဇူးတင်စကားလည်းဆိုတာကိုတော့ အောင်မြေ ပြောမပြလိုက်တော့။

"မင်းက နှစ်ယောက်တောင်တွေ့ခဲ့တယ်ဆိုတော့ သူတို့က တစ်ရုံးတည်းထိုင်လို့လား"

"မဟုတ်ပါဘူး၊ အပြင်က အတူဝင်လာကြပြီး အပြင် အတူပြန်ထွက်ဖို့လုပ်နေတာကို တွေ့ခဲ့တာ"

"အော်. . . အော်. . . ဒါကြောင့် အောင်မြေတစ်ယောက် ဘဲလည်လိမ်သလိုဖြစ်နေတာ"

"ကြက်လည်လိမ်လုပ်ပါကွာ"

"မင်းက ကြက်မှမဟုတ်တာ"

တံခွန့်စကားကြောင့် စိတ်ရှုပ်ရှုပ်နှင့် ရယ်မိသေးသည်။ တကယ်တမ်းက ဒီလိုမြင်ကွင်းတွေက ဒီလောက်ထိ မထင်ရှားတာက လွဲလျှင် တွေ့ မြင်နေကျပဲ။ မတိုက်ခင်တည်းက ရှုံးမည့်စစ်မှန်းလည်း သိနေပြီးသားပဲ၊ ဒါတွေထက် စိတ်ရှုပ်ထွေးစရာတစ်ခုကို တွေ့လာရတာ ဆိုတာကိုတော့ အောင်မြေ တံခွန့်ကို ပြောသင့်မပြောသင့် စဉ်းစားနေမိသည်။

ပြောလျှင်တောင် တံခွန်တစ်ယောက်တည်းကိုပဲ ပြောနိုင်သော စကားမှန်းသေချာပါလျက် ပြောသင့်မပြောသင့်က စဉ်းစားမရ၊ ဒီလူနှင့် ဒီလူတွေကြားမှာ လျှို့ဝှက်ချက်ဆိုတာက မရှိသင့်ဟု တံခွန်ကဆိုချင်ပေလိမ့်မည်။ သို့သော် သူတို့မသိသော လျှို့ဝှက်ချက်ကြီးက နဂိုတည်းက ရှိနေခဲ့ပြီးဖြစ်သည်။

"ဟေ့ကောင်"

"ဟမ်. . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . ဘာတွေတွေးနေတာလဲ"

"ငါတို့သူငယ်ချင်းတွေအကြောင်း"

တံခွန်က လာဖြီးမနေပါနဲ့ ဆိုသည့်အကြည့်နှင့် ကြည့်သည်။ ပြီးမှ . . .

"မင်း သူငယ်ချင်းတွေအကြောင်း တွေးနေတယ်ဆိုလို့ ပြောရဦးမယ်"

"ဘာလဲ"

"မနေ့ကပဲ ကျော်ကြား နီ့ကိုဖွင့်ပြောလိုက်ပြီ"

"ဘာရယ်"

အောင်မြေ သိသိကြီးနှင့် တအံ့တသြဖြစ်ရပြန်သည်။ ထင်ထားတာက ကျော်ကြားတစ်ယောက် ဒီလောက်မသေချာဟု။

"ရော့. . . ကျော်ကြား နီ့ကို ဖွင့်ပြောလိုက်ပြီလို့ပြောတာ၊ ချစ်ကြောင်းကြိုက်ကောင်းပေါ့. . . သိပြီလား"

"အင်း"

အောင်မြေ ခေါင်းညိတ်လိုက်မိသည်။ နီသည် ချစ်စရာကောင်းသော သူငယ်ချင်းမလေးပေပဲ။ ကျော်ကြားလိုကောင်နှင့် ဘာမှသဘောမတူစရာမရှိ။

"ဘာ. . . အင်းလဲ အောင်မြေ"

"အင်းဆိုတာ မင်းပြောတာကိုကြားကြောင်း အာလုတ်သံလေ"

"ဟုတ်လား၊ မင်း ဘာမှမခံစားရဘူးလား"

"ဘာခံစားရမှာလဲ"

အောင်မြေ မျက်မှောင်ကြုတ်ကာပြန်မေး၏။

"နီနဲ့ပတ်သက်ပြီး. . . "

"ဟင့်အင်း. . . မခံစားရပါဘူး၊ မင်းရော ခံစားရလို့လား"

"နီက. . . ငါ့သူငယ်ချင်း"





"ငါ့သူငယ်ချင်းပဲလေ"

တံခွန် ခေါင်းခါသည်။

"မဟုတ်သေးဘူးလေ. . . မင်းမသိဘူးလား"

"ဘာကိုသိရမှာလဲ"

"ကျွတ်"

တံခွန် စိတ်မရှည်စွာစုတ်သပ်သည်။ ပြီးမှ . . .

"နီက မင်းကို သိပ်သံယောဇဉ်ရှိတာ မင်း မသိဘူးလား"

"သိပါတယ်၊ ငါတို့အားလုံး တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်သိပ်ကြီးကြတာ ငါသိတာပဲ"

အောင်မြေ့စကားကြောင့် တံခွန် ခေါင်းကိုရမ်းခါလိုက်သည်။ ဘာမှတော့ဆက်မပြော။ သူ့စိတ်ထဲမှာတော့ အောင်မြေ့ကို တစ်ခုခု ပြော စေချင်နေလိမ့်မည်။

အောင်မြေ့မှာက ဘာမှပြောစရာမရှိ။ လက်နှင့်ဆော့ကာဖွခဲ့မိသော ဖိုင်တွဲတစ်ထပ်ကို ပြန်မြင်ယောင်နေမိသည်။

ဒါဟာ ဖြစ်သင့်တဲ့ကိစ္စမှမဟုတ်တာ။ ခုဆို ပိုတောင်ဝေးသေး။

"နီက ကျော်ကြားကို ဘာပြောတယ်တဲ့လဲ"

"စဉ်းစားပါ့မယ်တဲ့"

အောင်မြေ လက်နဲ့ တစ်ချက်ပြုံးလိုက်မိသလားမဆိုနိုင်။ သူလည်း ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့လုပ်ရမှန်းမသိတာ သေချာသည်။ စိတ်အာရုံနှင့်လူခန္ဓာသည် တစ်ကဏ္ဍစီ ကွဲကွာနေသလို. . . "

"ကောင်းတာပေါ့"

ဒီစကားတစ်ခွန်းကိုတော့ နှစ်နှစ်လိုလိုပြောလိုက်မိသည်။ ဒီအတွက် တံခွန်က သူ့ကို နားမလည်သလိုကြည့်သည်။ တံခွန် နားမလည်သလို လောကကိုလည်း အောင်မြေ နားမလည်ခဲ့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

## CONDITIONING

**(XV - Major)**



( ၅ )

"ဘာပြောလိုက်တယ် အန်တီလေး"

နီ့အသံက တစ်ချက်တော့စူးကနဲထွက်သွားသည်။ အန်တီလေးကတော့ အေးအေးဆေးဆေးပင်။ ထုံးစံအတိုင်း ငြိမ်သက်လွန်းသည်။ သူမလှုပ်ရှားသက်ဝင်နေချိန်ဆို၍ တစ်ချိန်တည်းရှိသည်။ ထိုအချိန်က အန်တီလေး၏ပုဂ္ဂိုလ်ကြီးနှင့် အတူရှိနေသောအချိန်။

"သမီး မကြားလိုက်လို့လား"

"ကြားလိုက်တယ်၊ သေချာချင်လို့ အန်တီလေး"

"ထောက်ပံ့ကြေးငွေရပ်ဖို့ အန်တီလေး သူ့ကိုခေါ်ပြောတယ်၊ အဲဒီနေ့က သူ နီ့ဖိုင်တွဲကို တွေ့သွားပုံပဲလို့ပြောတာ"

"နီ့ဖိုင်တွဲက ဘယ်လိုဖြစ်လို့ သူတွေ့လောက်တဲ့နေရာ ရောက်နေရတာလဲ အန်တီလေး"

နီကလည်း ရှေ့နေကို ရှေ့နေစစ်ပြန်စစ်သည်။

"ဖိုင်တွေရှင်းတယ်၊ ပညာသင်နှစ်ကုန်တဲ့အချက်တွေ ပြန်ဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ထုတ်ထားတယ်၊ အဲဒီအချိန်မှာ ကိုက မနက်စာစားဖို့လာခေါ်တာနဲ့ ပါသွားတာ၊ ဖိုင်တွဲကိုပိတ်လိုက်ပေမယ့် မသိမ်းလိုက်မိဘူး"

နီ ပြုံးလိုက်မိသည်။ အောင်မြေဟာ စပ်စပ်စုစုကောင်မှမဟုတ်တာ။ သူများစားပွဲပေါ်က အလုပ်ဖိုင်တွဲတွေကို ကိုင်ကြည့်ရလောက်အောင် နေမည့်သူမျိုးမဟုတ်ဟု နီယုံသည်။

"ဒါဆို ကိစ္စမရှိပါဘူး၊ အောင်မြေ့ကို နီ ယုံတယ်၊ သူက အဲလောက် စပ်စပ်စုစုနဲ့ စည်းမသိတဲ့သူမဟုတ်ဘူး"

မြတ်လေးငုံက နီ့ကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်သည်။

"သူ ဖိုင်တွဲကိုပြန်ပိတ်ပြီး ထိုင်လိုက်တာကို အန်တီကိုယ်တိုင်မှန်ထဲကတွေ့ပါတယ်ဆို"

နီ သူ့အဒေါ်ကို မြင်ဖူးသလိုကြည့်နေမိသည်။ တကယ်ဆို အန်တီလေးအခန်းတံခါးက မှန်တစ်ဖက်ပါသောတံခါးဖြစ်သော်လည်း ထိုမှန်ကို အထဲက စာအဖြူပါးလေးကာထားသောသည်။ ဇာခန်းဆီးနှင့် လွတ်သည့်နေရာက အသာချောင်းကြည့်မှသာ အခန်းထဲကလူ ဘာလုပ်နေလဲကို မြင်နိုင်မှာဖြစ်သည်။

အန်တီလေးက အခန်းထဲမှာ ဧည့်သည်ရှိနေတာကို သိလို့လား၊ သိဦးတော့၊ ဘာချောင်းကြည့်စရာအကြောင်း ရှိလို့လဲ"

"အောင်မြေလာမှာ အန်တီလေးကြိုသိလား"

"ငါခေါ်ထားတာပဲ"

"ခေါ်ထားတာကခေါ်ထားတာလေ၊ ဒီအချိန် ဒီထဲမှာ အောင်မြေရောက်နေတယ်ဆိုတာ အန်တီလေးသိတော့ရော မဝင်ခင် အခန်းထဲချောင်းကြည့်စရာလိုလား"

"ဘာလို့ ငါက ငါ့အခန်းထဲချောင်းကြည့်ရမှာလဲ၊ ဒီတိုင်း တံခါးမဖွင့်ခင် အမှတ်တမဲ့မြင်လိုက်တာ"





ဒါတွေအားလုံးဟာတိုက်ဆိုင်မှုတစ်ခုဟု နီလက်မခံပါ။ အထူးသဖြင့် အလုပ်ကို ထောင့်စေ့နေအောင်လုပ်တတ်သော သိပ်တိကျသော တစ်စက်ကလေးမှ အစွန်းထင်းမခံလိုသော အန်တီလေးလိုလူ၊ ဒီဖိုင်တွေကို မသိမ်းမိဘူးထားဦး၊ ဘာလို့ နီ့ဖိုင်က အပေါ်ဆုံးမှာ ထင်သာမြင်သာရှိနေရတာတဲ့လဲ။

"ဒါ တိုက်ဆိုင်မှုလို့ နီလက်မခံနိုင်ဘူး အန်တီလေး"

"ဒါဆို အန်တီလေးက တမင်ခေါ်ပြလိုက်ပြီးမှ ညာတယ်လို့ နီ ထင်တာလား"

"တမင်ခေါ်ပြတာမဟုတ်ပါဘူး၊ ခေါ်ထားပြီး တမင်တွေ့အောင် ပြထားလိုက်တယ်လို့ပဲမြင်ပါတယ်"

"နှ"

အန်တီလေး နီ့ကို ခပ်မာမာခေါ်လိုက်သည်။ သို့သော် ထိုခေါ်သံ ကိုက တဆိတ် အားမပါလွန်းဟု နီထင်နေသည်။

စော်ကားမှုတွေကို ဆတ်ဆတ်ထိမခံတတ်သော မြတ်လေးငုံဆိုတာဒီလိုပုံမျိုးမှမဟုတ်ပါပဲ။ သွေးအေးငြိမ်သက်တာကတစ်ပိုင်း၊ မဟုတ် မခံတတ်တာကတစ်ပိုင်း။

"ပြောပါ အန်တီလေး"

"နီ. . . ပြန်လိုက်တော့၊ အန်တီလေး ဘာမှဆက်မပြောချင်ဘူး"

"ပြန်မှာပါ၊ အောင်မြေလာမှာကိုသိတယ်၊ အခန်းထဲ တစ်ယောက်တည်း အချိန်အတိုင်းအတာတစ်ခုထိကြာအောင် တမင်သက်သက် စောင့်ခိုင်းထားတယ်"

တမင်သက်သက်ဆိုသည့်နေရာမှာ နီက တမင် အသံကို ဖိပြောလိုက်သည်။

"နောက်. . . ဖိုင်တွဲကို ထင်သာမြင်သာတဲ့နေရာမှာထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ နီသိတဲ့ အန်တီလေးမြတ်လေးငုံရဲ့ လုပ်ရပ်တွေမဟုတ်ဘူး"

"နီထင်သလိုလည်း အန်တီလေး တကယ်မလုပ်ခဲ့ဘူးလေ"

"ဒါပေမယ့် တကယ်လုပ်ခဲ့တယ်"

"တကယ်ဖြစ်သွားခဲ့ရင်တောင် တမင်လုပ်တာမဟုတ်ဘူး"

စကားလုံးတွေ ရှုပ်ထွေးနေကြသည်။ နီကတော့ မျက်နှာလေးကိုပြန်တင်းလိုက်ရင်း. . .

"သေချာတာကတော့ ဒီကိစ္စမှာ တစ်စုံတစ်ယောက်ရဲ့ အကျိုးပါနေတယ်"

"ဘာ. . . ရယ်. . . ဘယ်. . . လို. . ."

"အဲဒီတစ်ယောက်က အောင်မြေမဟုတ်သလို နီလည်းမဟုတ်ဘူး၊ အဲလိုပဲ ကိုယ့်အလုပ်တာဝန်ကို ကိုယ်သိပ်သိတဲ့ အန်တီလေးအကျိုးလည်း မဟုတ်လောက်ဘူး၊ တစ်နေ့နေ့တော့ အဖြေပေါ်လာမှာပါ နီသွားမယ်"

တိတ်ဆိတ်သောအခန်းထဲတွင် နီ ခွာချွန်ဖိနပ်သံကလေးက တဆိတ်တော့ ကျယ်လောင်နေပေလိမ့်မည်။ သို့သော် စိတ်ထဲက ပေါက်ကွဲသံလောက်တော့လည်း မကျယ်လောင်ပြန်။

နီ ထွက်သွားသောအခါ မြတ်လေးငုံ ခုံပေါ် လေးပင်စွာ ထိုင်ချလိုက်မိသည်။

သူမရှေ့တွင်ရှိနေသည့် ဓါတ်ပုံမှန်ဘောင်ထဲမှ ချစ်သူက သူမကို ရယ်ပြနေ၏။ မြတ်လေးငုံ ဓါတ်ပုံဘောင်ကို မှောက်ချပစ်လိုက်သည်။

တစ်ခါတစ်ရံတွင် သိပ်ကိုထူးချွန်လှပါသည်. . .၊ တိကျမှန်ကန်လွန်းပါသည်. . .၊ ဖြောင့်မတ်မှန်ကန်လွန်ပါသည်. . .ဆိုသည့်မိန်းမများသည် အချစ်ကြောင့် လွဲမှားစွာကျဆုံးခံပစ်လိုက်တတ်ကြတာကို အရင်က မြတ်လေးငုံ အံ့ဩနေခဲ့ဖူးသည်။ ခုတော့လည်း လောကတွင်





ဘယ်အရာကမှ အံ့ဩဖွယ်ရာမရှိတော့။

အမှားတစ်ခုကို အမှန်တစ်ခုသဖွယ် လက်တစ်လုံးခြား ကျူးလွန်လိုက်မိပြီးကာမှ အမှန်ဟန်ဆောင်နေလည်း ကိုယ့်လိပ်ပြာတော့ ကိုယ်အသိဆုံး။ တကယ်ဆို လူနှစ်ယောက်၏စိတ်ဓါတ်နှင့် သိက္ခာကို ထိုးကျွေးပြီးကာမှ သက်သေပြရသောအလုပ်မျိုးကို သူမမလုပ်သင့်။ သို့သော် သူမ လုပ်ခဲ့မိပြီ။ ခိုင်းစေချက်ဟုမပြောနိုင်သော တွန်းအားများကြောင့် မြတ်လေးငုံ အမှားတစ်ခုကို ကျူးလွန်ခဲ့မိသည်။

"ဒီကောင်လေး ငုံ့ကိုကြည့်တဲ့အကြည့်တွေကို မကြိုက်ဘူး၊ နီနဲ့ ပတ်သက်နေတာဆိုလည်း နီ့ဆီပဲ လမ်းကြောင်းတည့်ပေးလိုက်ပါ၊ အဲဒီအကြည့်တွေကို ငုံ လက်မခံချင်ဘူးဆိုရင်ပေါ့"

စိတ်ဓါတ်ကျဉ်းမြောင်းသော ယောကျ်ားတစ်ယောက်၏ တောင်းဆိုချက်ကို မြတ်လေးငုံ လိုက်လျောခဲ့သည်ပဲဆိုပါစို့၊ သေချာတာက သူမ အမှားတစ်ခုမက ဆက်တိုက်ကျူးလွန်လိုက်မိပြီဆိုတာ။ သို့တိုင်လျက် နောင်တတော့မရချင်သေး။ တစ်ခါတစ်ခါတော့လည်း တွယ်ငြိစိတ်များက လူကို ဒုက္ခပေးတတ်မှန်းသိသိကြီးနှင့် ငြိတွယ်နေမိတတ်ပြန်သေးသည်လေ။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

**FRIENDLINESS**

**(2 of cups)**





( ၆ )

ထုံးစံအတိုင်း အရေးအကြောင်းတစ်ခုခုဆို နီ ဖြူထံ ရောက်လာစမြဲ။ ခုလည်း 'ငါမအားဘူး၊ ဇာတ်သိမ်းပိုင်းရေးနေတယ်' ဆိုကာ အတင်းနှင်ထုတ်သည့်ကြားက နီ ရောက်အောင်လာခဲ့သည်။

"ငါ့ဇာတ်ကို အရင်သိမ်းပေးစမ်းပါဟာ" ဆိုသည့် နီ့စကားတစ်ခွန်းနှင့်တင်ဖြူ စာအုပ်ကိုပိတ်ကာ လိုက်ခဲ့ရသည်။

"ဘာဖြစ်လာတာလဲ နီ"

"ဖြစ်လာတာကတော့အစုံပဲ၊ ဖြစ်တာကိုမပြောခင် နင့်ကို ဝန်ခံစရာတစ်ခုရှိတာ အရင်ဝန်ခံမှရမယ်"

"ဘာလဲ. . . နင် ကျော်ကြားကို အဖြေပေးလိုက်ပြီလား"

"ဟင့်အင်း. . . ဒါပေမယ့် ပေးဖြစ်တော့မယ်ထင်တာပဲ၊ ထားပါ၊ အဲဒါက"

"အင်း. . . ထားပါတယ်၊ ဘဝက စာတောင်ဆက်မရေးရမှတော့ အားလုံး ထားလိုက်ပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူက ရယ်ဟဟနောက်သော်လည်း နီ မရယ်။

"အောင်မြေ့ကို ကျောင်းတက်ဖို့ထောက်ပံ့ကြေးပေးနေတာ ငါပဲ ဖြူ"

"အမယ်. . . သိတယ်လေ၊ ဘာများလဲလို့၊ ဒါပဲ ထပ်လာပြောနေတယ်၊ ဘာလဲ ငါ ကျော်ကြား နှလုံးသွေးရပ်သွားအောင် ထပ်နောက်ပေးရမှာလား"

နီ ခေါင်းခါသည်။

"ငါ. . . အတည်ပြောနေတာ ဖြူရဲ့"

"ငါ. . . နင် မင်းသမီးဆိုတာကိုလည်း မမေ့ပါဘူး"

နီ ဘယ်လိုပြောပြော ဖြူမယုံ။ ယုံစရာအကြောင်းလည်းမရှိ။ ဒီစကားကိုပဲ အပ်ကြောင်းတွေထပ်အောင် သူတို့အားလုံး ပြောခဲ့ကြဖူးသည်ပဲ။ အလုအယက်လည်း ဝန်ခံကြဖူးသည်ပဲ။ ကျဉ်းထဲကြပ်ထဲမှာတောင် နီနှင့်ဖြူက ကျော်ကြားကိုရအောင် နောက်ခဲ့ဖူးသေးတာပဲ။

"နင်. . . ခုမယုံသေးပေမယ့် ငါဆက်ပြောရမှာပဲ၊ တစ်နေရာကျ နင်ယုံလာလိမ့်မယ်"

"အဲလိုဇာတ်တွေကိုလှည့်တာက ငါ့အလုပ်လေ နီ"

"နင့်ထက်သာတဲ့သူက ရှိနေတယ်ဖြူ"

"ဘယ်သူလဲ. . . မေသံလွင်နီလား"

"ဟင့်အင်း. . . မဟုတ်ဘူး၊ ကံကြမ္မာ. . ."

ထိုစကားကြောင့် ဖြူ နီ့ကို ခပ်စူးစူးလေး စူးစမ်းသလိုကြည့်သည်။ အဖြေတော့ တွေ့သေးပုံမပေါ်။ ထို့ကြောင့် နီပဲ ဆက်ပြောလိုက်သည်။

"အဲဒီကိစ္စကို ငါ အန်တီလေးနဲ့တိုင်ပင်ပြီး သေချာ စာချုပ်စာတမ်းနဲ့လုပ်ခဲ့တာ၊ ဘဏ်အကောင့်ကိုလဲ သူ့အကောင့်ထဲကပဲ တမင်ထွက်စေခဲ့တာ။ ပတ်သက်ရာပတ်သက်ကြောင်းတွေနဲ့စစ်ရင် ငါ့ဆီက





သူ့ အကောင့်ထဲ ငွေလွှဲလွှဲနေတာကိုသိမှာစိုးလို့ ဘယ်သောအခါကမှလည်း ငါ့အကောင့်ကနေ သူ့အကောင့်ထဲ တိုက်ရိုက်ငွေမလွှဲခဲ့ဘူး၊ ကိုယ်တိုင်ပဲ တစ်ယောက်ယောက်ကိုခိုင်းလို့ သူ့အကောင့်နံပါတ်ထဲ ငွေသား သွား သွားထည့်ခိုင်းခဲ့တာ"

"ဒီထိလည်း ငါယုံတာပဲ"

ဖြူက မျက်နှာပေးလေးနှင့်ဆိုသည်။ နီကတော့ ဘာမှဖြေရှင်းမနေတော့။ သူပြောလိုရာကို ဆက်ပြောဖို့ပဲပြင်လိုက်သည်။

"ဒါပေမယ့် ဟိုတစ်ခါ သူတို့တွေ့လိုက်တယ်ဆိုတုန်းကတော့ အဲဒီကိစ္စနဲ့သွားတာမဟုတ်ဘူး၊ ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ဖို့ကိစ္စ"

"အင်း"

ဖြူက မသက်မသာပုံနှင့် 'အင်း'လိုက်သည်။ ပြောထားပေ့နီရာ၊ ငါက စာရေးဆရာမပါဆိုသည့်ပုံမျိုး။

"ခု သူတို့ အလုပ်သင်ပြီးတော့မှာမို့ ငါက အန်တီလေးကို ထောက်ပံ့ကြေးရပ်လိုက်တော့မယ်လို့ပြောတယ်၊ ဒါကို အန်တီလေးက အောင်မြေ့ကိုခေါ်ပြောသတဲ့၊ ရုံးမှာ သူကချိန်းထားရက်နဲ့ သူ့လူကြီးနဲ့ မနက်စာထွက်စားသတဲ့၊ အဲဒါ အောင်မြေက ထိုင်စောင့်နေရင်း ငါနဲ့ အန်တီလေးရဲ့ အလုပ်ဖိုင်တွဲကိုတွေ့သွားသတဲ့၊ ဖိုင်ကတော့ ငါနဲ့ပတ်သက်သမျှအကုန်ပါပါပဲ။ ဒါပေမယ့် ဒီပညာသင်ထောက်ပံ့ကြေးကိစ္စက ရပ်တော့မှာ မို့ အဲဒီစာရွက်က အပေါ်ဆုံးကတဲ့"

"ဒါကမှ. . . ဇာတ်လမ်း"

ဖြူက နီ့ကိုချီးကျူးသလိုရွဲ့ပြောသည်။

"အဲဒါ ငါ့ဇာတ်မဟုတ်ဘူး၊ အန်တီလေးဇာတ်၊ ဖြစ်နိုင်လား နင်ပဲ စဉ်းစားကြည့်"

"ဇာတ်က နည်းနည်းညံ့တာကလွဲရင် ဖြစ်နိုင်ပါတယ်"

ဖြူ့စကားကြောင့် နီ စိတ်မရှည်သလို စူးစိုက်ကြည့်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ငါက နင့်ကို အကူအညီတောင်းမလို့၊ နင်က ငါ့ကို မယုံဘူး ဆိုတော့"

ဒီတော့မှ ဖြူ နီ့ဘက်ပြန်လှည့်လာကာ. . .

"ကဲပါ. . . ငါဘာလုပ်ပေးရမလဲ"

"ငါ အန်တီလေးကိုမယုံဘူး၊ ဒါ တမင်လုပ်တာလို့ယူဆတယ်"

"သူက ဘာလို့လုပ်ရမှာလဲ"

နီ ဖြူ့ကို တအံ့တသြကြည့်သည်။

"နင်မသိဘူးလား၊ အောင်မြေက အန်တီလေးကို ချစ်နေတာကို နင်လည်း ကြားခဲ့တာပဲ"

"ယောကျ်ားလေးတွေပဲ နီ၊ လျှောက်ပြောမှာပေါ့"

ဖြူ့ ဖြေဆေးကို နီကပယ်ချလိုက်သည်။

"ငါပေါင်းလာတဲ့ကောင်တွေ ဘယ်လိုဆိုတာငါသိပါတယ်"

ဒီလိုကျ ဖြူ ခွန်းတုံ့မဆိုသာ။

"နင်ဆိုလိုတာက အန်တီလေးက သူ့ကို တစ်မျိုးဖြစ်နေတဲ့ အောင်မြေ့ကို နင့်ဆီ လမ်းလွှဲပေးလိုက်တာလို့"

"အဲဒီထက်ပိုမယ်"

"ဘယ်လိုကြီးရယ်"

ဖြူက တအံ့တသြပြန်မေးသည်။

"သူ့လူအတွက်လုပ်တာဖြစ်မယ်လို့ ငါတွက်လို့ထားပါ။မသေချာတာတွေ ငါမပြောချင်ဘူး၊ သေချာတာပဲပြောရအောင်"

"သေချာတာကဘာလဲ"

"နင် အောင်မြေ့ဆီသွားဟာ"

"ဟင်. . . သွားပြီးဘာလုပ်ရမလဲ"

"သူ တစ်ခုခုကို တကယ်သိထားရင် နင့်ကိုပြောမှာပဲထင်လို့"





ဖြူက ခေါင်းခါသည်။

"မထင်ပါနဲ့၊ အောင်မြေက အဲလိုမဟုတ်ပါဘူး၊ အထူးသဖြင့် သူ တကယ်သိထားရင်တောင် နင့်သိက္ခာနဲ့ပတ်သက်နေတဲ့အတွက် ပိုပြီး မပြောလောက်ဘူး"

နီ အကြံရခက်သွားပုံရသည်။

ဖြူကတော့ ခုထိကြားနေကျ ကောလဟာလတွေ အတည်ကြီး ဖြစ်သွားတာကို ဘယ်လိုယုံရမှန်းမသိဖြစ်နေဆဲ။

"နေပါဦး နီ၊ ငါမေးပါဦးမယ်"

"မေး"

"နင်ကရော ဘာလို့ အောင်မြေ့ကို ဒီနည်းနဲ့ ထောက်ပံ့ခဲ့ရတာလဲ"

"ရော. . . အောင်မြေဆိုရင် မယူမယ့်သူမို့ပေါ့ ဖြူရာ၊ ဒါ မေးစရာလား"

ဖြူလိုချင်သည့်အဖြေက ဒါမဟုတ်။

"ဟင့်အင်း. . . ငါဆိုလိုတာက နင် ဘယ်လိုစိတ်ကလေးနဲ့ ဒီလို လုပ်ခဲ့တာလဲဆိုတာ သိချင်တာ"

"ဖြူရာ. . . မရစ်ပါနဲ့၊ သူငယ်ချင်းတစ်ယောက်ကို ကူညီတာလေ"

"ဒါဆို ဘာဖြစ်လို့ ဘယ်သူမှမသိအောင် လျှို့ဝှက်သည်းဖိုတွေ လုပ်ခဲ့ရတာလဲ"

"နင်တို့သိရင် အောင်မြေသိမှာပဲ၊ ဘယ်သူမှမသိတာက အကောင်းဆုံးလေ၊ ဒါတောင် အတင်းကြီးစုံစမ်းခဲ့သေးတာပဲ"

"နင့်အန်တီလေးက အဲလိုလုပ်လိုက်တာ သူ့အတွက် တစ်ခု တည်းလား၊ နင့်အတွက်ရောမပါဘူးလား"

ဖြူ့စကားကြောင့် နီ့မျက်နှာလေး နီချင်ချင်ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သူငယ်ချင်းတွေ၊ ဘာမှမဖြစ်ဘူး၊ နောက်မှ မျက်နှာချင်းဆိုင်ဖွင့်ပြောပြလိုက်လည်း ကိစ္စကပြီးသွားပြီ၊ ခုကျတော့ တခြားကနေ ခုလိုနည်းကြီးနဲ့ သိသွားရတာက ငါ အောင်မြေ့ကို ဘယ်လိုရင်ဆိုင်ရမှန်း မသိဘူး"

"ဒီတိုင်းပဲရင်ဆိုင်လိုက်ပေါ့ နီ၊ ဟုတ်တယ်၊ ငါ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာလုပ်တာ၊ နင်လက်မခံမှာစိုးလို့ ဒီလိုလုပ်ရတာလို့ ပြောလိုက်ရုံပေါ့"

"အဲဒါကြောင့် နင့်ကို အကူအညီတောင်းချင်တာ၊ ခုနက စကား မဆုံးသေးဘူးလေ၊ သူက တစ်ခုခုပြောခဲ့ရင် နင်နဲ့ငါ တစ်ဝက်စီ ပေါင်းပေးတယ်လို့ ပြောရအောင်နော် ဖြူ"

"အမ်. . . ငါက ဘယ်ကပါလာရတာလဲ"

"လုပ်ပါ. . . ဖြူရယ်"

"နင်တစ်ယောက်တည်းဆိုလည်း အောင်မြင်ကခွင့်လွှတ်မှာပါ"

"တစ်မျိုးထင်သွားမှာစိုးလို့ပါ ဖြူရာ. . . နော်"

ဒီကိစ္စက တစ်မျိုးမကကြီးလည်း တွေးချင်တွေးပစ်နိုင်သလို နားလည်မှုနှင့်လည်း နားလည်ပစ်လိုက်လို့ရသောကိစ္စကြီး ဖြစ်သည်။ သေချာတာက အောင်မြေက မတွေးလျှင်တောင် တံခွန်တို့ ကျော်ကြားတို့ နားလည်နိုင်ဖို့က သိပ်မသေချာ။

ဖြူတောင်မှ နီ့ကိုသိပ်နားမလည်။ ဖြူတို့လည်း ဒီသူငယ်ချင်းကို တကယ်ကူညီချင်ခဲ့သည်ပဲ။ သို့ပါလျက် လက်မခံနိုင်တာသိတာရော ရှယ်တူချင်းမို့ သိပ်တာဝန်မရှိဟုယူဆတာရော တတ်နိုင်သလောက်လည်း ချက်ပြုတ်ဝယ်ချမ်းပေးနေတာရောကြောင့် နီ့လိုလုပ်ဖို့ တစ်ခါမှ မတွေးဖူးခဲ့။ တော်ရုံစိတ်နှင့် နီ ဒီလောက်အပင်ပမ်းခံမှာမဟုတ်ဆိုတာကိုတော့ ဖြူ နားလည်နေမိသည်။

ဖြူ့စိတ်ထဲမှာက ခုထိမရှင်းသေး။ တစ်ခုခုမက ကျန်နေသေးသည်ဟု ခံစားနေရပါသည်။

နီက သူငယ်ချင်းကို ဘယ်သူမှမသိအောင် ထောက်ပံ့ချင်သည်။ သူ့အန်တီလေးက ကူညီသည်။ ဒီအထိကရှင်းသည်။ မရှင်းတာက ကိစ္စလွယ်လွယ်လေးကို ဘာလို့ ရှင်းရခက်နေသလိုဖြစ်နေရတာလဲ၊ သူ့အပေါ် တမင်လုပ်သည်ထားဦး၊ တမင်လုပ်တာလို့ ဟိုကဝန်မခံဘဲ ဘာလို့ အတင်း ထင်နေရတာလဲ။

မေးခွန်းတွေက အများကြီးကျန်သေးသည်။

"နီ"

"ပြော. . . ဖြူ"

"နင့်ကို ငါကူဆိုကူမယ်၊ ဒါပေမယ့် နင် ငါ့ကို အမှန်အတိုင်း ပြောဖို့တော့ လိုလိမ့်မယ်ထင်တယ်"

"ငါပြောတာ အမှန်တွေချည်းပဲလေ"

"ကျန်နေသေးသလိုပဲ"

နီ ဖြူ့ကိုမကြည့်ဘဲ မျက်နှာလွှဲနေကာ သက်ပြင်းခိုးတစ်ခုကို ချသည်။ မင်းသမီးတစ်ယောက်ဆိုပေမယ့် တကယ့်လက်တွေ့ဘဝမှာတော့ နီ သရုပ်မဆောင်နိုင်တာသေချာသည်။ နီ့ပုံစံက တစ်ခုခုကို ထိန်ချန်ထားတာ အထင်းသား။

အတော်ကြာမှ နီ ပြန်လှည့်လာသည်။

"အန်တီလေးပြောသလို တွေ့သွားရုံလောက်ဆို အရေးမကြီးဘူး၊ သူကိုယ်တိုင်ခေါ်ပြီး ဇာတ်စုံခင်းပြလိုက်ပြီးကာမှ အမှတ်တမဲ့ဖြစ်သွားရတာဆိုတာမျိုး လုပ်သွားမှာစိုးလို့"

"ဇာတ်စုံ. . . ဟုတ်လား"

"အင်း"

နီ ရှေ့ဆက်ရန်စကားလုံးတစ်ချို့ကို အပူတပြင်းရှာနေပုံရသည်။ အတော်ကြာမှ . . .







www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . အန်တီလေးကို အကူအညီတောင်းတုန်းက. . ."

"အင်း"

"အောင်မြေဟာ ငါချစ်နေတဲ့သူလို့ ပြောခဲ့မိတယ်၊ ဒါကြောင့် အန်တီလေးကကူညီတာ"

မျှော်လင့်မထားပေမယ့် ရေတွးထင်ထားခဲ့ဖူးသောစကား တစ်ခွန်းမို့ ဖြူ သိပ်မအံ့သြမိ။ ထိုစကားတစ်ခွန်းနှင့်တင် အရာအားလုံး ရှင်းလင်းသွားရပြီ။

ဖြူ ကျန်တာကို စိတ်မဝင်စားတော့။

"နီ. . . အဲဒါ. . . တကယ်ပဲလား"

သရုပ်ဆောင်အတတ်ပညာမပါဖဲ ဝေ့တက်လာသော မျက်ရည်တစ်ချို့နှင့် နီ ဖြူ့ကိုကြည့်သည်။ 'တစ်ချိန်ကပေါ့ ဖြူ' ဟု ခပ်တိုးတိုးရေရွတ်သည်။ ဖြူကတော့ ခုချိန်ထိ ကျန်နေသေးသည့်နီ့မျက်ဝန်းထဲမှ အရိပ်တစ်ချို့နှင့် ဆက်စပ်ပစ်လိုက်သောအခါ အရာရာသည် ရှင်းလင်းသွားခဲ့ရပြီ။

■





[ ၇ ]

**SCHIZOPHRENIA**

**(2 of sword)**



www.burmeseclassic.com

www.burmeseclassic.com



(၇)

ဖြူက အောင်မြေ့ကို တကူးတက ဆေးရုံဂျူတီထွက်ချိန်ထိ လာစောင့်သည်။ အောင်မြေထွက်လာတော့ 'လာ. . . မနက်စာသွားစားကြမယ်' ဟုဆိုကာ ကန်တော်ကြီးထဲခေါ်သွားသည်။

"နင် ငါ့ကို ဘာလို့ ဒီလောက်တကူးတကတွေလာခေါ် လာကျွေးနေတာလဲ"

"နင့်ကို စိတ်ဝင်စားနေတယ်လို့များ စိတ်ကူးယဉ်လိုက်မိသလား အောင်မြေ"

ဖြူ့စကားကြောင့် အောင်မြေရယ်သည်။

"ဘာ. . . စိတ်ကူးယဉ်စရာရှိလဲ၊ တစ်သက်လုံး ဒီလိုနေလာတာ"

"အင်းလေ. . . ဒါဆို နင်ကရော ငါ့ကို ဘာမေးစရာရှိလဲ"

"အေးပါ. . . မတွေ့တာလည်းကြာ၊ ပြီးတော့ ဆေးရုံထိလည်း လိုက်လာတယ်ဆိုတော ကိစ္စတစ်ခုခုများပါသလားလို့"

"အင်း. . . ပါတယ်၊ နို နေမကောင်းလို့သွားကြည့်မလို့"





"ဟင်. . . အဲဒါများ မသွားသေးဘဲ ဒီမှာ အေးအေးဆေးဆေး လာထိုင်စားဦးမယ်"

"အဲလောက်လည်း သေရေးရှင်ရေးမှမဟုတ်တာ အောင်မြေရာ၊ ငါတို့က မရောက်တာကြာတဲ့အနေနဲ့ရော သူတစ်ယောက်တည်း ပျင်းနေမှာစိုးတာရောကြောင့် သွားမှာလေ"

"ဘာဖြစ်တာလဲ"

"အစာမှားတာ. . . မှားပြီး အန်တာ၊ မရပ်တော့တာနဲ့ ညက ဆေးရုံတင်လိုက်ရတယ်၊ ခုတော့ အတော်ကောင်းနေပါပြီ။ ငါတို့ လာသောင်းကျန်းမယ်လို့လည်း ပြောထားတယ်"

"ဘယ်ဆေးရုံလဲ"

". . . မှာ"

စားစရာများမှာနေသဖြင့် စကားက ခဏပြတ်သွားကြပြန်သည်။ စားပွဲထိုးလေး မီနူးများယူပြီး ပြန်ထွက်သွားမှ အောင်မြေက ဖြူ့ကိုကြည့် သည်။

"နင့်မှာ ပြောစရာပါသေးလား"

ဖြူ ရယ်သည်။ ဒီလောက်တောင်ဟန်ဆောင်မကောင်းတာလားဟု ကိုယ့်ဘာသာကိုယ် တွေးမိ၍ဖြစ်သည်။

"ပါတယ်. . . မေးစရာရှိလို့"

ချက်ချင်းကြီးတော့ လိုရင်းကို တည့်တည့်မသွားသင့်ဟု ယူဆကာ ဖြူ ကွေ့ပတ်မေးရပေတော့မည်"

"မေးလေ"

"နင် အမှန်အတိုင်းဖြေနော်"

"ဖြေချင်မှလည်းဖြေမှာပေါ့ ဖြူ"

အောင်မြေက ဖြူ့ကို စသည်။

"ရပါတယ်၊ ငါက နင့်သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ. . . ဘာလဲ"

"ဟိုနေ့ညက ငါတို့လာတော့ နင်ဆီက စကားတစ်ခွန်းကြား လိုက်ရတယ်"

အောင်မြေ တစ်ချက်စဉ်းစားသလို တွေကနဲဖြစ်သွားသည်။

"ဘာလဲ. . . ဘာစကားလဲ"

"နင်. . . ဒေါ်မြတ်လေးငုံကို စိတ်ဝင်စားနေတယ်ဆိုတာ. ."

အောင်မြေ မထိတရိပြုံးသည်။ ခေါင်းကိုမသိမသာညိတ်သည်။

"ဘာလဲ. . . အဲဒါဝန်ခံတာလား"

"အင်းလေ"

နင် နောက်နေတာမဟုတ်ဘူးပေါ့"

"မနောက်ပါဘူး၊ နင်မျှော်လင့်နေတယ်ဆိုလည်း နောက်ဆုတ် လိုက်တော့"

အောင်မြေက အတည်ပြောနေရာမှဖောက်နောက်သည်။ ဒီ လောက်ကတော့ ဖြူလည်းရပါသည်။

"ဘာလို့ဆုတ်ရမှာလဲ၊ ပြိုင်တူရွှေ့တိုးကြတာပေါ့"

ဖြူ့စကားကြောင့် အောင်မြေရယ်သည်။ 'အတော်တောင် တိုး တက်လာပြီပဲ' ဟုလည်း နောက်သေးသည်။

"အဲဒါ နင် ဘာလို့ တကူးတကလာမေးနေတာလဲ"

"မေးရတယ်၊ မေးရတယ် ကိစ္စရှိနေပြီကိုး"

"ဟုတ်လား. . . ဘာကိစ္စလဲ"

အောင်မြေက ဖြူ့ကို တအံ့တသြပြန်မေးသည်။

"နင့်ကို ဒေါ်မြတ်လေးငုံက ခေါ်ပြီး မဟုတ်တာတွေမှ ပြော လိုက်သေးရဲ့လားလို့ ငါတွေးနေတာ"

ပြောပြီးကာမှ ဖြူ ကိုယ့်ကိုယ်ကို ကြိတ်ချိုးကျူးလိုက်မိသလို ရှုံ့ လည်းရှုံ့ချလိုက်မိသည်။ ချိုးကျူးတာက ဒီလိုစကားတွေ လွယ်လွယ်နဲ့





ဟန်ဆောင်ပြောထွက်နိုင်တာ။ ရှုံ့ချတာက ကိုယ်လည်း သူငယ်ချင်းမျက် နှာကလွဲလို့ ဘယ်သူ့မျက်နှာမှ မကြည့်နိုင်တော့တဲ့အဖြစ်ကို။ အင်းလေ ဒေါ်မြတ်လေးငုံတောင် ကြည့်ခဲ့တာမှမဟုတ်ဘဲ။ မသကာ ကိုယ့်တူမ အခြေအနေလေး အရင်စူးစမ်းကြည့်သင့်သည်ပဲ။ ခုတော့. . .။

"ဘာမဟုတ်တာလဲ"

"ငါတို့နဲ့ပတ်သက်နေတဲ့အကြောင်းအရာတစ်ခု အထူးသဖြင့် နှိ"

အောင်မြေ့ခေါင်းထဲ အချက်ပေးခေါင်းလောင်းသံတွေ မြည်လာသလို ခံစားလိုက်ရသည်။

"ဘာလို့မေးတာလဲ. . . ဖြူ နင် တစ်ခုခုသိနေလား"

"ငါမေးတာ အရင်ဖြေပါ"

"သူက တစ်ခုခုခေါ်ပြောတာတော့ မဟုတ်ဘူး. . . . ဒါပေ မယ့်"

အောင်မြေက ဒါပေမယ့်. . . ဟုဆိုတာ စကားကိုချိန်ဆနေပုံရ သည်။

"ဘာ. . . ဒါပေမယ့်လဲ"

"သူ. . . ငါ့ကို အခန်းထဲမှာ အကြာကြီးစောင့်ခိုင်းထားပြီး တစ် စုံတစ်ခုကိုတွေ့အောင် အချိန်ပေးနေခဲ့သလိုပဲ"

"ဘာရယ်"

သိပြီးသားကိစ္စတစ်ခုကို မသိဟန်ဆောင်လုပ်ကာ ပြောလိုက်မိ သော်လည်း အသက်တော့ဝင်နေသည်။ ထို့ကြောင့် ဖြူ ရယ်ချင်လာ သဖြင့် မနည်းထိန်းလိုက်ရသေးသည်။ မျက်မှောင်ကြီးကြုတ်ကာ ပြော သင့်မပြောသင့် စဉ်းစားနေသော အောင်မြေကတော့ သိလိုက်ပုံမပေါ်။

"ဟုတ်တယ်. . . လာမယ့်အချိန် သေချာပြောထားလျက်နဲ့ အပြင်ထွက်သွားတယ်၊ စောင့်ခိုင်းထားတာအကြာကြီးပဲ၊ နောက် တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခုကို ငါတွေ့အောင် စားပွဲပေါ်တင်ပြီး ပြထားသလိုပဲ"

ဖြူ ပြုံးလိုက်သည်။ ဖြူသာမစလျှင် အောင်မြေတစ်ယောက် ဒီ တစ်ခုခုဆိုတာ 'ဘာ'ဆိုတာ စဦးမည့်ပုံမပေါ်။ သို့သော် အောင်မြေ ဆက်ပြော၏။

"အဲဒီဟာကို ငါတွေ့ပြီးတာနဲ့ သူလည်း ပြန်ရောက်လာတာပဲ"

"ဘာလဲ. . . ငါနဲ့နီ ပေါင်းပြီး နင့်ကို ကျောင်းလခပေးနေတယ် ဆိုတဲ့စာရွက်စာတမ်းတွေလား"

အောင်မြေ ဖြူ့ကို မျက်လုံးပြူးကာကြည့်သည်။

"နင်နဲ့နီ. . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ငါတွေ့ခဲ့တာက နီ့နာမည်တပ်ထားတဲ့ဖိုင်တွဲနဲ့ စာရွက်စာတမ်းတွေ"

"အင်း. . . ငါက လိုမှမလိုတာ၊ နီက သူ့တူမလေ"

"ဒါ. . . ဒါဆို. . ."

"အင်း. . . နီနဲ့ငါနဲ့က ဝင်ငွေကောင်းနေတဲ့သူတွေလေ၊ နင့်ကို တော့ စာပဲကျက်စေချင်တယ်၊ ဒါပေမယ့် ဒီတိုင်းကြီးပေးလည်း နင်က လက်ခံမှာမဟုတ်တော့ နီက သူ့အဒေါ်နဲ့တိုင်ပင်တယ်၊ သူ့အဒေါ်ပဲ ဒီလို လုပ်ပေးမယ်ပြောတာ"

အောင်မြေလည်း ဒေါ်မြတ်လေးငုံကို ဘာမှသွားမေးစရာရှိသည့် လူမှမဟုတ်တာ။ ဖြူ စကားကို တဆုံးပြောလိုက်သည်။

အောင်မြေက မျက်မှောင်ကြုတ်လျက်ပြန်မေးသည်။

"သူပဲ အကြံပေး၊ သူပဲ အသက်တမျှထိန်းသိမ်းထားတဲ့ကိစ္စကို ခုကျကာမှ မသိသိအောင် အချိန်ပေးလုပ်တာ ဘာသဘောလဲ"

ဖြူ အောင်မြေ့ကိုကြည့်ကာ ခေါင်းခါမိသည်။

"ညံ့ပါ့အောင်မြေရယ်"





"ဟင်. . . ဘာညံ့တာလဲ"

"နင်က သူ့ကို စိတ်ဝင်စားနေတယ်လေ၊ ဒေါ်မြတ်လေးငုံကို"

"အင်းလေ"

"နင့်ကြည့်ပုံကို သူများတွေက ဘယ်လိုမှသဘောမထားပေမယ့် ဒေါ်မြတ်လေးငုံရဲ့လူကတော့ တစ်ခုမက သတိထားမိပုံရတယ်"

"အဲဒါ. . . ဘာဖြစ်လဲ၊ ယောကျ်ားရှိတဲ့မိန်းမတစ်ယောက်ကို ကြည့်နေတာမှမဟုတ်တာ"

"ဒါပေမယ့်. . . သူလက်မခံနိုင်ဘူးလေ"

"ဒါနဲ့ ခုကိစ္စ ဘာဆိုင်လဲ"

"နင်ဟာ နီနဲ့ပဲသက်ဆိုင်တယ်လို့ပြောပြီး နင့်ဖက်ကိုလှဲပြလိုက်တာပဲ၊ သူမသိထားတာတစ်ခုက အဲဒီကိစ္စက ငါလည်းပါနေတယ်ဆိုတာ"

"အာ. . ."

"ဟုတ်တယ်၊ ဒေါ်မြတ်လေးငုံလုပ်ပုံက ငါ့ကိုလာကြည့်မနေနဲ့၊ နင့်ကိုကြည့်ထားတဲ့သူ နီလို့ နင်သိအောင်ရော၊ သူ့လူသိအောင်ရော လုပ်လိုက်တာပဲ"

အောင်မြေ ငြိမ်သက်သွားသည်။ ဖြူ့ကို မမြင်ဖူးသလိုကြည့်နေသော်လည်း ကြည့်ရတာမြင်ပုံမပေါ်။ အတွေးများက ဖြူ့ကို ကျော်ထွက်သွားပုံရသည်။ သူ ဘာတွေတွေးနေသလဲတော့ ဖြူလည်း မသိချင်တော့။ ခုချိန်မှာ ဖြူသိတာက ဖြူ ဝင်ကလိုက်သော တစ်ခန်းရပ်ကဇာတ်က အောင်မြင်စွာ ပြီးဆုံးသွားပြီဆိုတာ။

"နီရေ. . . ငါတာဝန်ကျေပါပြီ"

စိတ်ကူးနှင့် ရင်ထဲမှလှမ်းပြောလိုက်မိသည်။ အာရုံထဲမှာပင် ဖျော့ တော့စွာပြုံးပြနေသည့် နီ့ကို မြင်လိုက်ရသလို။

■



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း (လေး)

*I want someone to laugh with me,*
*someone to be grave with me, someone to*
*please me and help my discrimination with his or her*
*own remark, and at times, no dount,*
*to admire my actueness and penetration.*

**Robert Burns.**





**CELEBARTION**
**( 9 of pentacles )**



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် ဖြူ့ဆံပင်တွေ လွင့်မျောနေသည်။

"နင့်. . . ဆံပင်တွေ့ တော်တော်ရှည်နေပြီ ဖြူ"

"အင်း. . . မညှပ်ဖြစ်တာ"

"မညှပ်ပါနဲ့၊ နင်နဲ့လိုက်တယ်"

"မလိုက်လည်း ညှပ်ဖြစ်မှာမဟုတ်ပါဘူး"

ဖြူက နို့ကို မျက်လုံးလေးစွေကြည့်ကာ အပြုံးစတစ်ချို့နှင့်အတူ ပြောသည်။ ထိုအပြုံးက အဓိပ္ပါယ်တစ်ခုခု ပါဝင်နေသည်။

"ဘယ်လိုရယ်"

"နင်က မလိုက်ဘူးပြောလည်း မညှပ်ပါဘူးလို့"

"အမယ်. . နင့်ကို ဘယ်သူက ဆံပင်အရှည်ထားခိုင်းနေပြန်တာလဲ"

နို့ မယုံသင်္ကာစကားကြောင့် ဖြူက ရယ်သည်။

"အဲလိုဆိုရင်တော့ထားဖြစ်မယ်မထင်ပါဘူး၊ ခုဟာက ငါ့အတွေးနဲ့ငါပါ"





"အချိန်နဲ့ရောင်းစားမယ်ဆိုတဲ့အတွေးလား"

"အဲဒီထက် နည်းနည်းမြင့်ပါတယ်"

ဖြူ့စကားက အတည်လိုလို အနောက်လိုလို။

ဒီနေ့ ဖြူ့မွေးနေ့။ ခုလို ရေကန်စပ်ဘေးက နေရာလေးမှာ သူတို့ ညနေစာအတူစားဖို့ ချိန်းထားကြသည်။ နို့ရုံးက်ကွင်းက နီးနေတာမို့ ဖြူ စောလာပြီး လာစောင့်ရင်း သူတို့ ဒီနေရာကို အတူရောက်နှင့်နေကြခြင်းဖြစ်သည်။

"နို့"

"အင်း"

"ငါ နင့်ကိုမေးပါဦးမယ်"

"အင်း. . . မေးမယ်ဆိုတာ နင် ဘာလို့ ကျော်ကြားကို ခုထိ အဖြေတစ်ခုခု မပေးသေးတာလဲမှ ဟုတ်ရဲ့လား"

နို့ ရယ်စစအမေးကြောင့် ဖြူပါရယ်မိသည်။

"မေးရသက်သာလိုက်တာ"

"နင်က ငါ့ကို အချိန်ဆွဲထားတယ်ထင်တာလား"

"အဲလိုမဟုတ်တာတော့သိပါတယ်"

"နင်မသိတာက နိုးဆိုလည်းနိုးလိုက်တာမဟုတ်ဘူးလို့၊ တွေးနေတာမဟုတ်လား"

"ခပ်ဆင်ဆင်ပါပဲ"

နို့အကြည့်များက တစ်စူးစူးလေးဖြစ်သွားသည်။

"ဒီလို. . . ဖြူ"

"အင်း"

"ငါ. . . ကျော်ကြားကို သူငယ်ချင်းတစ်ယောက်ထက် ပိုမချစ်ဘူး"

"အင်း. . . ငါသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငြင်းလိုက်ဖို့ကိုကျ မလုပ်ရက်ပြန်ဘူး၊ အငြင်းခံဘဝ ဆိုတာကို ငါကိုယ်တိုင် ခံစားထားရဖူးတော့"

"နီရယ်"

ဖြူ ခေါင်ငုံ့ရမ်းခါကာညည်းသည်။ ဒါ သူမမျက်ဝန်းတွေကို ဖုံး ကွယ်ပစ်လိုက်တာလည်း ဖြစ်နိုင်သည်ပဲ။

"ဟုတ်တယ်. . . ဒါပေမယ့် မကြာခင် တစ်ခုခုတော့ပြောရ တော့မယ်ဆိုတာ သိနေတယ်"

"အင်း ပြောသင့်တယ်လေ"

"ငါသိပါတယ်၊ ဖြူ. . . ငါလေ နင့်ကိုလည်း ကျေးဇူးတင်တယ်၊ ကျော်ကြီးကိုလည်း ကျေးဇူးတင်တယ်"

ဖြူ. . . နီ့စကားကိုနားမလည်။

"ဘာလို့ရယ်. . ."

"နင်. . . နားရှုပ်သွားလား"

"အင်း. . . မရှင်းဘူး"

"ငါ့ရဲ့စိတ်ကို အောင်မြေ သိခွင့်မရအောင် ဇာတ်ထဲဝင်ကပေး တဲ့နင့်ကို ကျေးဇူးတင်တယ်လို့ပြောတာ၊ မဟုတ်ရင် အောင်မြေလည်း ငါ ကျော်ကြီးကို ငြင်းရခက်လက်ခံရခက်သလို တွေဝေနေဦးမယ်လေ"

ဖြူ. . . ခေါင်းညိတ်သည်။

"ကျော်ကြီးကိုက ဘာလို့. . ."

"ကျော်ကြီးကိုက ငါ သူ့ကို စဉ်းစားပေးမယ်လို့ပြောထားမိတဲ့ အချိန်ဖြစ်နေတဲ့အတွက် အောင်မြေအတွက် အမြင် ပိုရှင်းသွားဖို့ အထောက်အကူရတဲ့အတွက်"

ဖြူကရယ်သည်။

"နင်ဟာကရှုပ်နေတာပဲ" ဟုလည်း ကောင်းချီးပေးသည်။ အမှန် တကယ်တော့ လောကကြီးကိုက စနစ်တကျရှုပ်ထွေးနေသော





အစု အဝေးကြီးဖြစ်သည်ပဲ။

ခုဆို ကျော်ကြီးအမေက ဆေးခန်းလေးတစ်ခုလုပ်ပေးသဖြင့် သူတို့သုံးယောက်တစ်လှည့်စီ ထိုင်ကြသည်။ နောက်လထဲတွင် အောင်မြေ က သူ့စကော်လာရထားသောကျောင်းကိုတက်ရန် နိုင်ငံရပ်ခြားသို့ သွားတော့မည်။ အောင်မြေ့ဘဝကတော့ သူထူးချွန်သော ပညာရပ်များ ထဲတွင် မွေ့လျော်လို့။

"ငြင်းရခက်တဲ့ ဘာသာဗေဒကိုနားလည်သလို လက်မခံနိုင်ဘဲ လက်ခံရလည်းခက်တယ်ဆိုတာ နင်သိမှာပါ. . . နီ"

"အင်း. . . သိတယ်"

"ငါက. . . နင့်ကို နင့်ကိုယ်နင်မသိဘဲ လက်ခံလိုက်မိမှာပဲ စိုးတာ"

နီက. . . ရယ်သည်။

"ဖြူရယ်. . . နင်ကတော့ ငါ့အတွက် တကယ်တွေးပေးနိုင်တဲ့ ငါ့ကို နားအလည်နိုင်ဆုံး သူငယ်ချင်းပါပဲ"

ဖြူ့ထံမှ မျက်စောင်းတစ်ချက် လှပစွာဝဲလွင့်လာသည်။ ထို မျက်စောင်းလေး၏အဆုံးသပ်ကိုတော့ မမြင်လိုက်ရတော့ ဖြူ တစ်ဖက် သို့လှည့်သွားသောကြောင့်ဖြစ်သည်။ ဖြူကြည့်ရာသို့လှမ်းကြည့်လိုက် တော့ အောင်မြေ ကျော်ကြီးနှင့် တံခွန်။ သူမတို့ရှိရာဖက်ကို လက် ဝှေ့ရမ်းပြကာ လျှောက်လှမ်းလာနေသည်။

"နင့်ကို နားလည်နိုင်တာ နင့်ခံစားချက်တွေကိုသိလို့ပေါ့ နီ၊ အဲဒီ ခံစားချက်တွေနဲ့ထပ်တူကျတဲ့ ခံစားမှုမျိုးလည်း ငါ့မှာရှိခဲ့လို့ပေါ့ နီ"

ထိုစကားစုတွေကိုတော့ ဖြူ့ထုံးစံအတိုင်း ဖွင့်မပြောဖြစ်လိုက် တော့။ တစ်နေ့နေ့မှာတော့ ဒိုင်ယာရီစာမျက်နှာတစ်ခုခုမှာဖြစ်ဖြစ် ဇာတ်ကောင်တစ်ဦးဦး၏ခံစားချက်တစ်ခုအနေနှင့်ဖြစ်ဖြစ် ရေးထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြစ်လိုက်ရဦးတော့မည်။ လောလောဆယ်မှာတော့ ကသာဖြူဆိုတာ ဇာတ်ရုပ်တွေကို နယ်ရုပ်ကလေးတွေကို ရွှေ့လျားကစားတတ်သူပေါ့။ လက်တွေ့ဘဝမှာကျ သူမရွှေ့လျားနေရသော အကွက်ကလေးတွေကို ပင် သူမ ပြန်ငုံ့မကြည့်မိအောင် နေထိုင်နေမိသောဘဝ။

"နင်တို့က သိပ်စောနေတာလား၊ ငါတို့က နောက်ကျနေတာလား"

အောင်မြေက လှမ်းမေးသည်။ ဖြူ့ကိုကြည့်ကာ နီက ရယ်နေသည်။ အဖြေမပေး။ ဖြူကပဲ ပြန်ပြောလိုက်မိသည်။

"တကယ်တော့ နောက်ကျတာနဲ့စောတာ အတူတူပါပဲဟာ"

ဖြူ့စကားကြောင့် သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတာကို တွေ့သည်။ ဖြူ မသိကျိုးကျွံပြုနေလိုက်သည်။

"နောက်ကျတာနဲ့စောတာ အတူတူပဲဟုတ်လား"

"အင်းလေ"

"ရှင်းနေတာကို ရှုပ်အောင်လုပ်ပြန်ပြီ မိဖြူ"

ကျော်ကြားက မျက်မှောင်ကြုတ်စပြုလာကာ ပြောသည်။

"မရှုပ်ပါဘူး ကျော်ကြားရယ်၊ ဆုကြေးမသတ်မှတ်ထားတဲ့ပွဲ တစ်ပွဲ၊ ဘာတံဆိပ်မှ ရမှာမဟုတ်တဲ့ပန်းဝင်မှုတွေအတွက်က စောတာနဲ့ နောက်ကျတာ အတူတူပဲလို့ဆိုလိုတာပါ"

ဖြူ့စကားကြောင့် ကျော်ကြားအကြည့်တွေက နီ့ဆီ ရွှေ့လျားလာသည်။ နီ့အကြည့်တွေကတော့ ရေပြင်ဆီမှာ။ ရေပြင်ကိုကြည့်လိုက်မည်ဆိုလျှင်တော့ နာမည်ကျော်မင်းသမီးတစ်ဦး၏အပြုံးကို တွေ့ရလိမ့်မည်ထင်သည်။

"ဘာတွေလဲဟာ"

တံခွန်က ထအော်သည်။

"အော်. . . ဘာမှမဟုတ်ပါဘူး၊ ဒီနေရာကို စောရောက်လည်း





ဘာမှမဖြစ်သလို နောက်ကျလို့လည်း ဒါဏ်တပ်မှာမဟုတ်လို့ အတူတူပဲ လို့ပြောတာပါ"

"ဒါများ. . . စာလာဖွဲ့နေတယ်"

"စာဖွဲ့ရမှာက ငါ့အလုပ်လေ"

"နောက်မှာ. . . ဖွဲ့. . . ကဲ. . . ဒီမှာကြည့်. . . "

တံခွန်က သူ့နောက်မှာဝှက်ယူလာသော ဗူးကလေးတစ်ခုကို ရှေ့ ထုတ်ကာဖွင့်လိုက်သည်။

"ဟင်"

ကိတ်မုန့်ဖြူဖြူဖွေးဖွေး သေးသေးလေး။ 'ခင်ကသာဖြူ' ဆိုသည့် နာမည်ကိုတောင် ခက်ခက်ခဲခဲထိုးထားရသည်ထင်သည်။ စာလုံးနှင့် မုန့်ကအပြည့်။

"မုန့်ကသေးသေးလေး"

"ငါးစိပ်ပဲစိပ်လို့ရတယ်"

ဖြူက မုန့်ကလေးကိုကြည့်ကာညည်းတော့ တံခွန်ကဖြေသည်။

"ငါးစိပ်. . . ဆိုတော့ တစ်ယောက်တစ်စိပ်ပေါ့"

"အင်း. . . ဘာလဲ၊ လူပိုခေါ်ထားလို့လား၊ ခေါ်ထားလည်း နင့်ထဲ က ဖဲ့ကျွေးလိုက်"

ကျော်ကြားက ဖြူ့ကိုစသည်။ ခုကျတော့လည်း အားလုံးက ပုံမှန်။

ဘာမှမလုပ်ရသေးခင် ကိတ်မုန့်ကို ဖြူ လက်နှင့်ဆွဲဖဲ့လိုက်သည်။ နီ့ကို အရင်ခွံ့လိုက်သည်။ ပြီးတော့ ကျန်လူများအားလုံး။ အားလုံးကို တမင်ပေပွနေအောင် လိုက်ခွံ့ပစ်လိုက်သည်။

အော်သံဟစ်သံရယ်သံများနှင့် သူတို့နေရာလေး ဆူညံသွားတော့သည်။

ရယ်သံများသည် ထာဝရတည်မြဲနိုင်သောအရာတော့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သိမ်းဆည်းထားလို့ရသောအရာတော့ ဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ထိုရယ်သံများကို ပြန်ထုတ်ကြည့်မိသည့်အခါ ပျော်ခဲ့ဖူးသော အတိတ်အချို့ကို ပြန်မြင်ရင်း သင် ပြုံးမိကောင်းပြုံးမိနိုင်ပါလိမ့်မည်။ ရယ်မောမိကောင်း ရယ်မောမိပါလိမ့်မည်။ နောက်တော့မှ ဝေးကွာမှုကို သင်သတိပြုမိသွားလိမ့်မည်။

သေချာသည်ကတော့ ရယ်သံများနှင့်အတူ မျက်ရည်စက်တစ်ချို့လည်း ကပ်ပါကောင်းကပ်ပါလာနိုင်သေးသည်ဆိုတော့. . .။

မနော်ဟရီ

**8th, June 2009**

**9:13 am**



BURMESE CLASSIC .com

www.burmeseclassic.com